www.burmeseclassic.com

စိုးမိုးစာပေ

# မိုးဆက်လင်းထက်

## ဘယ်ဘက်ရင်အုံမှာလင်းခဲ့တဲ့ဝင်းတိုက်



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

## ပုံနှိပ်မှတ်တမ်း


စာမူခွင့်ပြုချက်အမှတ် - ၅၀၀၈၆၁၀၇၁၁

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၉၀၂၀၈၁၁

အုပ်ဒိုင်း - ကိုမျိုးဆွေသန်း

ထုတ်ဝေသူ - ဒေါ်မိုးသီတာ (စိုးမိုးစာပေ)
(မြဲ-၀၃၇၅၁)
အမှတ် ၁၃၊ ၁၀၇ လမ်း၊
မင်္ဂလာတောင်ညွန့်၊ ရန်ကုန်မြို့။

ပုံနှိပ်သူ - ဦးမြင့်သန်း (မြဲ-၀၄၉၀၂)
စံပယ်အော့ဖ်ဆက်
၆၈၊ စကားဝါလမ်း၊
ဒဂုံမြို့နယ်၊ ရန်ကုန်။

အတွင်းပလင် - ဦးထွန်းဆိုင်

စာအုပ်ချုပ် - ကိုသန်းဌေး

ပုံနှိပ်ခြင်း - ၂၀၁၁ ခုနှစ်၊ စက်တင်ဘာလ။
ပထမအကြိမ်။

အုပ်ရေ - ၅၀၀

တန်ဖိုး - ၁၆၀၀ ကျပ်

၈၉၅ · ၈၃
မိုးဆက်လင်းထက်
ဘယ်ဘက်ရင်အုံမှာလင်းခဲ့တဲ့တိမ်တိုက်/မိုးဆက်လင်းထက် ။ - ရန်ကုန်
စိုးမိုးစာပေ၊ ၂၀၁၁
၁၈၀ - စာ ၊ ၁၃. ၅ x ၂၀. ၅ စင်တီ။
(၁) ဘယ်ဘက်ရင်အုံမှာလင်းခဲ့တဲ့တိမ်တိုက်




"ဒဂုံ တက္ကသိုလ်" ဟူသော ဆိုင်းဘုတ်ကို တွေ့ရသည်။ ထိုဆိုင်းဘုတ်၏ အနောက်ဘက်ဝင်းထဲ ခြေချလိုက်သည်နှင့် ကတ္တရာလမ်းမကြီးကို တွေ့ရ၏။ ထိုလမ်းမကြီးအတိုင်း ဆက်သွားလျှင် လမ်းလေးခွဆုံ အဝိုင်းတစ်ခုရှိသည်။ ထိုအဝိုင်း၏ တစ်ဖက်မှာတော့ စာသင်ဆောင်များ။ စာသင်ဆောင်များက အဝိုင်းမှ တည့်တည့် ထွက်လာသော ကတ္တရာလမ်း၏ တစ်ဖက်တစ်ချက်မှာ တည်ရှိ၏။ လမ်းအဆုံးမှာတော့ ဘွဲ့နှင်းသဘင်ခန်းမပင်ဖြစ်သည်။

သူက အဝိုင်းကို ကျော်လာသည်နှင့် လမ်းဘေးဝဲယာ လမ်းညွှန်ဆိုင်းဘုတ်တွေကို ကြည့်လာသည်။ တစ်နေရာအရောက်တွင် 'ကျောင်းသားရေးရာ' ဟု ရေးထားသော ဆိုင်းဘုတ်တစ်ခုကို သွား

www.burmeseclassic.com

www.burmeseclassic.com



တွေ့သည်။ ဆိုင်းဘုတ်ရေးထားသော လမ်းအတိုင်း သူ ချိုးဝင်လာခဲ့သည်။ ခဏနေတော့ လူတွေ စုရုံးစုရုံးနှင့် ရပ်နေကြသော အဆောင်တစ်ခုကို တွေ့ရသည်။ အဆောင်ထဲသို့ မဝင်သေးဘဲ အဝမှာ ယောင်လည်ယောင်လည်လုပ်ရင်း ဟိုဟိုဒီဒီ အကဲခတ်နေလိုက်၏။ လမ်းတစ်ဖက်က မယ်ဇလီပင်အောက်မှာ တစ်ယောက်တည်း ငေါင်တောင်တောင်နဲ့ ရပ်နေသော မြင့်နိုင်ကို တွေ့လိုက်ရသည်။

ဒီကောင် သူရောက်နေတာကို သတိထားမိပုံမရသေး။ ထို့ကြောင့် လမ်းတစ်ဖက်သို့ ကူးသွားလိုက်ကာ မြင့်နိုင်ကို သွားခေါ်လိုက်သည်။

သူခေါ်သံကြားတော့ မြင့်နိုင် ချက်ချင်းလှည့်ကြည့်၍ ဝမ်းသာသွားသော အမူအရာနှင့် . . .

"ဟ မင်းနဲ့ တွေ့မှတွေ့ပါ့မလားလို့ကွာ၊ ငါမှာ တစ်ယောက်တည်း စောင့်နေရတာကြာပြီကွ"

"အေးကွာ ဘတ်စ်ကားတွေ ကြပ်နေလို့၊ နည်းနည်းနောက်ကျသွားတယ်"

ထို့နောက် မြင့်နိုင်နဲ့သူ ကျောင်းသားရေးရာမှ လမ်းမပေါ်သို့ ပြန်ထွက်ခဲ့လိုက်၏။ လမ်းမကြီးအတိုင်း လျှောက်လာ၍ အင်္ဂလိပ်စာဌာနကို လိုက်ရှာမိသည်။ တစ်နေရာအရောက် အဆောင်နံပါတ်တွေနဲ့အတူ အင်္ဂလိပ်စာဌာနဟု ရေးထားသော ဆိုင်းဘုတ်အတိုင်း ချိုးဝင်လာခဲ့၏။

အဆောင်ထဲရောက်တော့ သူတို့တက်ရမည့် အခန်းကို စုံစမ်း

[redacted]



လိုက်သည်။ သိပ်ကြာကြာတော့ မစုံစမ်းလိုက်ရ။ သွားလာနေတဲ့ လူတွေထဲက ကျောင်းသားတစ်ယောက်ကို မေးလိုက်တော့ အခန်းကို ညွှန်ပြပေးသည်။ သူတို့ တက်ရမယ့် အခန်းနဲ့ နေရာကို သိပြီဆိုတော့ သေသေချာချာ မှတ်ထားလိုက်ကာ အဆောင်ပြင်သို့ ပြန်ထွက်ခဲ့ပါတော့သည်။ စာသင်ဆောင်တွေရှိရာဘက်က လမ်းတစ်ဖက်တစ်ချက် ဝဲယာမှာ မယ်ဇလီပင်၊ ကုက္ကိုပင်နှင့် မလေးရှားပိတောက်ပင် တချို့ကို တွေ့ရပါသည်။

* * *

[redacted]

www.burmeseclassic.com

www.burmeseclassic.com



BURMESE CLASSIC .com

**ကျောင်း** စဖွင့်သည့်ရက်ဆိုတော့ ထုံးစံအတိုင်း အတန်းမတက်ကြသေး။ ဟိုဟိုဒီဒီ လျှောက်သွားရင်း စူးစမ်းသူက စူးစမ်း၊ ပေါ့လားဟားလား လုပ်သူက လုပ်နေကြသည်။ အတန်းကြီးသမားတွေကတော့ ပထမနှစ် စတက်သည့် ဖရက်ရှာလေးတွေဆီ အုပ်စုလိုက် လာစပ်စုကြသည်။ အဓိက ကတော့ ဖရက်ရှာလေးတွေဆီမှာ အလှအပလေးတွေ ဘယ်နှယောက်ပါလဲ လာရောက်စပ်စုခြင်းဖြစ်သည်။

အခုမှ ပထမနှစ်စတက်တဲ့သူတွေကတော့ ယောင်ချာချာ ဘယ်သွားလို့ ဘယ်လာရမှန်းလည်း မသိသေး။ သူငယ်ချင်းအပေါင်းအသင်းလည်း မရသေးသောကြောင့် တစ်ယောက်တည်း ဝေ့ဝိုက်ကြောင်

[redacted]

www.burmeseclassic.com

www.burmeseclassic.com



ကြောင်ဖြစ်နေသူ၊ အခန်းထဲမှာ ငုတ်တုတ်ထိုင်ရင်း ဖြတ်သွားဖြတ်လာများကို ငေးမောနေသူ၊ တချို့ကတော့ ရှိတဲ့အသိမိတ်ဆွေလေးတွေ စုပေါင်းပြီး ဟိုဒီလျှောက်သွားကြသည်။

မြင့်နိုင်နဲ့ သူကတော့ အင်္ဂလိပ်စာဌာနနဲ့နီးတဲ့ ကန်တင်းထဲ ဝင်လာလိုက်သည်။ ကန်တင်းထဲမှာ လူတွေ ပြည့်ကြပ်နေ၏။ ထိုင်စရာ နေရာမရှိ။ မြင့်နိုင်က ဟိုဒီကြည့်ရင်းနှင့် စားပွဲထိုးကောင်လေး တစ်ယောက်ကို လှမ်းခေါ်လိုက်သည်။

ကောင်လေးက သူတို့ကို လှည့်ကြည့်ရင်း "ဝမ်းတီး၊ တူးကော်၊ အုတ်သုတ် ဝမ်း" ဟု အော်၍ ပြေးလာ၏။

"ဘာလိုလဲ အစ်ကို"

"ငါတို့ကို နေရာလေးတစ်ခုလောက် လုပ်ပေးကွာ"

ကောင်လေးက ဆိုင်ထဲကို တစ်ချက်ဝေ့ကြည့်ရင်း . . .

"နေရာတွေကတော့ ပြည့်နေပြီ အစ်ကို၊ လူနည်းတဲ့ စားပွဲတစ်လုံးမှာ ထိုင်လိုက်ပါလား၊ ဟိုမှာ . . ဟိုမှာ ဟိုထောင့်က စားပွဲမှာ အစ်မကြီးတစ်ယောက်ပဲ ရှိတယ်၊ အစ်ကိုတို့ ပြောပြီး သွားထိုင်လိုက်ပါလား"

နှစ်ယောက်စလုံး ကောင်လေးပြောတဲ့ နေရာကို လှမ်းကြည့်လိုက်တော့ ကျောင်းသူတစ်ယောက် ထိုင်နေသော စားပွဲတစ်လုံးကို တွေ့ရသည်။ မြင့်နိုင်က သူ့ကို လှည့်ကြည့်၍ . . .

"လာကွာ အဲ့ဒီမှာပဲ သွားထိုင်ရအောင်"

"ဖြစ်ပါ့မလားကွ"

[redacted]



"ဘာဖြစ်လဲကွာ၊ ထိုင်စရာနေရာမှ မရှိတာ"

"ဒါဆိုလည်း သွားကွာ"

သူရော မြင့်နိုင်ပါ ထိုစားပွဲရှိရာသို့ လှမ်းသွားလိုက်၏။ စားပွဲနားရောက်တော့ မြင့်နိုင်က ချောင်းတစ်ချက် ဟန့်လိုက်သည်။ သူတို့ ရောက်နေတာကို ကောင်မလေး သိစေချင်သည့်သဘော။ ကောင်မလေးက သူတို့ကို လှည့်မကြည့်ဘဲ သူမဘေးတွင် ချထားသော ဟန်းဖုန်းကို ကောက်ကိုင်လိုက်သည်။ မြင့်နိုင် ချောင်းဟန့်ချိန်နှင့် သူမ ဖုန်းလာတဲ့အချိန်က တစ်ချိန်တည်းဖြစ်သွား၍ သတိမထားမိလိုက်တာလည်း ဖြစ်မည်။

"ဟဲ့ နင်တို့ ဘယ်ရောက်နေတာလဲ"

"------"

"အေး အေး . . . ငါ အခု ကန်တင်းရောက်နေတယ်၊ ပြီးရင် လာခဲ့မယ်"

"------"

"ဩော် အေး၊ အဲ့ဒီကောင်က ဘာလာလုပ်တာလဲ"

"------"

"လဲသေလိုက်လို့ ပြောလိုက်၊ ငါ သူ့မျက်နှာကို မကြည့်ချင်ဘူး"

"------"

"ဒါပဲဟာ ငါ ဖုန်းချလိုက်တော့မယ်၊ ပြီးမှ လာခဲ့မယ်"

ကောင်မလေး ဖုန်းချသွားသည်။ ကောင်မလေး ဖုန်းပြောနေစဉ် သူတို့က အလိုက်တသိပင် ရပ်စောင့်ပေးနေကြ၏။ ဖုန်းပြောပြီးသွား

[redacted]

www.burmeseclassic.com

www.burmeseclassic.com



တော့မှ မြင့်နိုင်က ဒုတိယအကြိမ် ချောင်းကို ထပ်ဟန့်သည်။ ဒီတစ်ကြိမ် ချောင်းဟန့်သံကို ပထမတစ်ကြိမ်ယက် ခပ်ကျယ်ကျယ်လေး ဟန့်ထည့်လိုက်၏။

ချောင်းဟန့်သံကြောင့် ကောင်မလေး မော့ကြည့်သည်။ သူနဲ့ မြင့်နိုင်ကို တွေ့တော့ မျက်စိနှစ်လုံးက ပြူးကြောင်ကြောင်လေး ဖြစ်ကာသွား၏။ ဘာမျှပါလိမ့်ဆိုတဲ့ အမူအယာလည်း ဖြစ်သွားလေသည်။

မြင့်နိုင်က ကောင်မလေးကို ကြည့်၍ မဝံ့မရဲနှင့် . . .

"ဟို ဒီ . . ဒီနေရာလေးမှာ တစ် . . တစ်ယောက်တည်း လားဟင်"

ကောင်မလေးက မျက်မှောင်ကျုံ့လိုက်၍ ဘာလာကြောင်တာလဲ ဆိုတဲ့ အကြည့်နဲ့ ကြည့်ကာ . . .

"တစ်ယောက်တည်းဆိုတော့ ရှင်တို့က ဘာလုပ်မလို့လဲ"

မြင့်နိုင် တွန့်ခနဲဖြစ်သွားကာ . . .

"ဘာ . . ဘာမှမလုပ်ပါဘူးဗျာ၊ မေးကြည့်တာပါ"

"ကြောင်တောင်တောင်နဲ့ ဘာမှန်းလည်း မသိဘူး"

ကောင်မလေးက သူ့ဘာသာသူ ညည်းသလိုလိုနဲ့ ပြောသည်။ မြင့်နိုင်က သူ့ကိုကြည့်ပြီး မျက်စပစ်ပြ၏။ လူမရှိဘူး၊ ထိုင်လို့ရသည် ဆိုသည့်သဘော။ သူလည်း နီးရာ ခုံတစ်လုံးဆွဲ၍ ဝင်ထိုင်လိုက်၏။ မြင့်နိုင်လည်း သူ့လိုပင် ဘေးက ခုံတစ်လုံးမှာ ဝင်ထိုင်သည်။

သူတို့နှစ်ယောက် ဝင်ထိုင်တာလည်းတွေ့ရော ကောင်မလေးက





ပြူးပြူးပျာပျာနှင့် . . .

"နင် . . နင်တို့ ဘာလုပ်တာလဲ"

ကောင်မလေးရဲ့ ခပ်ဆတ်ဆတ်အမေးကြောင့် ထိုင်ရမလို ထရမလိုတွေ ဖြစ်ကုန်ကြပြီး . . .

"ထိုင် . . ထိုင်မလို့လေ"

"နင်တို့ကို ဘယ်သူထိုင်ခိုင်းလို့လဲ . . ဘာလဲဟ"

"ဟို . . ဒီမှာ လူမရှိဘူးဆို"

"ဟုတ်တယ်လေ၊ အဲ့ဒါနဲ့ ဘာဆိုင်လို့လဲ"

"လူမရှိဘူးဆိုလို့ ဝင်ထိုင်တာပါ"

"ထိုင်ချင် တခြားနေရာသွားထိုင်ပါလား၊ ဒါ ငါ့နေရာလေ"

"တခြားမှာလည်း နေရာမရှိလို့ပါ၊ အဲ့ဒါ ဒီက တစ်ယောက်တည်း ထိုင်နေတာတွေ့လို့ လူမရှိရင် ထိုင်ချင်လို့ပါ"

ကောင်မလေးက ဆိုင်ထဲကို တစ်ချက်ဝေ့ကြည့်လိုက်သည်။ စားပွဲတိုင်းမှာ လူပြည့်နေတာ တွေ့တော့မှ မျက်နှာက နည်းနည်း လျော့ကျသွားကာ သူ့ရှေ့က ကော်ဖီခွက်ကို ကောက်ကိုင်လိုက်၏။ ဘာမှတော့မပြော။

မြင့်နိုင်က ကောင်မလေးကို မရဲတရဲနှင့် ကြည့်၍ . . .

"ထိုင် . . ထိုင်မယ်နော်"

"ထိုင်"

တစ်ခွန်းတည်းသာ ပြောသည်။ လူမှုရေးအရ ထိုင်ခွင့်ပေးလိုက် သော်လည်း သိပ်ကျေနပ်ပုံမရ။ သူတို့နှစ်ယောက်လည်း အသာအ



www.burmeseclassic.com

www.burmeseclassic.com



ယာ ဝင်ထိုင်၍ စားပွဲထိုးကောင်လေးတစ်ယောက်ကို လှမ်းခေါ်လိုက်၏။

"ဘာတွေရလဲ ညီလေး"

"အစုံပဲ အစ်ကို၊ လက်ဖက်ရည် ကော်ဖီ နွားနို့၊ စားစရာထဲက ဆို အီကြာကွေး စမူဆာ ပေါက်စီ ရှမ်းခေါက်ဆွဲ မြီးရှည် ထမင်းကြော် ခေါက်ဆွဲကြော် . . ."

"ပေါက်စီ ချပေးကွာ၊ အီကြာကွေးလည်း ချ"

"ဟုတ်ကဲ့ လက်ဖက်ရည်လည်း သောက်ဦးမလား"

"အေး ရိုးရိုးတစ်ခွက်ပေးကွာ၊ ဟေ့ကောင် မင်းလည်း သောက်ဦးမလား"

မြင့်နိုင်ရဲ့အမေးကို သူလည်း ခေါင်းညိတ်ပြလိုက်၍ . . .

"သောက်မယ်၊ ငါလည်း ရိုးရိုးပဲ"

"ရိုးရိုးမရဘူး အစ်ကို၊ ဒီမှာ ရှယ်ပဲ ရောင်းတယ်"

"ဒါဆိုလည်း ရှယ်ပေါ့ကွာ၊ ချိုချိုလေးဖျော်ပေးနော်၊ ကျောက်ပန်းတောင်း ဂိတ်ဆုံး"

ကောင်လေးက ခေါင်းကုတ်ရင်း သူတို့တွေကို တောသားတွေဆိုသည့် အကြည့်မျိုးနဲ့ကြည့်ကာ ထွက်သွားသည်။ ကောင်မလေးကတော့ တစ်ချက်သာ မျက်လုံး လှန်ကြည့်ပြီး သူမ လက်ထဲက ဟန်းဖုန်းသေးသေးလေးကို ခလုတ်တွေ လျှောက်နှိပ်နေသည်။ ကောင်မလေးက (message) ရိုက်နေခြင်းဖြစ်၏။ သူတို့ကတော့ ဟန်းဖုန်းကို ကိုင်လည်း မကိုင်ဘူး၊ ပြောလည်း မပြောဘူးသောကြောင့် ဘာတွေ

[redacted]



လုပ်နေမှန်းမသိ ဖြစ်နေခြင်းဖြစ်၏။

ခဏနေတော့ ပေါက်စီနှစ်လုံး ရောက်လာသည်။ မြင့်နိုင်က ပေါက်စီတစ်လုံးကို ကောက်ကိုင်လိုက်ကာ စားမလိုလုပ်ပြီးမှ တစ်ချက် စိုက်ကြည့်လိုက်၏။ ထို့နောက် တစ်စုံတစ်ခုကို စဉ်းစားသလိုလုပ်ပြီး ပန်းကန်ထဲမှာ ကျန်ခဲ့သည့် နောက်တစ်လုံးကို လှမ်းကြည့်လိုက်သည်။

ပန်းကန်ထဲမှာ ကျန်ခဲ့သည့်အလုံးက သူကိုင်ထားတဲ့ အလုံးထက် နည်းနည်းပိုထွားနေသည်။ လူ့စိတ်ဆိုတာလည်း အခက်သား၊ ပိုက်ဆံပေးပြီး စားရတာချင်းအတူတူ ပိုကြီးတာကိုမှ စားချင်ကြသည်။ မြင့်နိုင်လည်း ထိုနည်းလည်းကောင်းပင်။

ထို့ကြောင့် ပထမပေါက်စီကို ချ၍ ပန်းကန်ထဲမှာ ကျန်ခဲ့သည့် ဒုတိယအလုံးကို ကောက်ကိုင်လိုက်၏။ ထို့နောက် ပေါက်စီပတ်ချာလည်ကို အသာအယာပွတ်ကြည့်လိုက်လေသည်။ ချောမွေ့သော ပေါက်စီမျက်နှာပြင်၏ အထိအတွေ့ကြောင့် မြင့်နိုင် စိတ်ကျေနပ်ကာသွား၏။ တချို့ပေါက်စီတွေက အလုံးကြီးသော်လည်း မျက်နှာပြင်က ပျော့တဲ့နေရာက ပျော့၊ မာတဲ့နေရာက မာနေတတ်သည်။ တချို့ပေါက်စီတွေက ရက်ကျန်တွေဆိုတော့ ဖွယ်ဆုတ်ဆုတ်ကြီးဖြစ်နေတတ်၏။ အဲဒါကို မြင့်နိုင်က သိသည်။ ထို့ကြောင့် ပေါက်စီမျက်နှာပြင်ကို လတ်၊ မလတ် အပျော့၊ အမာ ညီ၊ မညီ စမ်းသပ်လိုက်ခြင်းဖြစ်၏။

သူ စိတ်ကျေနပ်လောက်အောင် ပေါက်စီတစ်ခုလုံးကို အသာအယာ လက်နဲ့ပွတ်ပြီး စမ်းသပ်ပြီးသွားတော့ ပေါက်စီကို အဆက်

[redacted]

www.burmeseclassic.com

www.burmeseclassic.com



အောက် ခပ်ဖွဖွလေး တစ်ချက် ညှစ်ကြည့်လိုက်၏။

အထဲက အသား ပါ၊ မပါ စမ်းသပ်တဲ့သဘော။ တချို့ပေါက်စီတွေက အပြင်ပန်းအရသာ အလုံးကြီးသော်လည်း အထဲမှာ အသားကျတော့ သိပ်မပါ။ အဆံချောင်နေတတ်လေသည်။

ထို့နောက် နောက်တစ်လုံးကိုပါ ယူ၍ ပြိုင်တူညှစ်ကြည့်၏။

ထိုအချိန်တွင် . . .

"နင် .. နင်· ဒါဘာလုပ်တာလဲ"

ကောင်မလေးအသံကြောင့် မြင့်နိုင် ရုတ်တရက် ကြောင်သွားကာ . . .

"ဘာလဲဟင်"

"နင် ဒါဘာလုပ်တာလဲလို့ ပြောနေတာ"

"ငါ .. ငါ ဘာလုပ်လို့လဲဟင်"

"ဘာလုပ်သလဲဆိုတာ နင့်ဘာနင် သိပေါ့၊ တောက် .. နင်တော်တော်ရိုင်းတာပဲ"

မြင့်နိုင် ပေါက်စီနှစ်လုံးကို ကိုင်ကာ ကြောင်စီစီဖြစ်နေသည်။ သူလည်း အီကြာကွေးတစ်ချောင်းကို စားမလို့လုပ်ပြီးမှ ပါးစပ်နားမှာတင် ရပ်သွားကာ မြင့်နိုင်နဲ့ကောင်မလေးကို တစ်လှည့်စီ ကြည့်နေမိ၏။

မြင့်နိုင်က ပြူးတိပြူးကြောင်နှင့် . . .

"ငါ .. ငါ နင်ပြောနေတာတွေ တစ်ခုမှ နားမလည်ဘူး၊ ငါ ဘာလုပ်လို့လဲ"

[redacted]



ကောင်မလေးက တောက်တစ်ချက် ထပ်ခေါက်ပြီး မျက်နှာကို တစ်ဖက်လွှဲလိုက်ရင်း . . .

"နင် ဘာလုပ်နေလဲ၊ နင့်ဘာနင် မသိဘူးလား၊ နင် ငါ့ရှေ့မှာ ပေါက်စီကို ဘာလုပ်နေတာလဲ"

အဲ့ဒီတော့မှ မြင့်နိုင်လည်း သူ့အပြုအမူတွေကို တစ်ချက် ပြန်သုံးသပ်ရင်း ဟာခနဲ ဖြစ်သွားတော့၏။

"ဟာ မဟုတ်ဘူး .. မဟုတ်ဘူး၊ ပေါက်စီကို ငါက ဟာ .. ဟိုဟာ ဘယ်အလုံး တင်းပြီး ကြီးသလဲ ရွေးနေတာ"

"ဘာ"

ကောင်မလေး အသံကုန် ခြစ်အော်ပြီး ဝုန်းခနဲ ထရပ်ပစ်လိုက်၏။ ကဲန်တင်းတစ်ခုလုံးလည်း ကောင်မလေးအော်သံကြောင့် မီးကို ရေနဲ့ ငြိမ်းလိုက်သလို ရှဲခနဲ ဖြစ်သွားကြလေသည်။ အားလုံးက သူတို့ဝိုင်းကိုသာ စိတ်ဝင်တစား ဝိုင်းကြည့်နေကြလေသည်။

ငါးပါးတွေတော့ မှောက်ကုန်ပြီဟု သူ့စိတ်ထဲမှာ တွေးလိုက်မိ၏။ မြင့်နိုင်ရဲ့ အကြောင်းကိုတော့ ငယ်ပေါင်းတွေမို့ သူ သိနေသည်။ မြင့်နိုင်ဆိုတဲ့ကောင်က ဘာကြောင့်မှန်းမသိ ပေါက်စီတို့ မုန့်ဖက်ထုပ်တို့ စားရင် ဒီလိုပဲ အမြဲလုပ်တတ်၏။ သူ့ကို အမြဲပြောလည်း မမှတ်၊ ပေါက်စီစားရင် အသေး၊ အကြီး ရွေးသည်။ အထဲက အသား ဘယ်လောက် ပါ၊ မပါ ညှစ်ကြည့်၏။ မုန့်ဖက်ထုပ် စားရင်လည်း ထိုနည်းလည်းကောင်းပင် မုန့်ဖက်ထုပ် ထိပ်ကို ညှစ်ကြည့်သည်။ တစ်ခါက လည်း မုန့်ဖက်ထုပ်နှစ်ခုတို့ ပြိုင်တူယူ၍ ထိပ်နှစ်ဖက်ကို အထဲက

[redacted]

www.burmeseclassic.com

www.burmeseclassic.com



အသား ဘယ်ဟာ ပိုပါ၊ မပါ ညှစ်ကြည့်မိသောကြောင့် မုန့်ဖက်ထုပ်သည်နဲ့ ပြဿနာတက်ကာ ရပ်ကွက်ရုံးတွေ ဘာတွေအထိ ရောက်ဖူး၏။

အခုလည်း ဒီကောင့်အကျင့်ကြောင့် ပြဿနာတက်လေသည်။ ကောင်မလေးက သူ့ရှေ့မှာ ပေါက်စီကို တယုတယ ပွတ်ကာ ညှစ်ကြည့်နေသော မြင့်နိုင်ကို တစ်မျိုးထင်သွားပြီး ပြဿနာ ထရှာခြင်း ဖြစ်၏။

ကောင်မလေး ဝုန်းခနဲ ထရပ်လိုက်တော့ မြင့်နိုင်မျက်နှာမှာ သွေးမရှိတော့။ သူ့လုပ်ရပ်ကိုလည်း မိန်းကလေးတစ်ယောက်ရှေ့မှာ ဘယ်လောက်ရိုင်းသွားမှန်း သူသိသွား၏။ ထို့ကြောင့် မျက်နှာက ရဲရွှက်လောက်သာ။

မြင့်နိုင်က ပေါက်စီနှစ်လုံးကို ပန်းကန်ထဲသို့ ကမန်းကတန်း ပစ်ချ၍ . . .

"ငါ . . ငါ တောင်းပန်ပါတယ်ဟာ၊ ငါ ပေါက်စီကို ညှစ်တာ အကျင့်ပါနေလို့ပါ"

ထိုစကားကို ပြောလိုက်တော့ ပိုဆိုးသွားသည်။ ကောင်မလေး မျက်လုံး ပြူးထွက်သွားကာ . . .

"ဘာ . . ဘာ. . ဘယ်လို"

"ဒီ . . ဒီလိုပါဟာ၊ နင် . . နင် ထင်သလို မဟုတ်ပါဘူး၊ ငါက ပေါက် . . ပေါက်စီကို မစားခင် ညှစ် . . ညှစ်နေကျမို့လို့ပါ၊ နင် . . နင်မကြိုက်ရင် ငါ မညှစ်တော့ပါဘူး"

[redacted]



"နင် . . နင် မိုက်ရိုင်းလှချည်လား"

"ဟာ မြင့်နိုင်၊ မင်း ဘာတွေလျှောက်ပြောနေတာလဲ၊ ဒုက္ခပါပဲကွာ"

သူလည်း စားမလိုလုပ်နေတဲ့ အီကြာကွေးကို ပစ်ချ၍ ပြဿနာကို ဝင်ရှင်းရတော့၏။ ဒီလိုမှ ဝင်မရှင်းရင်လည်း မရတော့။ ကြောက်ကြောက်လန့်လန့်နှင့် ပြောမိပြောရာ လျှောက်ပြောနေသည့် ဒီကောင့်စကားတွေကြောင့် ပိုဆိုးလာတော့မည်။

"ဒီ . . ဒီလိုပါဟာ၊ ဟို . . အဲ . . ဒီက . . ဟိုဟာ . . ဘယ်သူ . . နာ . . နာမည် . . ဘယ်လိုခေါ်လဲဟင်"

"အို ပြောမှာဖြင့် ပြောစမ်းပါ၊ နာမည် ဘာလို့မေးနေတာလဲ"

"ဟို ဘယ်လိုနာမ်စားသုံးရမှန်း မသိလို့"

"ဘယ်လိုသုံးသုံး သုံးချင်သလိုသုံး"

"ကဲပါကွာ ငါ့အကြောင်းသာ အရင်ရှင်းပြလိုက်ပါ၊ နာမည် နောက်မှမေးလည်း ရပါတယ်"

မြင့်နိုင်က ဝင်ထောက်လိုက်တော့မှ သူက စကားကို ဆက်ပြော၏။

"ဒီလိုပါ၊ ဒီကောင်က ပေါက်စီစားရင် အဲ့လိုပဲဟ၊ ဒီကောင်က ဒီပေါက်စီကို . . ဟင်"

သူက ပြောလည်း ပြော၊ ပေါက်စီပန်းကန်ကို ကိုင်၍ ကောင်မလေးရှေ့ ချပြလိုက်စဉ် ပေါက်စီပန်းကန်ကို ကြည့်၍ ရင်ထဲမှာ ဒိန်းခနဲ ဖြစ်သွား၏။

[redacted]

www.burmeseclassic.com

www.burmeseclassic.com



သူ ချပြလိုက်သော ပန်းကန်ထဲတွင် ခုန သူပစ်ချလိုက်သော အိကြာကွေးက ပေါက်စီနှစ်လုံးကြားသို့ ရောက်ကာနေ၏။ ထိုသို့ ပေါက်စီနှစ်လုံးကြား ရောက်နေသည့် အိကြာကွေးတို့၏ ပုံစံကို ကြည့်၍ သူငယ်ထိပ်တည့်တည့် မိုးကြိုးပစ်ခံလိုက်ရသလို ဒိန်းခနဲ ဖြစ်ကာ သွားလေတော့သည်။

ကျိုင်အကြီးကြီး တက်လေပြီ။ ကောင်မလေးက ထိုပန်းကန်ကို ကြောင်တောင်တောင်နဲ့ ကြည့်ပြီးမှ မျက်နှာတစ်ခုလုံး နီရဲတက်လာကာ သူတို့နှစ်ယောက်ကို စားမတတ်၊ ဝါးမတတ် စိုက်ကြည့်၍

"နင် .. နင်တို့နှစ်ယောက်လုံး ယုတ်မာတဲ့ဟာတွေ၊ နင်တို့ .. နင်တို့ကို ငါ ပါမောက္ခနဲ့တိုင်မယ်၊ နင်တို့ မိမဆုံးမ ဖမဆုံးမ တွေ၊ မသာတွေ သေနာတွေ"

အဆဲတွေ စုံကာသွား၏။ အရှက်လည်း တော်တော်ကြီးသွားပုံ ရသည်။ မျက်ရည်တွေ ချက်ချင်းဝိုင်းတက်လာကာ နေရာမှ ဝုန်းခနဲ ထထွက်သွားပါတော့၏။

ကောင်မလေး ထွက်သွားရာနောက်ကို ကြည့်ရင်း တစ်ယောက် မျက်နှာ တစ်ယောက် ကြည့်ကာ သက်ပြင်းချမိလိုက်ပါတော့၏။

ကျောင်းမတက်ရတော့ဘူး။ ပြဿနာက အရင်တက်လေပြီ။ သို့သော် အခုမှတော့ ဘာမှမတတ်နိုင်တော့။

* * *

[redacted]



၃

ပါမောက္ခရုံးခန်းထဲတွင် တိတ်ဆိတ်ကာနေ၏။ ပါမောက္ခ ဆရာမကြီးရှေ့တွင် ကျောင်းသူ တစ်ယောက်၊ ကျောင်းသား နှစ်ယောက် ရှိနေကြ၏။ ကျောင်းသူ၏ မျက်နှာကတော့ ဒေါသတကြီး ဖြစ်နေဟန်။ အရာရာကို အလိုမကျဟန်တို့ ပေါင်းစပ်ပြီး တင်းမာကာနေ၏။ ကျောင်းသားနှစ်ယောက်ကတော့ မျက်နှာငယ်လေးတွေနှင့် ဖျက်လုံးလေးတွေ ပေကလပ်၊ ပေကလပ် ဖြစ်နေကြလေသည်။

ပါမောက္ခ ဆရာမကြီးက တပ်ထားသော မျက်မှန်ကို လက်နဲ့ အသာမတင်၍ သူ့ရှေ့မှာ ထောင်ချောက်မိထားသော ကြွက်သူငိုးလေးတွေလို မျက်နှာငယ်လေးတွေနဲ့ ထိုင်နေသော ကျောင်းသားနှစ်ယောက်ကို ကြည့်လိုက်၏။ ပြီးနောက် ဘာစကားတစ်ခွန်းမှ မပြော

[redacted]

www.burmeseclassic.com

www.burmeseclassic.com



သေးဘဲ သက်ပြင်းကို အသာချ၏။ ပြီးမှ စကားကို စပြောသည်။

"မင်းတို့ မလွန်လွန်းဘူးလား၊ ဒီက သမီး လာပြောပြလို့ ငါ အကုန်သိပြီးပြီ၊ မင်းတို့ ဘယ်လိုဖြစ်ကြတာလဲ၊ မင်းတို့ စိတ်ထဲမှာ ဒီနေ့ ဘာနေ့လဲဆိုတာရော သိကြရဲ့လား"

အားလုံး ငြိမ်နေကြသည်။ တုတ်တုတ်မှ မလှုပ်ရဲ၊ ကျောင်းသူ ကောင်မလေးက ခေါင်းငုံ့ကာနေ၏။ ကျောင်းသားနှစ်ယောက်က တော့ ဆရာမကြီး စားပွဲပေါ် တင်ထားတဲ့ စာအုပ်တွေကို အမှိုက်မဲ့ ငေးကာကြည့်နေသည်။ ရင်ထဲမှာတော့ နှလုံးခုန်သံက တဒိန်းဒိန်း ဖြစ်ကာနေ၏။

ဆရာမကြီးက သက်ပြင်းရှည်ကြီးကို "ဟင်း"ခနဲ တစ်ချက်ချပြီး စကားကို ဆက်ပြောသည်။

"ငါမေးနေတာ ကြားရဲ့လား၊ ဒီနေ့ ဘာနေ့လဲဆိုတာကိုရော သိကြရဲ့လား"

ဆရာမကြီးစကားဆုံးတော့ မြင့်နိုင်က မဝံ့မရဲလေးနှင့် . . .

"သိ . . သိ . . သိပါတယ် ဆရာမကြီး"

"ကဲ ဒါဆိုပြောစမ်းပါဦး၊ ဒီနေ့ ဘာနေ့လဲ"

"တနင်္လာနေ့ပါ"

"ဟင်"

မြင့်နိုင်အဖြေကြောင့် ဆရာမကြီး မျက်လုံးပြူးကာသွား၏။ ပြီးမှ ဒေါသထွက်သွားကာ စားပွဲခုံကို တစ်ချက်ရိုက်လိုက်ပြီး . . .

"တနင်္လာနေ့မှန်းတော့ ငါသိတာပေါ့၊ နင့်ကို အဲ့ဒါမေးနေတာ မဟုတ်ဘူး၊ ဒီနေ့ တက္ကသိုလ်တွေ စဖွင့်တဲ့နေ့၊ ကျောင်းစတက်တဲ့





နေ့၊ အဲ့ဒါကိုမေးနေတာ၊ ဒီနေ့လို ကျောင်းစတက်တဲ့နေ့မှာ နင်တို့က စပြီး ပြဿနာနဲ့ ငါ့ရုံးခန်း ရောက်လာတယ်ဆိုတော့ ကောင်းလား"

မြင့်နိုင် ဒူးတွေ တုန်နေသည်။ ကြောက်လွန်းလို့ဖြစ်၏။ ထို့ကြောင့် စားပွဲပေါ်ကိုတောင် မျက်လုံး မကြည့်ရဲတော့ဘဲ ကြမ်းပြင်ကြီး ကို ကြောက်ကြောက်နဲ့ အသားလွတ်ကြီး စိုက်ကာကြည့်နေမိ၏။

ဆရာမကြီးက စကားဆက်ပြန်သည်။

"ကဲ မင်းတို့ ဘာလို့ ဒီကျောင်းသူရှေ့မှာ မဖွယ်မရာတွေ လုပ်ပြ ရတာလဲ၊ တက္ကသိုလ်ကျောင်းသား ကျောင်းသူတွေဆိုတာ တစ် ယောက် အခက်အခဲရှိရင် တစ်ယောက်က မောင်နှမသားချင်းစိတ် ဓာတ်ထားပြီး ကူညီပေးရမယ့်အစား မင်းတို့က ဒါမျိုးတွေ လုပ်ကြရ သလား"

"မ . . မ . . မဟုတ်ပါဘူး ဆရာမကြီးရယ်၊ ကျွန်တော်တို့က သူထင်သလို မဟုတ်က ဟုတ်ကတွေ လုပ်ပြတာ မဟုတ်ပါဘူးဗျာ၊ သူ့ကိုလည်း ကျွန်တော်တို့ မသိပါဘူး၊ သူ့ကို အဲ့ဒီလို လုပ်ပြရအောင် လည်း သူနဲ့ ကျွန်တော်တို့ကြားမှာ ရန်ငြိုးမရှိပါဘူး၊ ကျွန်တော်က ကျွန်တော့်အကျင့်အတိုင်း ပေါက်စီကို ကိုင်ကြည့်တာပါ"

မြင့်နိုင်ရဲ့စကားကြောင့် ဆရာမကြီး မျက်မှောင်ကျုံ့သွား၏။ မြင့်နိုင်ရဲ့ 'ပေါက်စီကိုင်ကြည့်ခြင်း' နိဒါန်းကိုလည်း စိတ်ဝင်စားသွား ဟန်ရှိ၏။ ထို့ကြောင့် . . .

"နေစမ်းပါဦး မင်းက ပေါက်စီကို ဘာလုပ်တဲ့အကျင့်ရှိလို့လဲ"

ထိုတော့မှ မြင့်နိုင်က သူ့ရဲ့ ပေါက်စီနိယာမကို စကာ ရှင်း တော့၏။



www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုပါခင်ဗျာ၊ ကျွန်တော်က ပေါက်စီစားကာနီးရင် ဘယ်ဟာအကြီး၊ ဘယ်ဟာ အသေးဆိုတာ အရင်ရွေးတာ အကျင့်ပါနေလို့ပါ၊ အဲ့ဒီလို ရွေးတဲ့နေရာမှာလည်း လက်နဲ့ကိုင်ကြည့်ပြီး ရွေးပါတယ်၊ ပြီးတော့ ပေါက်စီထဲက အသားကိုလည်း ဘယ်ဟာ ပိုပါ၊ မပါ ညှစ်ကြည့်ပြီး ရွေးတာ အကျင့်ပါနေလို့ပါ"

ဆရာမကြီးက မြင့်နိုင် ပေါက်စီရွေးတဲ့အကျင့်ကို နားထောင်ပြီး ကြက်သီးထသွားဟန် ဖြစ်သွားသည်။ ခန္ဓာကိုယ် တစ်ချက် တုန်သွားပြီး မျက်မှန်ကို ယောင်ယမ်း မတင်လိုက်ကာ သက်ပြင်းကို ချသည်။ ပြီးမှ စိတ်ကို အတည်ငြိမ်ဆုံးထားပြီး ကျောင်းသူကောင်မလေးကို လှည့်ကြည့်လိုက်ကာ . . .

"သူပြောတဲ့အတိုင်း ဟုတ်လား သမီး"

ဆရာမကြီးစကားဆုံးတော့ ကောင်မလေးက မြင့်နိုင်ကို မျက်စောင်းတစ်ချက် လှမ်းထိုးသည်။ ပြီးမှ ခေါင်းတစ်ချက် ညိတ်ပြလိုက်ကာ . . .

"ဟုတ်ပါတယ် တီချယ်ကြီး၊ သူ သမီးရှေ့မှာ ပေါက်စီတွေကို အဲ့ဒီလို လုပ်နေတာပါ၊ ဒါပေမယ့် သူပြောတဲ့အထဲမှာ တစ်ခု ကျန်သေးတယ်"

"ဘာများလဲကွယ်"

"သူ ပေါက်စီတွေကို ကိုင်ကြည့်ပြီး လက်နဲ့ လိုက်ပွတ်သေးတယ်"

"ဟေ"

ဆရာမကြီး မျက်လုံးပြူးသွားပြန်သည်။ မြင့်နိုင်က ကမန်းကတန်း ဝင်ရှင်းရတော့၏။

[redacted]



"ဟုတ် . . ဟုတ်ပါတယ် ဆရာမကြီး၊ အဲ့ဒါကလည်း ကျွန်တော့်အကျင့်ပါပဲခင်ဗျ၊ ကျွန်တော်က ပေါက်စီတစ်လုံးရဲ့ မျက်နှာပြင်ကို တင်းပြီး ချောနေမှ ကြိုက်တာပါ၊ အဲ့ဒါကြောင့် ဘယ်အလုံး တင်း၊ မတင်း လိုက်ပွတ်ကြည့်တဲ့သဘောပါ"

ဆရာမကြီး နှာခေါင်းကို ပွတ်သည်။ မျက်မှန်ကို မသည်။ ပြီးနောက် စားပွဲတစ်ဖက်က စာအုပ်ကို ယူ၍ စားပွဲတစ်ဖက်မှာ ချ၏။ နောက်တော့ စိတ်ပျက်လက်ပျက်အမူအယာနဲ့ မြင့်နိုင်ကို ကြည့်ကာ

"ဒါလည်း မင်းအကျင့်ပဲလားကွယ်"

မြင့်နိုင်က ခေါင်းညိတ်ပြတော့ ဆရာမကြီးက တစ်စုံတစ်ခုကို လေးလေးနက်နက် တွေးပုံလုပ်၏။ ပြီးနောက် ဘယ်သူ့ကိုမှ ဦးတည်ချက်မထားဘဲ အားလုံးကို ခြုံပြောသော သဘောမျိုးနှင့် စကားကို ဆက်၏။

"လူတွေမှာ ကိုယ့်အကျင့်နဲ့ကိုယ် ရှိကြတယ်၊ တချို့က မွေးရာပါ အကျင့်လိုဖြစ်လာတဲ့ဟာတွေ ရှိတယ်၊ တချို့ကျတော့ ကြီးမှ ကိုယ့်အတွေးနဲ့ကိုယ် စိတ်သန်ရာ သန်ရာတွေ လုပ်ရင်း အကျင့်ဖြစ်သွားကြတာရှိတယ်၊ လူတစ်ယောက်ရဲ့ အကျင့်နဲ့ပတ်သက်ပြီးတော့ ဆရာမကြီး ဘာမှတော့ သိပ်မပြောချင်ပါဘူး၊ အဲ . . ဒါပေမယ့် ပတ်ဝန်းကျင်ကိုတော့ ဂရုထားရမယ်၊ မင်းလုပ်လိုက်တဲ့ အကျင့်တစ်ခုက တစ်ဖက်သား မိန်းကလေးတစ်ယောက်ရှေ့မှာ ဘယ်လိုသဘောသက်ရောက်သွားလဲဆိုတာ မင်းနားလည်ဖို့လိုတယ်၊ ဆရာမကြီးပြောတာ သဘောပေါက်လား"

နှစ်ယောက်စလုံး ခေါင်းညိတ်ပြ၍ . . .

[redacted]

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ ပေါက်ပါတယ် ဆရာမကြီး"

ဆရာမကြီးက စကားကို ဆက်သည်။

"နောက်တစ်ခု ကျန်သေးတယ်၊ အီကြာကွေးက ပေါက်စီနှစ်လုံးကြားထဲ ဘယ်လိုရောက်သွားတာလဲ"

မြင့်နိုင်က သူ့ကို လှည့်ကြည့်လိုက်သည်။ သူက . . .

"အဲ့ဒါကတော့ မတော်တဆပါ ဆရာမကြီး"

"ဩော် တော်သေးတာပေါ့၊ ဒါလည်း မင်းတို့အကျင့်ပဲလားလို့"

ဆရာမကြီးက ခပ်ငေါ့ငေါ့ စကားကိုဆိုသည်။ သူက . . .

"မဟုတ်ပါဘူး ဆရာမကြီးရယ်၊ သူတို့နှစ်ယောက် ရန်ထဖြစ်တော့ ကျွန်တော်က ပြေလည်ရာ ပြေလည်ကြောင်း ဝင်ရှင်းမလို့လုပ်တာပါ၊ အဲ့ဒီမှာ လက်ထဲက အီကြာကွေးကို လွှတ်ချလိုက်တာ ဘယ်ကဘယ်လိုဖြစ်ပြီး ပေါက်စီပန်းကန်ထဲ ရောက်သွားလဲ မသိဘူးဖြစ်သွားတာ၊ အဲ့ဒါကို ကျွန်တော်လည်း သတိမထားလိုက်မိဘူး"

သူ့စကားဆုံးတော့ အားလုံး ငြိမ်သွားကြ၏။ ဆရာမကြီးလည်း အဖြစ်မှန်ကို သိသွားပြီဆိုတော့ ကျောင်းသူ ကောင်မလေးကို ပြေလည်ရာ ပြေလည်ကြောင်း ပြောပေးသည်။ ကျောင်းသူ ကောင်မလေးကလည်း ဆရာမကြီးကိုယ်တိုင် ကြားကနေ ဝင်ရှင်းပေးနေသောကြောင့် ထိုပြဿနာကို ကျေအေးလိုက်၏။ ရင်ထဲမှာတော့ မြင့်နိုင်တို့ကို သိပ်ကျေနပ်ပုံမရ။

ဆရာမကြီးက မြင့်နိုင်ကို ကြည့်၍ စည်းကမ်းချက်တစ်ခု ချမှတ်လိုက်သည်။

နောင် ပေါက်စီစားရင် သူ့ရဲ့အကျင့်ကို ပြင်ရန်၊

[redacted]



မပြင်နိုင်ပါက မိန်းကလေးတွေရှေ့တွင် ပေါက်စီမစားရန်။

မြင့်နိုင်ကလည်း နာခံပါမည်ဆိုတဲ့အကြောင်း ခေါင်းညိတ်ပြ၏။ ထို့နောက် ဆရာမကြီးက သူတို့နာမည်တွေကို မေးသည်။ မြင့်နိုင်က စ၍ သူ့နာမည်ကို ပြောကာပြ၏။

"ကျွန်တော့်နာမည် မြင့်နိုင်ပါ"

"ဟိုတစ်ယောက်ရော"

"ကျွန်တော်က မိုးမြင့်ပါ"

ဆရာမကြီးက ခေါင်းတညိတ်ညိတ်လုပ်၏။ ထို့နောက် . . .

"မင်းတို့က ဘယ်ကလဲ"

"အီးမေဂျာကပါဗျ"

ဆရာမကြီး ဒေါသထွက်သွားပြီး စားပွဲကိုရိုက်လိုက်ကာ . . .

"မင်းတို့ကို ဘယ်မှာနေတာလဲ မေးနေတာ၊ မင်းတို့ အီးမေဂျာကမှန်းတော့ ငါသိတာပေါ့၊ တကယ် ဘယ်လိုကောင်တွေလဲ"

"ကျွန် . . ကျွန်တော်တို့နှစ်ယောက်လုံးက နယ်ကပါ၊ ဒီမှာ ဦးလေးတစ်ယောက် ဖွင့်ထားတဲ့ အဆောင်တစ်ခုမှာနေရင်း ကျောင်းလာတက်တာပါဗျ"

ဆရာမကြီးက ကိုယ့်စိတ်ကိုယ် ဖြေလျှော့လိုက်ဟန်နှင့် သက်ပြင်းကို ချလိုက်၏။ ပြီးနောက် . . .

"နယ်ဆိုတော့ ဘယ်နယ်ကလဲ"

"မကွေးဘက်ကပါ"

"မကွေးဘက်မှာလည်း တက္ကသိုလ်ရှိတာပဲ၊ ဘာလို့ အဲ့ဒီမှာ မတက်တာလဲ"

[redacted]

www.burmeseclassic.com

www.burmeseclassic.com



"ဦးလေးက ရန်ကုန်ကို ခေါ်ထားလို့ပါ၊ ဒီမှာက သူဖွင့်ထားတဲ့ အဆောင်လည်း ရှိတယ်ဆိုတော့ အဆင်လည်းပြေလို့၊ ပြီးတော့ ကျွန်တော်တို့ ဝါသနာပါတဲ့ အလုပ်ကလေးတွေလည်း ရန်ကုန်မှာဆိုတော့ လုပ်လို့ရတာပေါ့"

ဆရာမကြီးက ဘာမှဆက်မမေးတော့ပါ။ ခေါင်းတညိတ်ညိတ်နဲ့ နားထောင်ရင်း ပြန်လွှတ်လိုက်၏။

မြင့်နိုင်နဲ့ မိုးမြင့်က ဆရာမကြီးကို အရိုအသေပြု နှုတ်ဆက်ပြီး ပြန်ထွက်လာခဲ့ကြ၏။ သူတို့နဲ့ မရှေးမနှောင်းမှာပင် ကျောင်းသူကောင်မလေးလည်း ဆရာမကြီးကို နှုတ်ဆက်၍ ထွက်လာတာ တွေ့ရ၏။

ရုံးခန်းအပြင်ရောက်တော့ မြင့်နိုင်က ...

"ကောင်မလေးက သေချာကြည့်တော့ ချစ်စရာလေးကွ၊ နာမည်လေးတောင် မမေးလိုက်ရဘူး"

မိုးမြင့်က မြင့်နိုင် နားရင်းကို တစ်ချက်ရိုက်လိုက်၍ ...

"အခုမှ ထွက်လာတယ်၊ ပြန်ဝင်ချင်လို့လား"

မြင့်နိုင်က ရယ်ကျဲကျဲနှင့် လုပ်ပြသည်။ ထို့နောက် သူတို့အခန်းရှိရာသို့ ထွက်လာခဲ့လိုက်ပါတော့သည်။

သူတို့နှစ်ယောက်ကတော့ စာသင်ခန်းထဲတောင် မရောက်ဘူးသေးခင် ပါမောက္ခရုံးခန်းထဲ အရင်ရောက်ရှိသူတွေ ဖြစ်သွားကြ၏။ ကြုံဖန်ပြီး ဂုဏ်ယူချင်ရင်တော့ ယူလို့ရသည်ဟု ဆိုရမည်။

ကျောင်းစတက်တဲ့နေ့မှာပင် ပါမောက္ခနှင့် တစ်စားပွဲတည်း ထိုင်ပြီး နဖူးတွေ့၊ ဒူးတွေ့ စကားပြောခွင့်ရသော ကျောင်းသားတွေဟု။

* * *

[redacted]



**ခုနစ်** နာရီခွဲပြီဖြစ်သည်။

ဖတ်လက်စ ဝတ္ထုစာအုပ်ကို ပိတ်၍ မိုးမြင့်က မြင့်နိုင်ကို လှည့်ကြည့်လိုက်၏။ မြင့်နိုင်ကလည်း ခုတင်ပေါ်တွင် ခါးတစ်စောင်းထိုင်၍ နံရံကိုမှီကာ စာအုပ်တစ်အုပ်ကို ဖတ်ကာနေသည်။ မိုးမြင့် စာကြည့်စားပွဲမှ ထသွား၍ နံရံတွင် ချိတ်ထားသော ဖလံထည်အကျႌကို ဖြုတ်၍ ကောက်စွပ်လိုက်ပြီး ...

"ငါတို့ ထမင်းသွားစားတော့မလား"

မြင့်နိုင်က စာအုပ်ကိုပိတ်၍ 'သွားလေ' ဟုပြောပြီး ခုတင်ပေါ်မှ ထလိုက်၏။ ထို့နောက် သူတို့ လမ်းထိပ်က ဒေါ်စောထမင်းဆိုင်သို့ ထွက်လာကြ၏။

[redacted]

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်စောဆိုင်ရောက်တော့ မိုးမြင့်က ဘဲဥချဉ်ရည်ဟင်း တစ်ပွဲမှာသည်။ မြင့်နိုင်က ငါးခြောက်ကြော်တစ်ပွဲ မှာလိုက်၏။ ထိုအချိန်မှာ လူတစ်ယောက် ဝင်လာ၍ သူတို့ကို နှုတ်ဆက်လိုက်၏။

"ဟ ထမင်းစားနေပြီလားကွ"

လှမ်းကြည့်လိုက်တော့ သူတို့နဲ့ တစ်ဆောင်တည်းနေသူ ကိုမျိုးဖြစ်နေတာတွေ့လိုက်သည်။ သူတို့ကလည်း ပြုံးပြကာ ခေါင်းညိတ်လိုက်ပြီး . . .

"စားပြီတို့၊ ကိုမျိုး တစ်ယောက်တည်းလား။ ဒီမှာ လာထိုင်လေ"

ကိုမျိုးက လက်ကာပြပြီး . . .

"နေ နေ . . ဧည့်သည်တစ်ယောက် လာဦးမှာမို့လို့ ဒီမှာပဲ ထိုင်တော့မယ်"

ဒေါ်စောဆိုင်က သူတို့နေတဲ့ အဆောင်က လူတွေ တော်တော်များများ စားကြသည်။ ဒေါ်စောက ဟင်းချက်လည်း ကောင်းသလို ဈေးလည်းသင့်၍ စားသောက်သူ တော်တော်များ၏။ သူတို့ အဆောင်ကလည်း ဆိုင်နဲ့နီးနေ၍ ဒေါ်စောဆိုင်ကိုပဲ အားပေးကြသည်။ တစ်ခါတစ်ရံ ဘိုင်ပြတ်တဲ့နေ့တွေဆိုရင်တော့ အသုပ်ကလေး ဘာလေး ဝယ်ပြီး ကြိတ်လိုက်ကြပေါ့။

မိုးမြင့်က သူ့ဟင်းပန်းကန်ထဲမှာပါသည့် ဘဲဥနှစ်လုံးမှ တစ်လုံးကို မြင့်နိုင်ပန်းကန်ထဲ ထည့်ပေးလိုက်သည်။ မြင့်နိုင်က ငါးခြောက်ကြော် တစ်ဇွန်း ပြန်ခပ်ထည့်ပေးရင်း . . .

"မနေ့က အရီးလေးဆီက စာလာတယ်ဆို၊ ဘာတဲ့လဲ"

[redacted]



အရီးလေးဆိုတာ မိုးမြင့်တို့ အမေကို မြင့်နိုင်က ဆိုလိုခြင်းဖြစ်၏။ မိုးမြင့်က . . .

"ထုံးစံအတိုင်း နေကောင်းလား ဘာလားပေါ့ကွာ၊ ကျောင်းမှန်မှန်တက် စာမေးပွဲကို အောင်အောင်ဖြေ ဒါတွေပဲပေါ့၊ ဦးလေးကိုရော အဆောင်လခပေးပြီးပြီလား မေးသေးတယ်၊ ပြီးတော့ လကုန်ရင် ပိုက်ဆံတစ်ခေါက် လှမ်းပို့ပေးမယ်တဲ့၊ ကွန်ပျူတာသင်တန်းရော ဘယ်တော့တက်မှာလဲလို့လည်း ရေးထားတယ်"

"ငါ့အကြောင်းရော မပါဘူးလား"

"ပါတယ်၊ မင်းကိုလည်း လိမ်လိမ်မာမာနေလို့ အမေက မှာလိုက်တယ်၊ မင်းအမေလည်း ဒီတစ်ခေါက် ပဲရောင်းပြီးရင် ရန်ကုန်တစ်ခေါက်တက်လာဦးမယ်လို့ ရေးထားတယ်၊ ရန်ကုန်မှာ မျက်စိလာပြဦးမယ်ဆိုလားပဲ"

မြင့်နိုင်က ထမင်းစားရင်းနှင့် ခေါင်းညိတ်ပြသည်။ မိုးမြင့်က သခွားသီးတစ်ဖတ်ကိုယူ၍ ထမင်းပုံပေါ်တင်ကာ ငါးပိရည်တစ်ဇွန်းဆမ်းပြီး စားလိုက်၏။ ခဏကြာတော့ စားလို့သောက်လို့ ပြီးသွားပြီး ပိုက်ဆံရှင်းဖို့ လုပ်သည်။

ကျသင့်ငွေကို မြင့်နိုင်က ထုတ်ရှင်းလိုက်၏။ မိုးမြင့်က မြင့်နိုင်ကို ကျသင့်ငွေတစ်ဝက်ကို ပြန်ပေးသည်။ မြင့်နိုင်က . . .

"ရပါတယ်ကွာ၊ မင်းမှာ သုံးစရာမရှိသေးရင် ယူထားလိုက်ပါ၊ ငါပဲ ရှင်းလိုက်ပါ့မယ်"

"ယူပါ၊ မင်းနဲ့ငါနဲ့ မုန့်ဖိုးရတာခြင်း အတူတူပါပဲကွာ၊ မင်းတော့

[redacted]

www.burmeseclassic.com

www.burmeseclassic.com



"လည်း အတူတူပေါ့ . . ရော့"

မြင့်နိုင်က ဘာမှမပြောတော့ဘဲ မိုးမြင့်ဆီက ပိုက်ဆံကို ယူကာ အိတ်ထဲ ထည့်လိုက်၏။ သူတို့နှစ်ယောက်က ငယ်ငယ်ကတည်းက ပေါင်းလာကြသူတွေဖြစ်၍ တစ်ယောက်အကြောင်း တစ်ယောက် သိသည်။ တစ်ယောက်အထာ တစ်ယောက် နားလည်ကြ၏။ နေကြတော့လည်း အိမ်ချင်းကပ်လျက်၊ ကျောင်းတက်တော့လည်း သူငယ်တန်းကတည်းက အတူတူ၊ ဆယ်တန်းအောင်ပြီးတော့ အခုလို တက္ကသိုလ် တက်ပြန်တော့လည်း ရန်ကုန်မှာ တက်ချင်သည်ဆို၍ မိဘတွေက ပို့ပေးကြ၏။ နေတော့လည်း မိုးမြင့်အမေရဲ့ မောင်တော်သည့် ဦးလေးထွန်း ဖွင့်ထားသည့် အဆောင်မှာ နေကြသည်။

အဆောင်က ဒဂုံမြို့သစ်ဘက်မှာ ဖြစ်သောကြောင့် ကျောင်းနဲ့လည်း နီးသည်။ အဆောင်မှာ နေသူတွေက တခြားအပြင်က လူ တစ်ယောက်စ နှစ်ယောက်စရှိသော်လည်း များသောအားဖြင့် ကျောင်းနဲ့နီးသောကြောင့် ကျောင်းသားများသာ။ ထို့ကြောင့် မိုးမြင့်နဲ့ မြင့်နိုင်တို့အတွက် အဆင်ပြေ၏။ နောက်ထပ် အဆင်ပြေတာ တစ်ခု ရှိသေးသည်။ မိုးမြင့်တို့ ဦးလေးက သူတို့နှစ်ယောက်အတွက် အဆောင်လခကို တစ်ဝက်သာ ယူသောကြောင့်ဖြစ်၏။

ထို့ကြောင့် အိမ်က ပို့ပေးလိုက်သော အဆောင်လခရဲ့ တစ်ဝက်ကို သူတို့အသုံးစရိတ်အတွက် ပိုရကြသည်။ မိုးမြင့်တို့ ဦးလေးကလည်း သူ လခလျှော့ပေးထားသည် ကိစ္စကို နယ်မှာနေသည့် သူ့အစ်မကို လှမ်းမပြောထား၍ လစဉ်မှန်မှန် အဆောင်လခတစ်ဝက်ကို သူတို့က

[redacted]



ရနေခြင်းဖြစ်၏။ ဦးလေးထွန်းက တစ်ဖက်တစ်လမ်းက သူတို့အပေါ် သွယ်ဝိုက်သောနည်းဖြင့် ထောက်ပံ့ခြင်းဟု ဆိုနိုင်သည်။

မိုးမြင့်နဲ့ မြင့်နိုင်တို့မိဘတွေက သိပ်အချမ်းသာကြီး မဟုတ်ကြသော်လည်း နယ်မှာတော့ မရှိမရှား နေနိုင်သည့်သူတွေဖြစ်သည်။

အိုးပိုင်အိမ်ပိုင်၊ လယ်ပိုင်ယာပိုင်နဲ့ သူ့နေရာ၊ သူ့ဒေသနှင့် သူတော့ ကြေးရတတ်တွေဖြစ်၏။ ထို့ကြောင့် သားတွေကို ရန်ကုန်မှာ ကျောင်းနေချင်သည့်ကိစ္စကို မကန့်ကွက်ဘဲ လွှတ်၏။ ကွန်ပျူတာသင်တန်းတို့၊ စကားပြောသင်တန်းတို့ တက်ချင်သေးတယ်ဆိုရင်လည်း လိုက်လျောဖို့ အသင့်ပင်။

သူတို့နှစ်ဦးကတော့ လောလောဆယ် ဘာသင်တန်းမှ မတက်သေးဖို့ ဆုံးဖြတ်ထားသည်။ အခုမှ ကျောင်းက စတက်ကာစဆိုတော့ ကျောင်းကိုသာ မှန်မှန်တက်ချင်နေကြ၏။ နောက်တော့မှ အခြေအနေကြည့်ပြီး သင်တန်းတက်ဖို့ကိစ္စ စဉ်းစားဖို့ ဆုံးဖြတ်ထားကြသည်။

သူတို့နှစ်ယောက် အဆောင်ရောက်တော့ အခန်းထဲ မဝင်သေးဘဲ ဘေးခန်းက အောင်ကိုနိုင်ဆီ သွားလိုက်သည်။ စားပွဲတစ်လုံးမှာ တကုပ်ကုပ်နဲ့ ငုံ့ရေးနေသော အောင်ကိုနိုင်ကို တွေ့တော့ မိုးမြင့်က

"ဘာတွေလုပ်နေတာလဲဗျ၊ ထမင်းစားပြီးပြီလား"

အောင်ကိုနိုင်က တစ်ချက်လှည့်ကြည့်၍ . . .

"မစားသေးပါဘူးကွာ၊ ဒီမှာ ကဗျာတစ်ပုဒ် အဆုံးသတ်နေတာ မပြီးသေးလို့"

"ပြီးရင် ပေးဖတ်ဦးနော်"

[redacted]

www.burmeseclassic.com

www.burmeseclassic.com



အောင်ကိုနိုင်က အသံတိတ် ခေါင်းညိတ်ကာပြ၏။ သူတို့နှစ်ယောက် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်၍ အလိုက်တသိပင် အောင်ကိုနိုင့်အခန်းမှ ထွက်ခဲ့လိုက်တော့၏။

အောင်ကိုနိုင်က သူတို့လိုပင် ကျောင်းသားဖြစ်သည်။ မေဂျာတော့ မတူ၊ သူက မြန်မာစာက။

ပြီးတော့ ကိုယ့်ကိုကိုယ် ကဗျာသမားဟု ခံယူထားသူ။

* * *

[redacted]



Paper I အချိန်ပြီးသွား၍ ဆရာမအခန်းထဲက ထွက်သွားသည်။ နောက်တစ်ချိန်က Paper II အချိန်ဖြစ်၏။ မြင့်နိုင်က လက်မှ နာရီကို ကြည့်လိုက်၍ ဗိုက်ကို တစ်ချက် ပွတ်လိုက်ကာ

"ဗိုက်ဆာလိုက်တာကွာ၊ ငါတို့ ကန်တင်းသွားရအောင်"

မိုးမြင့်က Paper II စာအုပ်တွေ ထုတ်မလိုလုပ်ပြီးမှ မြင့်နိုင်ကို တစ်ချက် ကြည့်လိုက်ကာ . . .

"မင်းကတော့ လုပ်ပြီ၊ အတန်းပျက်ရက်တွေ များရင် စာပြန်ကူးရတာ မလွယ်ဘူးကွ"

"လုပ်ပါကွာ၊ ဒီနေ့ ပျက်ထားတဲ့စာကို ငါ ပြန်ကူးထားပါ့မယ်၊ ငါ့ဆီမှာရှိတော့ မင်းလည်း ကြည့်လို့ရတာပေါ့"

[redacted]

www.burmeseclassic.com

www.burmeseclassic.com



မိုးမြင့်က 'ဒါဆိုလည်း ပြီးရော' ဆိုပြီး စာအုပ်ကို သိမ်းကာ ထရပ်လိုက်၏။ ထို့နောက် သူတို့ အင်္ဂလိပ်စာအဆောင်မှ ထွက်ခဲ့လိုက်ပါတော့သည်။ အဆောင်အပြင်ရောက်တော့ နီးနီးနားနား ကန်တင်းတစ်ခုမှာပဲ ထိုင်မလို့ လုပ်သည်။ နောက်တော့ သိပ္ပံဆောင်တွေဘက် မရောက်ဖူးသေး၍ ထိုဘက်သို့ သွားလည်ရင်း အဆင်ပြေသည့် ကန်တင်းတစ်ခုမှာ ထိုင်ဖို့ ဆုံးဖြတ်လိုက်သည်။

ထို့ကြောင့် သိပ္ပံဆောင်တွေဘက်သို့ သူတို့ ထွက်လာလိုက်၏။ အဆင်ပြေသည့် ကန်တင်းတစ်ခုမှာ ဝင်ထိုင်လိုက်သည်။ သူတို့ရောက်တော့ ကန်တင်းမှာ လူရှင်းနေသေး၏။ ထို့ကြောင့် လွတ်နေသည့် စားပွဲတစ်ခုမှာ ဝင်ထိုင်လိုက်၏။ မြင့်နိုင်က ကျောင်းစတက်တဲ့နေ့က ကန်တင်းထိုင်ရင်း ပြဿနာတက်သည့်ကိစ္စကို သတိတရ ပြောသေးသည်။ မိုးမြင့်က ရယ်နေလိုက်၏။

ထို့နောက် စားပွဲထိုးကောင်လေး ရောက်လာ၍ ထမင်းပေါင်းနှစ်ပွဲ မှာလိုက်ပြီး မြင့်နိုင်က . . .

"ငါတို့နဲ့ ပြဿနာတက်သွားတဲ့ ကောင်မလေးလည်း မတွေ့တော့ဘူးနော်၊ ဘယ်ရောက်သွားလဲ မသိဘူး"

"တခြားမေဂျာတစ်ခုခုက နေမှာပေါ့၊ ငါတို့မေဂျာကဆို တွေ့ရမှာပေါ့၊ ဘာလဲ မင်းက သတိရနေလို့လား"

မြင့်နိုင်က ရယ်ကျဲကျဲ အမူအယာ လုပ်ပြပြီး . . .

"သတိရတာပေါ့ကွ၊ ကျောင်းစတက်တဲ့နေ့မှာမှ ပြဿနာတက်ပြီး တွေ့လိုက်ရတဲ့ ကောင်မလေးဆိုတော့ မမေ့နိုင်စရာ"





"မင်းကတော့ ဒါပဲ၊ မင်းအတွက် မမေ့နိုင်စရာတွေ တော်တော်များတယ်နော်"

မိုးမြင့်က မြင့်နိုင်အကြောင်းကို သိနေ၍ ခနဲ့လိုက်ခြင်းဖြစ်၏။ သူတို့နှစ်ယောက်က ငယ်ပေါင်းတွေဆိုသော်လည်း အဲ့ဒီဘက်မှာတော့ အစွမ်းအစချင်း သိပ်မတူ။ မိုးမြင့်က မိန်းကလေးနဲ့ပတ်သက်ရင် ကင်းသည်ဟုဆိုရမည်။ သူက ယခုအရွယ်အထိ ဘယ်ကောင်မလေးကိုမှလည်း ရင်မခုန်ခဲ့ဖူးသလို ဘယ်သူနဲ့မှလည်း ရည်းစားတွေ မဖြစ်ဖူးခဲ့။ နောက်ပြီး သူက ကြောက်တတ်သည်။ မိန်းကလေးကိစ္စနဲ့ ပတ်သက်ရင် အဖြစ်မရှိဘူးဟု ဆိုလိုခြင်းဖြစ်၏။ မြင့်နိုင်ကတော့ ထိုသို့မဟုတ်။ မိုးမြင့်ထက်စာရင်တော့ သာသည်။ သူက ပြောရဲဆိုရဲလေးလည်း ရှိသလို၊ လက်စွမ်းလက်စလည်း ထက်၏။ အထက်တန်းကျောင်းသားဘဝက အညာသူမလေး နှစ်ယောက်၊ သုံးယောက်လောက်နဲ့ အီစီကလီဖြစ်ဖူးသည်။ နောက်တော့လည်း ဟိုမရောက်၊ ဒီမရောက်နဲ့ ပွဲပြီးသွား၏။ သို့သော် မိုးမြင့်ထက်စာရင်တော့ အပုံကြီး သာသည်ဟု ဆိုနိုင်သည်။

လာချပေးတဲ့ ထမင်းပေါင်း နှစ်ပွဲကို တစ်ယောက်တစ်ဝက်လောက် စားပြီးနောက် မြင့်နိုင်က လက်ဖက်ရည် နှစ်ခွက် လှမ်းမှာလိုက်၏။ မိုးမြင့်က သူ မသောက်တော့ဘူးဟု လက်ကာပြကာ ထမင်းပေါင်းကို ဆက်စားသည်။ မြင့်နိုင်က ထမင်းစားနေရင်းနှင့် ဖြတ်သွားဖြတ်လာ ကောင်မလေးတွေကို လိုက်ကြည့်နေသည်။ လိုက်ကြည့်နေရင်းမှ တစ်ချက် တစ်ချက် ဘယ်ကောင်မလေး ဘယ်လိုလှကြောင်း



www.burmeseclassic.com

www.burmeseclassic.com



မိုးမြင့်ကို လှမ်းလှမ်းပြောနေ၏။ မိုးမြင့်ကတော့ ဘာဝေဖန်ချက်မှ မပေးသော်လည်း မြင့်နိုင်ပြတဲ့ ကောင်မလေးတွေကိုတော့ လိုက်ကြည့်ပေးသည်။

"ပေါက်စီ တစ်ပွဲချ၊ နောက်ပြီး ကော်ဖီကို ရေနွေးအပြည့် မထည့်ဘဲ ယူလာပေးနော်"

"အစ်မတို့ကတော့ ခေါက်ဆွဲကြော် တစ်ပွဲနဲ့ ရှမ်းခေါက်ဆွဲ တစ်ပွဲပေး မောင်လေး၊ မြန်မြန်လေးနော်၊ ပြီးတော့ ရှမ်းချဉ်လေးပါ ယူလာခဲ့"

တစ်ဖက်ဝိုင်းမှ အသံကြားရ၍ မြင့်နိုင်က ဘာရယ်မဟုတ် လှည့်ကြည့်လိုက်သည်။ ထို့နောက် ကမန်းကတန်း မိုးမြင့်ကို လက်ကုတ်လိုက်ကာ . . .

"ဟော့ကောင် ဘေးဝိုင်းမှာ ဟိုကောင်မလေးကွ၊ အသက်ရှူဦးမယ်"

မိုးမြင့်က တစ်ချက်လှမ်းကြည့်ပြီး . . .

"ဘယ်ကောင်မလေးလဲ"

ဟု မေးသည်။ မြင့်နိုင်က မေ့တတ်လိုက်တာဆိုသည့် အမူအယာနှင့် . . .

"ဟိုကောင်မလေးလေကွာ၊ ငါတို့ ပြဿနာတက်တဲ့ ကောင်မလေး"

ထိုတော့မှ မိုးမြင့်က မှတ်မိသွားပြီး . . .

"ဩော် အေး ဟုတ်သားပဲ၊ ဒါဆို သူက သိပ္ပံဘက်က ဖြစ်မယ်

[redacted]



ကွ၊ ဒါကြောင့် ငါတို့ မတွေ့တာ"

မြင့်နိုင်က မိုးမြင့်စကားကို ခေါင်းညိတ်ထောက်ခံ၍ ဟိုဘက်ဝိုင်းသို့ တစ်ချက် တစ်ချက် လှမ်းကြည့်နေသည်။ မြင့်နိုင်ပြောတဲ့ ကောင်မလေးက တစ်ယောက်တည်း မဟုတ်။ အဖော် နှစ်ယောက်ပါပါသည်။ အားလုံး ထိုကောင်မလေးလိုပဲ ခေတ်ဆန်ဆန်နဲ့ ချောချောလေးတွေ။ သူတို့ရှိနေတာကိုတော့ သတိထားမိပုံ မရသေး။

မြင့်နိုင်က ကောင်မလေးတွေကို ကြည့်ပြီး . . .

"အမိုက်ကလေးတွေကွ၊ ငါတို့ဘက်က ရွာတွေမှာဆို ကွမ်းတောင်ကိုင် တန်းဖြစ်မှာ သေချာတယ်"

"တိုးတိုးပြောပါကွာ၊ ကြားသွားပါဦးမယ်"

မြင့်နိုင်က ဇက်ကလေးပုကာ ငြိမ်သွားသည်။ ပြီးတော့မှ လေသံတိုးတိုးနှင့် . . .

"ငါတို့ ပြီးရင် သူတို့နောက် လိုက်သွားရအောင်"

"ဟာ ဟော့ကောင် ရူးနေလား၊ ငါတို့နဲ့ ခင်တာမှ မဟုတ်တာ"

"ပေါ်တင်ကြီးတော့ လိုက်မလားကွ၊ အနောက်က မယောင်မလည် လိုက်ချောင်းမှာပေါ့"

"မင်းက လိုက်ချောင်းပြီး ဘာလုပ်မလို့လဲ"

"သူတို့မေဂျာ သိရအောင်လေကွာ"

"နေပါကွာ၊ ပြဿနာမရှာချင်စမ်းပါနဲ့၊ သူတို့မေဂျာ သိတော့ရော မင်းနဲ့ဘာဆိုင်လို့လဲ၊ မင်းက ဘာလုပ်လို့ ရမှာလဲ"

မြင့်နိုင် ခေါင်းကိုကုတ်ကာ အကြံအိုက်သွားသည်။ မိုးမြင့်ရဲ့

[redacted]

www.burmeseclassic.com

www.burmeseclassic.com



အမေးစကားအတွက် သူ့မှာ အဖြေမရှိ။ သူ ဘာကြောင့် လိုက်သွားချင်လည်းဆိုတာလည်း သူ့ကိုယ်သူ မသိပေ။ တစ်ခုတော့ ရှိသည်။ တက္ကသိုလ်မှာ ကောင်မလေးလှလှလေးတွေနောက် လိုက်ပြီး နောက်ချင်ပြောင်ချင်သော ပေါးလားဟားလားပုံစံမျိုးတော့ ဖြစ်နိုင်၏။ သို့သော် အဲ့ဒီလိုမျိုးကျတော့လည်း မြင့်နိုင်မှာ အဲ့ဒီလောက် သတ္တိမရှိ။ သူက အဲ့ဒီကောင်မလေး ဘယ်မေဂျာမှာ တက်နေလဲဆိုတာလောက်သာ သိချင်သူဖြစ်၏။

ထမင်းစားပြီးသွားတော့ မိုးမြင့်က . . .

"လာကွာ ပြန်ရအောင်"

"ခဏလေးနေပါဦးကွာ မင်းကလဲ၊ အတန်းချိန် နည်းနည်းနောက်ကျသွားလို့လဲ မင်းကို ဆရာမက မရိုက်ပါဘူး၊ အခု ငါတို့ လစ်လာတဲ့ အတန်းချိန်တောင် မပြီးသေးပါဘူး"

မိုးမြင့်က ဘာမှမပြောတော့ဘဲ သက်ပြင်းကို ချကာ ဆက်ထိုင်သည်။ မြင့်နိုင်က ဆေးလိပ်တစ်လိပ်ကို ထုတ်၍ မိုးမြင့်အား ပေး၏။ မိုးမြင့်က မြင့်နိုင် လှမ်းပေးတဲ့ ဆေးလိပ်ကို ယူ၍ မီးညှိကာ တစ်ချက်ဖွာရှိုက်လိုက်သည်။ ထို့နောက် ဘာရယ်မဟုတ် ကောင်မလေးတွေဝိုင်းဘက်ကို လှမ်းကြည့်လိုက်သည်။ ထိုအချိန်တွင် သူတို့ဘက်သို့ တစ်ချက်လှမ်းကြည့်လိုက်သော ကောင်မလေးတစ်ယောက်၏ မျက်လုံးနှင့် သွားဆုံ၏။ မိုးမြင့် သူခိုး လူမိသွားသလို ရင်ထိတ်သွားကာ သူ့အကြည့်ကို ချက်ချင်းလွှဲဖယ်ပစ်လိုက်၏။

အမှန်တော့ သူ့အတွေးနှင့် သူမို့လို့ ရင်ထိတ်သွားရခြင်းပါ။





ထိုကောင်မလေးက မိုးမြင့်တို့ဝိုင်းဘက်သို့ ဘာရယ်မဟုတ် လှမ်းကြည့်လိုက်ခြင်းသာဖြစ်၏။

မြင့်နိုင်က မိုးမြင့် အမူအယာ ပျက်သွားတာကို သတိထားမိလိုက်၍ . . .

"မင်း ဘာဖြစ်နေတာလဲ၊ ဣန္ဒြေရရ နေစမ်းပါ"

"ဟိုဟာကွ၊ ငါတို့ ဒီမှာရှိနေတာကို သူတို့သိသွားပြီလား မသိဘူး၊ လစ်ရအောင်ကွာ လာ"

"ဟာ သိသွားတော့ ဘာဖြစ်လဲကွ၊ တက္ကသိုလ်မှာရှိတဲ့ ကန်တင်းတွေ အားလုံး ကြိုက်တဲ့လူ ဝင်ထိုင်လို့ ရတာပဲ၊ သူတို့က ငါတို့ကို ဘာလုပ်လို့ ရမှာလဲ"

"ဟာ ငါတော့ လန့်လာပြီ၊ ဟို ပေါက်စီကိစ္စ မကျေနပ်လို့ ထပ်ပြီး ပြဿနာရှာရင် ဘယ်လိုလုပ်မလဲ"

"ကွာတ် မင်းကလည်းကွာ ကြောက်စရာမရှိ ရှာကြံကြောက်နေတယ်၊ အဲ့ဒီကိစ္စက ပြီးသွားပြီပဲဟာ"

မိုးမြင့်က မဝံ့မရဲ ထပ်ကြည့်သည်။ ပထမ သူနဲ့မျက်လုံးချင်းဆုံသည့် ကောင်မလေးနှင့်ပင် ထပ်၍ မျက်လုံးချင်း ဆုံပြန်သည်။ အမှန်တော့ ဟိုကောင်မလေးက မိုးမြင့် သူ့ကို ပထမတစ်ချက် ကြည့်သွားပြီး ကမန်းကတန်း အကြည့်လွှဲဖယ်သွားသော အမူအယာကြောင့် စူးစမ်းချင်သည့်စိတ်နှင့် နောက်တစ်ခေါက် ပြန်ကြည့်ခြင်းပါ။ 'ဘယ်လိုလဲ' ဆိုတဲ့သဘော။

ဒီဘက်ကတော့ သိတဲ့အတိုင်း အရင်ကတည်းက သူ့ဖို ခပ်



www.burmeseclassic.com

www.burmeseclassic.com



ကောင်းကောင်းဆိုတော့ ဝုန်းခနဲ ထရပ်လိုက်ကာ . . .

"ငါ . . ငါ . . သွားတော့မယ်"

ဟုဆို၍ စားပွဲဝိုင်းမှ ထသွား၏။ ထိုအချိန်တွင် စားပွဲပေါ်မှ ထမင်းပေါင်း ပန်းကန်ပြားက မိုးမြင့်နဲ့ တိုက်မိပြီး မြေကြီးပေါ် ပြုတ်ကျသွား၏။

မိုးမြင့်တို့ဝိုင်းမှ အသံပလံတွေ ကြားရတော့ ကောင်မလေးတွေဝိုင်းက လှည့်ကြည့်သည်။ ထို့နောက် မြင့်နိုင်ကို တွေ့သွား၍ သူနဲ့ ပြဿနာတက်တဲ့ ကောင်မလေးက မှတ်မိသွား၏။

ထိုအချိန် စားပွဲဝိုင်းမှာ မိုးမြင့် မရှိတော့။ မြင့်နိုင် တစ်ယောက်တည်း ကြောင်တောင်တောင်ကြီး ကျန်ခဲ့သည်။ မြင့်နိုင်လည်း ဘာလုပ်လို့ ဘာကိုင်ရမှန်း မသိတော့ဘဲ စားပွဲထိုးလေးကို ခေါ်ကာ ပိုက်ဆံ အမြန်ရှင်း၍ ကဲန်တင်းထဲမှ ထလစ်လာရတော့သည်။

စိတ်ထဲမှာတော့ မိုးမြင့်ကို အမျိုးမျိုး ကျိန်ဆဲ၍ လျှောက်လာခဲ့လိုက်ပါတော့၏။ မိုးမြင့်ကတော့ ဘယ်ရောက်သွားမှန်း မသိတော့။

* * *



"ငါ ပြောတာ အဲ့ဒီကောင်ပေါ့၊ ပေါက်စီကိုစားရင် ကောင်းကောင်းမစားဘူးဆိုတာ"

မိုးမြင့်တို့ ထွက်သွားပြီးတော့ တစ်ဖက်ဝိုင်းမှ ကောင်မလေးက ပြောလိုက်ခြင်းဖြစ်သည်။ ကျန်တဲ့နှစ်ယောက်က ထိုကောင်မလေးကို ကြည့်၍ . . .

"ပုံစံကတော့ ကြောင်တောင်တောင်တွေပါဟာ"

"တောသားတွေ ထင်ပါတယ်၊ အညာက ဒီမှာ ကျောင်းလာတက်တာတဲ့"

"အဲ့ဒါကြောင့် အူကြောင်ကြောင်တွေ ဖြစ်နေတာနေမှာပေါ့၊ ဒါနဲ့ ခုန သူတို့ဝိုင်းက ဘာဖြစ်သွားတာလဲ"

www.burmeseclassic.com

www.burmeseclassic.com



"ငါလည်း ဘယ်သိမလဲဟဲ့၊ နင်တို့နဲ့ အတူထိုင်နေတာပဲ"

ထိုအချိန်တွင် နောက်ကောင်မလေးတစ်ယောက်က ဝင်ပြောသည်။

"အဲ့ဒီ နင်ပြောတဲ့ လူနဲ့ ပါလာတဲ့ တစ်ယောက်က ငါတို့ဝိုင်းကို ခိုးကြည့်နေတာ ထင်တယ်ဟ၊ ငါ လှမ်းကြည့်လိုက်တာနဲ့ ဆုံတော့ သူ့မျက်နှာ ပျက်သွားတာ တွေ့လိုက်တယ်၊ ငါလည်း အဲ့ဒီလူ ဘာဖြစ်သွားလဲဆိုပြီး ထပ်ကြည့်လိုက်တော့ သူ ထထွက်သွားတာပဲ"

ထိုစကားကိုကြားတော့ မြင့်နိုင်နဲ့ ပြဿနာတက်ခဲ့သည့် ကောင်မလေးက တွေးတွေးဆဆလုပ်၍ . . .

"ဒါဆို ငါတို့ ဒီမှာရှိနေတာ သူတို့ အရင်ကတည်းက သိနေလို့ ဖြစ်ရမယ်၊ ဒါကြောင့် ငါတို့အကြောင်းတွေ လှမ်းကြည့်ပြီး အတင်းပြောတဲ့အချိန် နင်ကြည့်လိုက်တာနဲ့ သွားတိုးလို့ မလုံမလဲဖြစ်ပြီး ထပြေးတာ ဖြစ်မယ်"

အားလုံးက ထိုကောင်မလေးပြောတဲ့ စကားကို ထောက်ခံတဲ့သဘော ခေါင်းညိတ်ပြကြသည်။ ထို့နောက် မိုးမြင့်နဲ့ အကြည့်ချင်းဆုံခဲ့တဲ့ ကောင်မလေးက ဝင်ပြောသည်။

"ငါတို့အကြောင်း သူတို့ အတင်းပြောတယ်ဆို၊ တခြားလူအကြောင်းတော့ ဖြစ်မှာမဟုတ်ဘူး၊ သီရိ နင့်အကြောင်းပဲ ဖြစ်ရမယ်"

သီရိဆိုတာ မြင့်နိုင်နဲ့ ပြဿနာတက်ခဲ့တဲ့ကောင်မလေးကို ဆိုလိုခြင်းဖြစ်သည်။ ထိုကောင်မလေးစကားကို သီရိကလည်း မငြင်းပါ။ ငြင်းလည်း ငြင်းစရာမလိုပါ။ ဒီသုံးယောက်ထဲမှာ ဒီကောင်တွေ ပတ်

[redacted]



သက်ခဲ့ဖူးတာဆို၍ သူမ တစ်ယောက်တည်း ရှိလေသည်။ ထို့ကြောင့် သူမအကြောင်းသာ ပြောဖြစ်ကြလိမ့်မည်ဖြစ်၏။

"သေချာတာပေါ့ လေပြေရယ်၊ နင်ပြောသလို ငါ့အကြောင်းပဲ ဖြစ်မှာပေါ့"

"ဒါဆို သူတို့ နင့်နောက်ကို လိုက်ကြည့်နေတာလား မသိဘူး"

ကျန်တဲ့ကောင်မလေး တစ်ယောက်က ဝင်ပြောခြင်းဖြစ်၏။ လေပြေက ထောက်ခံသည့်သဘော ခေါင်းညိတ်ပြလိုက်ကာ . . .

"ဒါလည်း ဖြစ်နိုင်တယ်၊ ရုပ်ရှင်တွေထဲကလိုနင့်ကို မကျေနပ်လို့များ လက်စားလိုက်ချေမလား မသိဘူး"

ဟု ပြောလိုက်၏။

လေပြေ့ စကားကြောင့် အားလုံးပြုံးလိုက်ကြသည်။ သီရိက ခပ်ထေ့ထေ့ တစ်ချက်ပြုံး၍ . . .

"လက်စားလိုက်ချေတယ်ဆိုရင်လည်း သီရိအကြောင်း သိကြသေးတာပေါ့၊ ဒါပေမယ့် ဒီကောင်တွေ ဒီလောက် အဖြစ်ရှိမယ်ပုံ မပေါ်ပါဘူး"

အားလုံး ရယ်လိုက်ကြလေသည်။ ထို့နောက် ပိုက်ဆံရှင်း၍ သူတို့ ကန်တင်းမှ ထွက်လာကြလေ၏။

* * *

[redacted]

www.burmeseclassic.com

www.burmeseclassic.com



တစ်ရက်မှာ မိုးမြင့်တို့ မေဂျာသို့ အောင်ကိုနိုင် ရောက်လာ၏။ အကြောင်းရင်းကတော့ ကဗျာကို ဝါသနာပါသည့် သူငယ်ချင်းတွေစုပြီး ထုတ်ထားသော ကဗျာစာအုပ်လေး လာရောင်းခြင်းဖြစ်သည်။ တစ်ဆောင်တည်းနေ သူငယ်ချင်းတွေဆိုတော့ မိုးမြင့်တို့ နှစ်ယောက်က သူတို့မေဂျာမှာ လိုက်ရောင်းပေးသည်။ သူတို့ကိုယ်တိုင်လည်း တစ်ယောက် တစ်အုပ် အားပေးလိုက်ကြ၏။

အောင်ကိုနိုင်က ကဗျာစာအုပ် ရောင်းရငွေတွေကို ရေတွက်ရင်း

"မင်းတို့နှစ်ယောက် ကူညီလို့ ငါ့ကဗျာစာအုပ်တွေ ဒီမှာ တော်တော်ရောင်းလိုက်ရတယ်ကွ၊ မင်းတို့ကို ကျေးဇူးတင်တယ်ကွာ၊ ငါ တစ်ခုခု လိုက်ကျွေးပါရစေ"

[redacted]



ပထမတော့ ငြင်းမလို့ လုပ်သေးသည်။ အောင်ကိုနိုင်က အတင်းထပ်ခေါ်၍ ပါသွားကြ၏။ ထို့နောက် အီးမေဂျာနားက ကန်တင်းမှာပဲ သူတို့ ထိုင်ဖြစ်ကြ၏။ လက်ဖက်ရည် တစ်ယောက်တစ်ခွက် မှာပြီးနောက် အောင်ကိုနိုင်က . . .

"မင်းတို့မေဂျာမှာရော ကဗျာစာအုပ်တွေ ဘာတွေ လုပ်တဲ့လူ မရှိဘူးလား"

မြင့်နိုင်က လမ်းမမှာ ဖြတ်သွားသည့် ကောင်မလေးတွေ လိုက်ငေးနေ၍ အောင်ကိုနိုင် ပြောတာကို သေချာမကြားလိုက်။ မိုးမြင့်ကသာ ဝင်ဖြေလိုက်သည်။

"ရှိတော့ ရှိမှာပေါ့၊ ငါတို့က ကဗျာကို ခံပဲခံစားတတ်တာ၊ ရေးလည်း မရေးတတ်ဘူး၊ ဝါသနာလည်း သိပ်မပါတော့ မသိဘူး"

အောင်ကိုနိုင်က ရယ်သည်။ ထို့နောက် လာချပေးတဲ့ လက်ဖက်ရည်ကို တစ်ငုံသောက်ပြီး စကားကို ဆက်၏။

"ကဗျာဆိုတာ နူးညံ့တဲ့ စိတ်အာရုံခံစားမှုက ပေါက်ဖွားလာတာလို့ အဆိုရှိကြတယ်ကွ၊ သူ့ကို ခံစားတဲ့ လူတွေရဲ့ စိတ်အာရုံကိုလည်း နူးညံ့သွားစေတယ်တဲ့၊ မင်းတို့က ကဗျာကို ခံစားတတ်တယ်ဆိုတော့ မင်းတို့ရဲ့ မသိစိတ်တော့က မင်းတို့ မသိအောင် နူးညံ့နေမှာတော့ အသေအချာပဲ"

မိုးမြင့်တို့က အောင်ကိုနိုင်ပြောတဲ့စကားတွေကို နားလည်သလိုလို ရှိသည်။ နားမလည်သလိုလိုလည်း ရှိ၏။ သို့သော် ဘာမှတော့ ပြန်မပြော။ အောင်ကိုနိုင်က လက်ဘက်ရည်ကို နောက်တစ်ငုံ ဆက်

www.burmeseclassic.com

[redacted]

www.burmeseclassic.com



သောက်သည်။ ပြီးနောက် . . .

"မင်းတို့ အားရင် ငါ့ကို တစ်ခုကူညီကြပါလားကွာ"

နှစ်ယောက်စလုံးက အောင်ကိုနိုင်ကို ကြည့်၍ . . .

"ဘာကူညီရမှာလဲ"

"ငါက ဒီနေ့ ကဗျာစာအုပ် လိုက်ရောင်းဖို့ တာဝန်ကျတယ်ကွ၊ ငါနဲ့အတူတူ အဖော်လိုက်ပေးမယ့် နှစ်ကောင်ကလည်း ကိစ္စရှိလို့ နေခဲ့တယ်၊ တကယ်လို့ မင်းတို့နှစ်ယောက် အားမယ်ဆိုရင် ငါနဲ့ အဖော်လိုက်ပေးကြပါလား"

မိုးမြင့်နဲ့ မြင့်နိုင် တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်ကြသည်။ ဘယ်လိုလဲဆိုသော အကြည့်မျိုးတွေဖြစ်၏။ အောင်ကိုနိုင်က သူတို့ အမူအယာတွေ ကြည့်ပြီး နည်းနည်းထပ်တွန်းရင် ရပြီဆိုတာ သိလိုက်ရ၏။ ထို့ကြောင့် . . .

"လိုက်ခဲ့ပါကွာ၊ အပျင်းပြေကောင်မလေးတွေ လျှောက်ကြည့်ရင်း ရောင်းကြတာပေါ့"

ဟု ချူဆီလေး ထည့်ပေးလိုက်၏။ ထိုစကားလည်း ကြားရော မြင့်နိုင်က ဦးဆောင်၍ . . .

"ဒါဆို သိပ္ပံဆောင်တွေဘက် အရင်သွားရောင်းကွာ"

ဟုပြောကာ ထရပ်လိုက်လေသည်။ မိုးမြင့်ကတော့ မြင့်နိုင်ကို မကျေမချမ်း လှမ်းကြည့်လိုက်မိပါတော့သည်။

'သင်းအကြံ ငါသိတယ်' ဆိုတဲ့ အကြည့်မျိုး . . .။

* * *

[redacted]



စာတုပေဒအဆောင်ဘက်မှာ ငါးအုပ်ရောင်းရသည်။ ဘူမိ ဘက်မှာက သုံးအုပ်။ (Zoo) ဘက်ကို ရောက်တော့ တော်တော်နဲ့ မရောင်းရ။ အားလုံး အတန်းတက်နေကြ၍ ဖြတ်သွား ဖြတ်လာတွေကိုသာ လိုက်ပြကြည့်သည်။ ဘယ်သူမှ စိတ်ဝင်စားမှု သိပ်မရှိကြ၍ အားလုံးက လက်သာခါပြကြသည်။ တချို့တွေက လှည့် တောင် မကြည့်၊ တချို့တွေကတော့ အားနာပါးနာနှင့် 'ဝါသနာ မပါလို့ပါ' 'မနေ့ကပဲ တစ်အုပ် ဝယ်ပြီးသွားပြီ' စသည်ဖြင့် ပြောပြီး အလိမ္မာနဲ့ ငြင်းကြ၏။ နောက်ဆုံး လက်လျှော့ပြီး ပြန်ခါနီးမှာ ဆရာ တစ်ယောက် ဖြတ်လျှောက်လာတာ တွေ့၍ သွားရောင်းလိုက်တာ တစ်အုပ် ရောင်းလိုက်ရသည်။ ဆရာကလည်း ဝါသနာပါလို့တော့ မဟုတ်။ ကျောင်းသားတွေရဲ့ အားထုတ်မှုကို အားပေးသောအားဖြင့်

[redacted]

www.burmeseclassic.com

www.burmeseclassic.com



ဝယ်လိုက်ခြင်းသာ။

မြင့်နိုင်ကတော့ ပျော်နေသည်။ သူက ကဗျာစာအုပ် ရောင်းရတာ၊ မရောင်းရတာ ခေါင်းထဲ သိပ်မရှိ။ ဒီလို လျှောက်သွားနေရရင် ပျော်နေသူသာ။ သွားရင်းလာရင်းနှင့် ကောင်မလေးတွေကို လျှောက်ကြည့်သည်။ သူနှင့် ပြဿနာတက်ခဲ့သည့် ကောင်မလေးများ တွေ့လိုတွေ့ငြား လိုက်ရှာ၏။ သူ့အတွက် ဖိုးသူတော် လမ်းပျောက်လေဆွမ်းဆန်ရလေ ဖြစ်နေသည်။

အောင်ကိုနိုင်ကတော့ လက်ကျန်ကဗျာစာအုပ်တွေကို ရေတွက်ရင်း သက်ပြင်းတချချ ဖြစ်နေသည်။ အရင်းရဖို့နေနေသာသာ စရိတ်တောင် မကျေသေးဘူးဆိုပြီး ခဏခဏ ညည်းနေ၏။ မိုးမြင့်ကတော့ သူတို့လိုမဟုတ်။ သူက လိုက်ခဲ့ဆိုလို့သာ ဝတ္တရားအရ လိုက်ခဲ့ရသူဖြစ်သောကြောင့် စိတ်ထဲမှာ ထူးထူးခြားခြား ခံစားချက် ဘာမှမရှိ။ သို့သော် လမ်းလျှောက်ရတာတွေများပြီး ခြေထောက် ညောင်းလာသောကြောင့် စိတ်တော့ ညစ်မိသည်။

"အစ်မကြီး တစ်အုပ်လောက် အားပေးသွားပါဦးဗျ"

သူတို့ထက် အသက်ကြီးမယ့်ပုံ ထင်ရသော ကျောင်းသူတစ်ဦးဘေးက ဖြတ်သွား၍ အောင်ကိုနိုင်က စာအုပ်ကလေးတွေ ထောင်ပြကာ ပြောလိုက်ခြင်းဖြစ်သည်။ သူတို့က ရူပဗေဒအဆောင်တွေဘက်သို့ ချိုးကွေ့လာသော လမ်းပေါ်သို့ ရောက်နေခြင်းဖြစ်၏။ ထိုကျောင်းသူက ပထမတော့ ကြောင်တောင်တောင် ဖြစ်သွားပြီးမှ စာအုပ်ကလေးတွေကို ကြည့်၍ စိတ်ဝင်စားသွားဟန်နှင့် . . .

"ဘာတွေလဲ"

"ကဗျာစာအုပ်လေးတွေပါ အစ်မ၊ တစ်အုပ်မှ ငါးရာထဲပါဗျ"

[redacted]



ထိုကျောင်းသူက တစ်အုပ် လှမ်းယူ၍ ဟိုလှန် ဒီလှန် လုပ်သည်။ ပြီးတော့ စာအုပ်ကို ဖင်ပြန် ခေါင်းပြန် ကြည့်ပြီး . . .

"ရယ်ရလား"

"ဗျာ"

"ရယ်ရလားလို့ မေးတာ"

"အစ်မ မှားနေပြီထင်တယ်၊ ဒါ . . ဒါ . . ကဗျာစာအုပ်ပါ၊ ဝတ္ထုစာအုပ်တို့ ကာတွန်းစာအုပ်တို့မှ မဟုတ်တာ"

ထိုကျောင်းသူက စာအုပ်ကလေးကို ပြန်ပေးလိုက်၍ . . .

"ကဗျာစာအုပ်ဆိုတာတော့ သိတာပေါ့၊ ကဗျာမှာလည်း ရယ်ရတဲ့ ကဗျာတွေ ရှိတယ်လေ၊ တို့က ဘာပဲဖတ်ဖတ် ရယ်ရမှ ဖတ်ချင်တာ၊ ရုပ်ရှင်ကြည့်ရင်လည်း ဟာသကားမှ"

အောင်ကိုနိုင် ဘာမှဆက်မပြောတော့။ သူ့ဆီ လှမ်းပေးလိုက်သော စာအုပ်ကလေးကိုသာ အသာယူ၍ ထိုကျောင်းသူထံမှ ထွက်လာခဲ့လိုက်၏။

ခပ်လှမ်းလှမ်းရောက်တော့ အောင်ကိုနိုင်က . .

"အဲ့ဒါပဲကွ လောကကြီးမှာ မရှိတာထက် မသိတာက ခက်တယ်ဆိုတာ အဲ့ဒါမျိုးတွေကို ပြောတာဖြစ်မယ်၊ သူတို့ လိုချင်တဲ့ ပုံစံမှန်သမျှ လောကကြီးက ဖန်တီးပေးရမလို ဖြစ်နေပြီ"

မိုးမြင့်နဲ့ မြင့်နိုင်က ဘာမှတော့ မပြောပါ။ အောင်ကိုနိုင့်စကားကိုသာ နားထောင်ရင်း ဆိတ်ဆိတ်နေပေးကြ၏။ ခဏနေတော့ ရူပဗေဒအဆောင်ရှေ့ ရောက်လာ၍ အထဲသို့ သူတို့ လှမ်းဝင်လိုက်ပါတော့၏။

* * *

[redacted]

www.burmeseclassic.com

www.burmeseclassic.com



အဆောင်အတွင်းဘက်ရောက်တော့ စာသင်ခန်းတွေအရှေ့ဘက်ထွက်ရပ်နေကြသော ကျောင်းသူ၊ ကျောင်းသား တော်တော်များများ တွေ့ရသည်။ ကော်ရေတာတစ်လျှောက် လမ်းလျှောက်နေသော သူများကိုလည်း တွေ့ရ၏။

သူတို့က မျက်စိတစ်ချက် ဝေ့ကြည့်ပြီး လှမ်းသွားမလို့လုပ်စဉ် အောင်ကိုနိုင့်သူငယ်ချင်းတစ်ယောက်နဲ့ တွေ့ပြီး နှုတ်ဆက်လိုက်ရသေးသည်။

"ဘယ်လာတာလဲ"

အောင်ကိုနိုင်က . . .

"ဒီဘက် ခဏလှည့်လာတာ၊ စာအုပ်တွေ ရောင်းဖို့လေ၊ မင်းကရော"

[redacted]



"ဒီလိုပါပဲကွာ၊ ဒါနဲ့ မင်း ထွက်လာတော့ ချစ်တီးတို့ တွေ့ခဲ့သေးလား"

အောင်ကိုနိုင်နဲ့ သူ့သူငယ်ချင်းက စကား ခဏရပ်ပြောနေတာတွေ့ရ၍ မိုးမြင့်နဲ့ မြင့်နိုင်က ယောင်လည်လည်နှင့် ဟိုကြည့် ဒီကြည့် လုပ်နေရသည်။ ခဏနေတော့ မြင့်နိုင်က တစ်စုံတစ်ခု တွေ့သွားဟန်နှင့် တစ်နေရာသို့ စိတ်ဝင်တစား စိုက်ကြည့်ကာသွား၏။ ပြီးတော့ မိုးမြင့်ကို လက်လှမ်းကုတ်လိုက်ကာ ခပ်သွက်သွက်လေသံနှင့် . . .

"ဟေ့ကောင် ဟေ့ကောင် . . ဟိုမှာ ဟိုဟာလေးတွေမလား"

မိုးမြင့်ကလည်း ရုတ်တရက်ဆိုတော့ ကြောင်တောင်တောင်နှင့်

"ဘယ်မှာလဲ၊ ဘယ်ဟာလေးလဲ"

"ဘယ်ဟာရှိရမှာလဲကွာ၊ ငါ ပြစရာကောင်မလေးဆိုလို့ ဟို ကောင်မလေးတွေပဲ ရှိတာပဲ"

မိုးမြင့်က လှမ်းကြည့်လိုက်သည်။ အခန်းတစ်ခန်းရှေ့က ခုံတန်းလျားတွင် ထိုင်နေသော ကောင်မလေး လေးယောက်လောက်ကို တွေ့လိုက်ရ၏။ ထိုကောင်မလေး လေးယောက်ထဲတွင် တစ်ယောက်ကတော့ မြင့်နိုင်နဲ့ ပြဿနာတက်သည့် ကောင်မလေးဆိုတာ တွေ့ရ၏။

မြင့်နိုင်က အကြံတစ်ခု ထုတ်လိုက်ပြီး အောင်ကိုနိုင့်ဆီ လှမ်းသွားလိုက်သည်။ ပြီးနောက် ကဗျာစာအုပ်တွေ ယူလာပြီး မိုးမြင့်ကို တစ်ဝက်လှမ်းပေး၏။ မိုးမြင့်လည်း ယောင်ကြောင်ကြောင်နဲ့ လှမ်းယူပြီးတော့မှ . . .

"ဟေ့ကောင် ဘာလုပ်မလို့လဲ"

"လျှာမရှည်စမ်းပါနဲ့၊ အဲ့ဒါတွေ ယူပြီး ငါ့နောက် လိုက်ခဲ့စမ်းပါ"

[redacted]

www.burmeseclassic.com

www.burmeseclassic.com



ပြောလည်းပြော မြင့်နိုင်က ရှေ့က အရင်ထွက်သွား၏။ မိုးမြင့် စာအုပ်တွေကို ကြောင်တောင်တောင်နဲ့ ကြည့်နေရာမှ ပါသွားတော့သည်။ မြင့်နိုင်ကတော့ သူ ရည်ရွယ်ထားတဲ့ ကောင်မလေးကို တွေ့လိုက်ရပြီဖြစ်၍ ပျော်တပြုံးပြုံး။ ထို့ပြင် ဝင်ရောက်ရောနှောဖို့ကလည်း အကြောင်းပြစရာ ကဗျာစာအုပ်လေးတွေ ရှိနေ၍ ပီတိတွေ ဖြာနေရ၏။

မြင့်နိုင်က ကောင်မလေးတွေရှေ့ ရောက်သွားတော့ . . .

"ကဗျာစာအုပ်လေးတွေ ဝယ်ကြပါဦးဗျာ"

ကောင်မလေးတစ်ယောက်က မော့ကြည့်သည်။ မြင့်နိုင်ကို တွေ့သွားတော့ သူ့မဘေးက ကောင်မလေးတစ်ယောက်ကို လက်ကုတ်ကာ

"ဟဲ့ ကဗျာစာအုပ်တဲ့"

ထိုကောင်မလေးကလည်း ကြောင်တိကြောင်တောင်နဲ့ မော့ကြည့်ပြီး . . .

"ဘာလဲ၊ ဘာကဗျာစာအုပ်လဲ"

ဟု ပြော၍ မြင့်နိုင်ကို တွေ့လိုက်တော့မှ မှတ်မိသွားပြီး . . .

"ဪ ရှင်ကို၊ ရှင်တို့ ဘာလာကြောင်ပြန်ပြီလဲ"

"လာကြောင်တာ မဟုတ်ပါဘူးဗျာ၊ ကျွန်တော်တို့ သူငယ်ချင်း တစ်ယောက်လုပ်တဲ့ ကဗျာစာအုပ်လေးတွေ လာရောင်းတာပါ၊ ပြီးတော့ ဟိုတစ်ခါ ကိစ္စကိုလည်း တောင်းပန်ရင်းပေါ့ ဟဲ ဟဲ"

မြင့်နိုင်က ရယ်ဖြဲဖြဲနှင့် မျက်နှာချိုလေးသွေးကာ ဆို၏။ မိုးမြင့်ကတော့ အနည်းငယ် လန့်နေသည်။

ထိုအချိန်မှာ အောင်ကိုနိုင်က သူ့သူငယ်ချင်းနှင့် စကားရပ်ပြောနေရာမှ နှုတ်ဆက်ပြီး သူတို့ရှိရာသို့ ထွက်လာခဲ့လိုက်၏။ မိုးမြင့်နဲ့

[redacted]



မြင့်နိုင် ကောင်မလေးတွေနှင့် စကားရပ်ပြောနေတာတွေ့တော့ နည်းနည်းအထင်ကြီးသွားသည်။ ဒီကောင်တွေနဲ့ သူငယ်ချင်းဆိုရင်တော့ မိတ်ကလေး ဘာလေး ဆက်ခိုင်းဦးမှပဲ ဟု စိတ်ထဲ တွေးကာလာ၏။

အောင်ကိုနိုင် သူတို့နား ရောက်ကာနီးတွင် အနောက်ဘက်မှ တစ်စုံတစ်ယောက်က သူ့ခန္ဓာကိုယ်ကို ဆောင့်တွန်းလိုက်သလို ခံစားလိုက်ရလေသည်။ အမှန်တော့ ကျောင်းသား နှစ်ယောက် ဆော့ရင်း နောက်ရင်းနှင့် အောင်ကိုနိုင့်ခန္ဓာကိုယ်သို့ ဝင်ရောက်တိုက်မိခြင်းဖြစ်သည်။ ပြေးရင်း လွှားရင်း တိုက်မိလိုက်သောကြောင့် အရှိန်က နည်းနည်းပြင်းသည်။ ထို့ကြောင့် အောင်ကိုနိုင့် ခန္ဓာကိုယ်သည် ရှေ့သို့ ရုတ်တရက် ငိုက်ကျသွားလေသည်။

အောင်ကိုနိုင်က ရှေ့သို့ ငိုက်ကျသွားသော သူ့ခန္ဓာကိုယ်ကို ထိန်းလိုက်၏။ သို့သော် ရုတ်တရက် ဆောင့်တွန်းခံလိုက်ရသလို ဖြစ်သွားသောကြောင့် အရှိန်ကို မထိန်းနိုင်ခဲ့။ ထို့ကြောင့် ခြေပစ်လက်ပစ်ကြီး မိုးမြင့်တို့ရှိရာဘက်သို့ ဝမ်းလျားမှောက် ပြုတ်ကျသွားလေတော့သည်။

လူသည် ရုတ်တရက် ပစ်လဲကျသွားလျှင် ပတ်ဝန်းကျင်ရှိ တစ်စုံတစ်ခုကို အားကိုးတကြီး လှမ်းဆွဲတတ်သည့် ထုံးစံရှိသည်။ အောင်ကိုနိုင်လည်း ထိုနည်းလည်းကောင်းပင်။

သို့သော် အောင်ကိုနိုင် ဆွဲမိလိုက်သောအရာက မိုးမြင့်ရဲ့ ပုဆိုးခါးပုံစဖြစ်နေတာကတော့ တော်တော် ကံဆိုးသွားရလေတော့သည်။ ဘာမှမတတ်နိုင်တော့။ အောင်ကိုနိုင်က မိုးမြင့် ပုဆိုးခါးပုံစကို အားရပါးရ ဆွဲပြီးသွားလေပြီ။

* * *

[redacted]

www.burmeseclassic.com

www.burmeseclassic.com



မိုးမြင့်သည် မြင့်နိုင်နဲ့ ကောင်မလေးတွေ အပြန်အလှန် စကားပြောနေတာကို ငေးကြည့်နေရာမှ သူ့ခါးအောက် ပိုင်းက ရုတ်တရက် ဟာခနဲ ဖြစ်သွားတာကို သတိထားမိလိုက်၏။ သို့သော် သူ စိတ်ထဲမှာ ဘာဖြစ်လို့ ဖြစ်သွားမှန်းတော့ မသိလိုက်။ ရုတ်တရက်ဆိုတော့ သူ့ခါးအောက်ပိုင်းကို ငုံ့ကြည့်လိုက်မိသည်။ ကြည့်ပြီးပြီးချင်း မိုးမြင့် ကြောင်တောင်တောင်ကြီး ဖြစ်သွား၏။ သူ့ ပုဆိုးကို ကြမ်းပြင်ပေါ်မှာ ပုံလျက်ကလေး တွေ့လိုက်ရသောကြောင့် ဖြစ်၏။

ရင်ထဲမှာ ဒိန်းခနဲ ဖြစ်ကာသွားသည်။ ဘာတွေ ဘယ်လိုဖြစ်ကုန် လည်း သူမသိတော့။ အိပ်မက်များ မက်နေတာလားဆိုပြီး သေသေ





ချာချာ ကြည့်သည်။ သေချာသည်။ သူ့ခြေထောက် နှစ်ချောင်းကို ပေါင်လယ်မှစ၍ ဟိုးအောက်အထိ မိမွေးတိုင်း၊ ဖမွေးတိုင်း မြင်လိုက် ရသောကြောင့် ဖြစ်၏။

မိုးမြင့် ရင်ထဲမှာ ဟာခနဲ ဖြစ်ကာသွားပြီး ဘာလုပ်လို့ လုပ်ရမှန်း မသိတော့။ သူ့ရှေ့မှာ ငုတ်တုတ်ထိုင်နေသည့် ကောင်မလေးတွေက လည်း မိုးမြင့်ကို ကြောင်တောင်တောင်ကြီး ကြည့်နေမိသည်။ ဘာအ ကြောင်းမှ မရှိဘဲ သူ့မရှေ့တွင် ယောကျ်ားတစ်ယောက် ပုဆိုး ကွင်းလုံး ကျွတ်ကျသွားသောကြောင့် ရုတ်တရက် မှင်သက်သွားတာလည်း ဖြစ် နိုင်၏။ ခဏကြာတော့မှ အသိပြန်ဝင်လာကာ . . .

"အမလေး လုပ်ကြပါဦး"

ဟု ထအော်၍ မျက်နှာက တခြားတစ်ဖက်သို့ ချာခနဲ လှည့် ကာ သွား၏။ ကောင်မလေး အော်သံကြားတော့ မိုးမြင့် ဘာလုပ်ရ မှန်း မသိတော့။ မြင့်နိုင်ကလည်း မိုးမြင့်ကို အူကြောင်ကြောင်နဲ့ ကြည့်နေသည်။ မိုးမြင့်လက်ထဲမှာ ကိုင်ထားသော ကဗျာစာအုပ်တွေ ကို ပစ်ချ၍ ပုဆိုးကို ကောက်ဝတ်ကာ ဘယ်သူမှ မကြည့်တော့ဘဲ တစ်ချိုးတည်း လစ်တော့သည်။ အောင်ကိုနိုင်လည်း လဲနေရာမှ ထ ရပ်၍ မိုးမြင့်ကို လှမ်းခေါ်၏။

မိုးမြင့် ဘယ်သူခေါ်သံမှ မကြားတော့။ ပြီးတော့ ဘယ်သူ့ကိုမှ လည်း လှည့်မကြည့်တော့။ သူ သိတာ တစ်ခုပဲ ရှိသည်။ သူ ဒီပတ် ဝန်းကျင်နဲ့ ဝေးဝေးသို့ အမြန်ရောက်သွားချင်သည်။ ရင်ထဲမှာလည်း ရှက်စိတ်ရဲ့ အပူမီးက ဘာနဲ့မှ နှိုင်းယှဉ်မရ။ ထို့ကြောင့် သူ့ခြေလှမ်း တိုင်းက အလွန်လျင်မြန်နေသည်။ ခဏအကြာတွင် မိုးမြင့်၏ခန္ဓာ



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်သည် အားလုံး၏ မြင်ကွင်းတွင် ပျောက်ကာသွားပါတော့သည်။

မိုးမြင့် ထွက်သွားပြီးနောက် သူတို့အားလုံး တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်လိုက်ကြ၏။ သူတို့အားလုံးရဲ့ အကြည့်တွေက ပြဿနာကို ဝေခွဲလို့ မရတဲ့ မျက်ဝန်းတွေနဲ့ . . .။ ခဏနေတော့ မြင့်နိုင်က . . .

"ဘာဖြစ်သွားတာလဲ"

ဘယ်သူမှ ဘာမှမပြောတတ်။ ခဏနေမှ အောင်ကိုနိုင်က . . .

"ငါ့ကြောင့် ဖြစ်သွားတာပါကွာ၊ ငါ့ကိုလည်း ဘယ်သူက နောက်ကျောကို တွန်းလိုက်မှန်း မသိလို့ လဲသွားတာ"

ထို့နောက် အောင်ကိုနိုင်က သူ ကြုံတွေ့ခဲ့ရတာကို အကြောင်းစုံ ရှင်းကာပြသည်။

"ဘာပဲဖြစ်ဖြစ် သူ တော်တော်ရှက်သွားမှာတော့ အမှန်ပဲ"

ကောင်မလေး တစ်ယောက်က ဝင်ပြောလိုက်ခြင်းပါ။ ကျန်တဲ့ တစ်ယောက်ကလည်း ကောက်ခံ၍ . . .

"ရှက်မှာပေါ့ဟ၊ လူလယ်ကောင်မှာဆိုတော့ ရှက်မှာပေါ့၊ ဒါနဲ့ လေပြေ နင် ဘာမြင်လိုက်လဲ"

လေပြေက သူ့ကို မေးသော ကောင်မလေးကို အသံတိတ် လှမ်းဆဲပြီးတော့ . . .

"ဘာကို ဘာမြင်ရမှာလဲ၊ သူက အထဲမှာ အားကစားဘောင်းဘီလို ဘောင်းဘီတို တစ်ထပ်ခံထားပါတယ်ဟ"

"ဒါဆို နင်က ဘာလို့ အလန့်တကြား ထအော်တာလဲ"

"နင်တို့ပဲ စဉ်းစားကြည့်လေ၊ ရုတ်တရက်ဆိုတော့ ငါလည်း

[redacted]



လန့်သွားတာပေါ့"

ထို့နောက် အားလုံး ရယ်လိုက်ကြသည်။ မြင့်နိုင်ပါ အားလုံးနဲ့ ရောယောင်၍ လိုက်ရယ်တော့ . . .

"ရှင်က ဘာရယ်တာလဲ"

"ဘာမှမဟုတ်ပါဘူး၊ ရယ်ရလို့ပါ"

"မရယ်နဲ့၊ သွား"

"ဘယ်ကိုသွားရမှာလဲ"

"ရှင့်ဘာသာရှင် သွားချင်တဲ့နေရာ သွားပေါ့၊ ရှင်တို့ သူငယ်ချင်း နှစ်ယောက်ကလေ ဖြစ်လိုက်ရင် အဆန်းတွေချည်းပဲ"

"ဟုတ်ပါတယ်ဗျာ၊ ကျွန်တော်တို့မှာလည်း ဒီက ပြောသလိုပါပဲ၊ ပြဿနာတွေက ဘာမှမရည်ရွယ်ဘဲ တက်တက်နေရတယ်"

ထို့နောက် စကားစပြတ်သွားကြသည်။

အောင်ကိုနိုင်က မိုးမြင့် ပစ်ချခဲ့တဲ့ ကဗျာစာအုပ်လေးတွေ လိုက်ကာ ကောက်နေ၏။

မြင့်နိုင်က ပြတ်သွားတဲ့စကားကို ပြန်ဆက်ဖို့ လုပ်သည်။ အခုလို စကားစ လေးရတုန်း အခွင့်အရေးကို အလွတ်မခံချင်။ စကားရော ဖောရောနှင့် ဆက်လုံးချင်နေမိသည်။

ထို့နောက် လက်ထဲမှ ကဗျာစာအုပ်လေးတွေကို သတိရပြီး . . .

"ကဗျာစာအုပ်လေးတွေ ဝယ်လိုက်ပါလားဗျာ၊ ဒီကဗျာစာအုပ်လေးတွေက ဒီကောင်တွေ မေဂျာက ထုတ်တာပါ"

ကောင်မလေးတွေက ကဗျာစာအုပ်တွေ လိုက်ကောက်နေသည့် အောင်ကိုနိုင်ကို လှည့်ကြည့်၍ . . .

[redacted]

www.burmeseclassic.com

www.burmeseclassic.com



'ဘယ်မေဂျာကလဲ' ဟု မေး၏။

အောင်ကိုနိုင်က . . .

"မြန်မာစာကပါ"

"ဪ ဟုတ်လား၊ အဲဒီမှာ ကျွန်မတို့ သူငယ်ချင်းတွေ ရှိတယ်၊ သူတို့လည်း ကဗျာတွေ ဘာတွေ ရေးတာ ဝါသနာပါကြတယ်· ဒီစာအုပ်ထဲမှာတောင် သူတို့ ပါကြလား မသိဘူး"

အောင်ကိုနိုင်က ဘယ်သူ့တွေလဲဟု မေး၏။ ‌ေလပြေဆိုတဲ့ ကောင်မလေးက ကျောင်းသူ နှစ်ယောက်နှင့် ကျောင်းသားတစ်ယောက်နာမည် ပြောကာပြ၏။ အောင်ကိုနိုင်က ထိုနာမည်တွေ နားထောင်ပြီးတော့ . . .

"ပါတယ် ပါတယ်၊ ကျွန်တော်နဲ့လည်း သူငယ်ချင်းတွေပဲ"

ထို့နောက် ကဗျာစာအုပ် လေးအုပ် ရောင်းလိုက်ရသည်။ ရောင်းပြီးတော့ ပြန်ဖို့လုပ်၏။ မြင့်နိုင်က သီရိကို လှမ်းပြီး . . .

"နောက်လမ်းတွေ့လည်း ခေါ်မယ်နော်"

"ဘာလို့လဲ"

"ပေါက်စီ ဝယ်ကျွေးခိုင်းမလို့"

"သေလိုက်"

ထို့နောက် အားလုံး ရယ်ဖြစ်ကြ၏။ ဒီနေ့ မိုးမြင့် ပုဆိုး ကျွတ်လိုက်တာ သူ့အတွက် ကောင်မလေးတွေနှင့် ရင်းနှီးမှု ပိုရသွားသလို ဖြစ်သွားသည်ဟု မြင့်နိုင် တွေးမိလိုက်ပါတော့၏။

မိုးမြင့်ကတော့ ဘယ်လိုနေမည်မသိ။

* * *

[redacted]



**ကျောင်း** ထွက်တော့မည်ဟု လုပ်သည်။ မကွေးက တက္ကသိုလ်ကိုပဲ ပြန်တက်တော့မည်ဟု ဆို၏။ ဖြစ်နိုင်ရင် ကိုယ့်ကိုကိုယ် ဆွဲကြိုးချ သတ်သေပစ်လိုက်ချင်သည်ဟုလည်းဆိုသည်။ အသက်ရှူကြပ်မှာစိုးလို့ လက်လျှော့လိုက်ပုံရသည်။ အောင်ကိုနိုင်နဲ့ မြင့်နိုင်ကတော့ တတ်နိုင်သမျှ ဝိုင်းပြီး ဖျောင်းဖျကြသည်။

"မင်းထင်သလို မဟုတ်ပါဘူးကွာ၊ ကောင်မလေးတွေက အေးအေးဆေးဆေးပါ၊ မင်းထွက်သွား တာကို ကြည့်ပြီးတော့တောင် သူတို့က အားနာနေကြသေးတယ်"

မြင့်နိုင်က ထိုသို့ပြောတော့ အောင်ကိုနိုင်က ထောက်ခံသည့်

[redacted]

www.burmeseclassic.com

www.burmeseclassic.com



အလား စကားဝင်ထောက်ပေး၏။

"ဟုတ်တယ်ကွ၊ ပြီးတော့ မင်းကလည်း အားကစားဘောင်းဘီ အတိုလေး တစ်ထည် ဝတ်ထားတယ်ဆိုတော့ ဘာမှပြဿနာ မရှိပါဘူးကွ၊ မင်းဂါ ပုဆိုးကျွတ်ကျသွားတယ်ဆိုတဲ့ ဖြစ်ရပ်တစ်ခုကြောင့်သာ ရှက်နေတာပါ၊ တကယ်တမ်းကျတော့ အောက်မှာ ဘောင်းဘီ တစ်ထပ် ပါနေတာပဲ ဘာမှမဖြစ်ပါဘူး"

မိုးမြင့်က ဘယ်လိုပြောပြော မရပေ။ မကွေးပြန်မယ်ချည်း လုပ်နေသည်။ အောင်ကိုနိုင်က တောင်းပန်စကားလေးဆို၍ . . .

"ငါ့ကြောင့် ဖြစ်ရတဲ့အတွက် ငါ တောင်းပန်ပါတယ် သူငယ်ချင်းရာ၊ တက္ကသိုလ်တစ်ခုကနေ တစ်ခုပြောင်းတယ်ဆိုတာ လွယ်တာ မဟုတ်ဘူးကွ"

"ဟုတ်တယ်လေကွာ မင်းပဲ ရန်ကုန်မှာ တက်ချင်တယ်ဆို၊ ဘာဖြစ်လဲကွာ ယောကျ်ားပဲ ဒီလောက်ကလေးနဲ့ ရှက်စရာလား"

"ဟာ ပုဆိုးကျွတ်ကျသွားတာကွ၊ ကျွတ်ကျသွားမှ ကွင်းလုံးကြီး၊ ဒါ ရှက်စရာမဟုတ်လို့ ဘာလဲ"

"ဟုတ်ပါတယ်၊ ဒါပေမယ့် အောက်မှာ ဘောင်းဘီတို တစ်ထပ် ပါနေသေးတယ်ပဲ၊ မင်းကို အားလုံးက မိမွေးတိုင်း ဖမွေးတိုင်း မြင်သွားကြတာမှ မဟုတ်တာ"

မိုးမြင့် နည်းနည်းတော့ ငြိမ်သွားသည်။ ဘာမှဆက်မပြောဘဲ သက်ပြင်းရှည်ကြီးကို ချ၏။ မြင့်နိုင်က မိုးမြင့်ပုံစံကို ကြည့်၍ နည်းနည်းတော့ အားတက်သွားသည်။ ထို့နောက် . . .

[redacted]



"မင်း မယုံရင် နောက်နေ့ ကောင်မလေးတွေဆီ ငါလိုက်ပို့ပေးမယ်"

မိုးမြင့်က လှည့်ကြည့်၍ . . .

"ဘာလုပ်ဖို့လဲ"

"မင်းရင်ထဲ စိတ်ရှင်းသွားအောင် နင်တို့ အဲ့ဒီနေ့က ဘာမြင်လိုက်ကြလဲလို့ မေးကြည့်"

"သေလိုက်ပါလား၊ မင်းအလှည့်ကျမှ အဲ့ဒီလို သွားမေး"

မြင့်နိုင်က ရယ်လိုက်သည်။ အောင်ကိုနိုင်ကလည်း ပြုံး၏။

မြင့်နိုင်က အရယ်တစ်ဝက်နှင့် . . .

"တကယ်တမ်းကျတော့ ကောင်မလေးတွေက ငါတို့ထင်သလို မဆိုးဘူးကွ သိလား၊ ပေါင်းလို့ သင်းလို့ ရနိုင်တယ်"

မိုးမြင့်က မြင့်နိုင်ကို တစ်ချက်ကြည့်ပြီး . . .

"မင်းက သူတို့နဲ့ စကားလေးလုံးကွဲအောင် ပြောဖူးလို့ အဲ့ဒီစကားမျိုး ပြောရတာလား"

"ပြောဖူးတာပေါ့ကွ"

"ဘယ်တုန်းကလဲ"

"ဟိုနေ့က မင်းထွက်သွားပြီးတော့ မင်း အကြောင်း ပြောကြရင်းနဲ့ ပြောမိကြတာ"

"ဩော် မင်းက ငါ ပုဆိုးကျွတ်ကျတာကို အခွင့်ကောင်း ယူလိုက်တယ်ပေါ့"

"ဟဲ ဟဲ . . အခြေအနေအရပါကွာ၊ လူဆိုတာ အခြေအနေကို

[redacted]

www.burmeseclassic.com

www.burmeseclassic.com



အသုံးချတတ်ရတယ်ကွ"

"ဟုတ်လား အခြေအနေကို အသုံးချတတ်ရတယ်ပေါ့"

"အေးပေါ့"

"ဒါဆို ငါလည်း အခြေအနေကို အသုံးချချင်တယ်"

"ဘာအခြေအနေလဲ"

"မင်းကို ဆွဲထိုးချင်တဲ့ အခြေအနေ"

မိုးမြင့်က ပြောပြီး ထရပ်လိုက်တော့ မြင့်နိုင် ထွက်ပြေးသွားသည်။ မိုးမြင့်က အနောက်က လက်သီးရွယ်ရင်း ပြေးလိုက်သွားလေသည်။ အောင်ကိုနိုင်တစ်ယောက်သာ ရယ်မောရင်း ကျန်ရစ်ခဲ့ပါတော့၏။

* * *

[redacted]



## အခန်း (၂)

[redacted]

www.burmeseclassic.com

www.burmeseclassic.com



ဥပဒေအဆောင်တွေဘက်ကနေ မိန်းလမ်းမကြီးပေါ် ချိုးကွေ့လိုက်တယ်ဆိုရင်ပဲ သူဘေးနားသို့ လူတစ်ယောက်ကပ်လာမှန်း လေပြေ သိလိုက်သည်။ ထုံးစံအတိုင်း စကားငိုက်ပြောတဲ့ ကျောင်းသားတစ်ယောက်မှန်း သိလိုက်၏။ လေပြေက မျက်နှာကို တင်းလိုက်ကာ ခပ်သွက်သွက် ဆက်လှမ်းလိုက်သည်။ သို့သော် သမင်ဘယ်လောက်မြန်မြန် ကျားတစ်ကောင်အတွက်တော့ ခန္ဓာကိုယ် တစ်ချက် ယိမ်းနွဲ့စာသာရှိသည်။ ထိုကျောင်းသားက အနားရောက်လာ၍

"အခုလို သာယာလှပတဲ့ ညနေခင်းလေးမှာ မင်းနဲ့အတူတူ အခုလို လမ်းအတူ တွဲလျှောက်ရမယ်လို့ ကိုယ်တစ်ခါမှ မမျှော်လင့်ဖူးဘူး သိလား"

[redacted]



ဒီအသံကို ကြားဖူးပါတယ်ဆိုပြီး လှည့်ကြည့်လိုက်တော့ Chemistry က ဗညားဖြစ်နေတာ တွေ့ရ၏။ ဗညားက သူ့ရဲ့ပုံစံအတိုင်း ဖရဲသီးတစ်လုံးလို ပူထွက်နေသော ဗိုက်ကလေးကို ရှေ့သို့ ပစ်ကာ ဖင်ကလေး လိမ်ကျစ်လိမ်ကျစ်နှင့် ပါကာလာ၏။

လေပြေ စိတ်ညစ်ကာသွားသည်။ ဘယ်က ဘယ်လို ဒီကောင်နဲ့ လာဆုံရပါလိမ့်ဟု တွေးလိုက်၏။ ဗညားဆိုတဲ့ကောင်ကလည်း သူ့နောက်ကို အားရင် အားသလို လိုက်နေသူ။ စာလည်း နှစ်ခါ သုံးခါလောက် လိုက်ပေးဖူးသည်။ ပေးတိုင်းလည်း သူက ဖြဲပစ်လိုက်သည်သာ။ ဒါလည်း မမှတ်သေး။ သူက စာတွေ ဖြဲဖြဲပစ်သောကြောင့် နောက်တော့ စာမပေးတော့။ တစ်နည်း ကြံလာသည်။ အခြားမဟုတ်။ အခုလို စကားလိုက်ပြောသောနည်းသာ ဖြစ်၏။

"ကိုယ် ညက အိပ်မက် မက်တယ်သိလား၊ အိပ်မက်ထဲမှာ မင်းက ကိုယ်နဲ့အတူတူ တွဲလျှောက်ရင်း ရုတ်တရက် ပျောက်သွားတာ၊ ကိုယ့်မှာဖြင့် ငိုလိုက်ရတာ လေပြေရယ်၊ ပြီးတော့ ကိုယ် ဘာဖြစ်သွားလဲ သိလား လေပြေ၊ ကိုယ် ဘာဖြစ်သွားရမှာလဲ၊ ကိုယ် ရင်ကွဲနာကျပြီး သေမလို ဖြစ်သွားတာပေါ့"

"တစ်ခါတည်း သေလိုက် အေးရော"

ဗညားကတော့ အေးဆေးပါ။ လေပြေ့ဆီက ဒီလိုစကားမျိုးလောက်တော့ သူ့အတွက် ပန်းနဲ့ ပေါက်သလောက်သာ။ လေပြေ့အတွက်ဆို သူ့ရဲ့ ရှက်ကြောကိုလည်း အစိမ်းလိုက် ဖြတ်ပစ်လိုက်သလို မာနဆိုတာကိုလည်း အိမ်မှာ ခေါက်သိမ်းထားခဲ့သူဖြစ်၏။

ထို့နောက် ခပ်အေးအေးပင် စကားဆက်၏။

[redacted]

www.burmeseclassic.com

www.burmeseclassic.com



"မင်းအပေါ် ကိုယ်ထားနေတဲ့ သဘောထားကိုလည်း မင်းသိပြီး သားပါ၊ ကိုယ့်အပေါ်ကိုလည်း မင်းဘက်က ဘာများငြင်းစရာရှိလို့ လဲဟင်၊ ကိုယ့်မှာ ဘာများ မပြည့်စုံတာရှိလဲ၊ ကိုယ့်ရဲ့ ချမ်းသာမှု ကိုယ့်မိဘရဲ့ ဂုဏ်ဒြပ် ပြီးတော့ ကိုယ့်ရဲ့ရုပ်ရည် အရာအားလုံး . . ."

"ဒီမှာ ဗညား . . ."

"ဘာလဲ လေပြေ"

"ရှင့်ဘာသာရှင် ဘာကြီးပဲဖြစ်နေနေ ကျွန်မ ဂရုမစိုက်ဘူး၊ ရှင့်ကို ကျွန်မ အရင်တစ်ခါကတည်းက စကားအကုန်ပြောပြီးပြီ၊ ကျွန်မ ရှင့်ကို မချစ်နိုင်ဘူးလို့၊ ပြီးတော့ ကျွန်မမှာ ချစ်သူရှိတယ်"

"ဟား ဟား ဟား ဟား"

ဗညားက ဇာတ်ထဲက လူကြမ်းအိုက်တင်နှင့် ထရယ်သည်။ ပြီးတော့ ရုပ်ရှင်တွေထဲက ဗီလိန်တစ်ယောက်လို ခေါင်းကိုခါသည်။

"မယုံဘူး လေပြေ၊ ကိုကိုဗညား လုံးဝမယုံဘူး၊ ကျန်တာတွေ တော့ ထားလိုက်ပါ၊ ဟောဒီလေပြေလေးဆိုတဲ့ နတ်သမီးလေးမှာ ချစ်သူရှိတယ်ဆိုတာ ကိုကိုဗညား လုံးဝမယုံဘူး"

"မယုံရင် လဲသေလိုက်"

"ဟုတ်တယ် လေပြေ၊ ကိုယ် သေမှာ၊ ကိုယ် တကယ်သေသွား မှာ၊ မင်းကို မရရင်ပေါ့"

လေပြေ ဒေါသထွက်စွာ ဆက်လျှောက်လာသည်။ ထိုအချိန် ခပ်လှမ်းလှမ်းမှာ လမ်းဖြတ်ကူးသွားသော ကျောင်းသားတစ်ယောက် ကို လှမ်းတွေ့လိုက်ရ၏။ ထို့နောက် သူမ အပြေးတစ်ပိုင်း လှမ်းသွား လိုက်ကာ ထိုကျောင်းသားကို လှမ်းခေါ်သည်။





"ဒီမှာ ဒီမှာ၊ ဒီမှာ ကိုကို"

လေပြေက ထိုကျောင်းသားကို ကိုကိုဟု လှမ်းခေါ်လိုက်၍ ဗညား တစ်ချက် ကြောင်ကာသွားသည်။ လေပြေပြောသလို ရည်းစား ရနေတာ တကယ်လားဆိုတဲ့အတွေးပါ ဝင်လာ၏။ လေပြေကတော့ ခပ်တည်တည်ပင် ထိုကျောင်းသားနောက် လိုက်သွားပြီး . . .

"နေပါဦးဆို ကိုကိုကလည်း"

ထိုကျောင်းသားက ပထမတော့ သူ့ကို ခေါ်သည်မထင်၍ ဆက် လျှောက်သွား၏။ သို့သော် နောက်ဘစ်ခွန်း ထပ်ခေါ်သံလိုလို ကြား လိုက်ရမှ အူကြောင်ကြောင်နှင့် လှည့်ကာကြည့်၏။ လေပြေ့ကို တွေ့ သွားတော့ အထိတ်တလန့်ပုံစံဖြစ်သွား၍ 'ဟာ' ခနဲ အာမေဍိတ်သံ ထွက်သွားလေသည်။ ထိုအချိန် လေပြေက မိုးမြင့်နား ရောက်လာ၍

"ရှာလိုက်ရတာ၊ ဘယ်တွေ လျှောက်သွားနေတာလဲ"

မိုးမြင့်က လေပြေပြောတာကို တစ်မျိုး သဘောပေါက်သွားပြီး

"ဘယ် . . ဘယ်မှ လျှောက်မသွားပါဘူးဗျာ၊ အဲ့ဒီနေ့က ကိစ္စ ကိုလည်း တောင်းပန်ပါတယ်၊ အဲ့ဒီကိစ္စက ကျွန်တော်လုပ်တာ မဟုတ် ပါဘူး၊ မယုံရင် အောင်ကိုနိုင့်ကို မေးကြည့်ပါ၊ သူ . . သူ"

လေပြေက မျက်ရိပ်တစ်ချက်ပြ၍ ဗညားကို လှမ်းကြည့်လိုက်၏။ ဗညားက ခပ်လှမ်းလှမ်းတွင် ဟိုလိုလို ဒီလိုလိုနှင့် သူတို့နှစ်ယောက်ကို အကဲခတ်နေတာ တွေ့ရသည်။ လေပြေက မိုးမြင့်ကို ကြည့်ပြီး နှစ် လိုဖွယ် ပြုံးပြလိုက်ကာ . . .

"အို ဘာတွေပြောနေတာလဲ ကိုကိုကလဲ၊ ဘာလဲ လေပြေ့ နောက်ကျလို့ စိတ်ဆိုးနေတာလား"



www.burmeseclassic.com

www.burmeseclassic.com



မိုးမြင့် အူကြောင်ကြောင်နှင့် လေပြေ့ကို ကြည့်သည်။ ဘာတွေ ဖြစ်ကုန်တာလဲ သူမစဉ်းစားတတ်အောင် ဖြစ်သွား၏။ တော်ရုံလူတစ်ယောက်ဆို လေပြေ မျက်ရိပ်ပြလိုက်ကတည်းက သဘောပေါက်ရမည်ဖြစ်၏။ သို့သော် မိုးမြင့်က သူ့ကိစ္စနဲ့သူမို့လို့ တလွဲတွေ တွေးပြီး ထူပူသွားရသည်။ လေပြေက မိုးမြင့်လက်မောင်းကို လှမ်းကိုင်လိုက်သည်။ မိုးမြင့် ဆတ်ခနဲ တစ်ချက်တုန်သွားပြီး . . .

“ဟာ မလုပ်ပါနဲ့ဗျာ၊ ဘာလုပ်မလို့လဲ”

မိုးမြင့် အသံတစ်ချက် ကျယ်သွား၍ လေပြေက ခါးကို ခပ်နာနာ ဆွဲဆိတ်ပစ်လိုက်၏။ မိုးမြင့် ‘အား’ ခနဲ တစ်ချက်အော်လိုက်ကာ လေပြေ့ကို ကြောက်ကြောက်လန့်လန့်နဲ့ ကြည့်လိုက်မိသည်။ လေပြေက အပြုံးလေးတစ်ခု ဆင်မြန်း၍ . . .

“ကိုကိုကလည်း စောင့်နေပါဆို မစောင့်ဘူး၊ လေပြေက ကိုကို့ကို လိုက်ရှာနေတာ နှံ့နေတာပဲ၊ ကဲ လာ သွားရအောင်”

လေပြေက ပြောလည်းပြော လက်ကိုလည်း ဆွဲချိတ်ကာထွက်၏။ မိုးမြင့်က လေပြေ့ကို တအံ့တဩ ကြည့်ကာ တွန့်ဆုတ် တွန့်ဆုတ်နှင့်

“ဘယ် . . ဘယ်သွားမလို့လဲဟင်၊ ကျွန်တော် . . ကျွန်တော် အတန်းသွားမလို့ဗျ”

“တိတ်တိတ်နေစမ်း၊ ကျွန်မခိုင်းတဲ့အတိုင်း မလုပ်ရင် ရှင် ဘာဖြစ်သွားမယ်ထင်လဲ”

“ဗျာ”

မိုးမြင့် ပါးစပ် အဟောင်းသားကြီး ဖြစ်သွား၏။ ခုန သူ့အပေါ် သမီးရည်းစားလို ဆက်ဆံသည်။ အခုတော့ အနုကြမ်းစီးသလို အသံ

[redacted]



တိတ် ကြိတ်ပြီး လုပ်နေပြန်၏။ သူ လေပြေ့အပေါ် ဘယ်လိုမှ မခန့်မှန်းတတ်တော့။ သူတို့ဆီက ရွာတွေဘက်မှာဖြစ်သလို အပများ မီလာတာလားဟု မဆီမဆိုင် စဉ်းစားမိလိုက်သေးသည်။ သို့သော် သူမပုံစံက အပမီလာတာနဲ့လည်း မတူသောကြောင့် စဉ်းစားရခက်သွားရ၏။

လေပြေကတော့ မိုးမြင့်လက်ကို ရည်းစားတစ်ယောက်လို ချိတ်ထားဆဲပင်။ ပြီးတော့ သူမကပင် ဦးဆောင်၍ တီတီတာတာစကားလေးတွေကို ဗညားကြားအောင် လမ်းလျှောက်ရင်း ပြောနေသည်။ ဗညားကလည်း သေချာအောင်ဆိုပြီး အနောက်က မယောင်မလည် လိုက်လာသောကြောင့် ဖြစ်၏။

ထို့နောက် အင်္ဂလိပ်စာမေဂျာရှေ့သို့ ဖြတ်သည်။ မြင့်နိုင်နဲ့ အောင်ကိုနိုင်က အဆောင်အထွက်က သစ်ပင်ရိပ်မှာထိုင်ရင်း စကားပြောနေကြ၏။ လေပြေနဲ့ မိုးမြင့် လက်တွဲပြီး လျှောက်လာကြတာ လည်းတွေ့ရော မျက်လုံးတွေ စုံလိုက်ပြူးထွက်သွားကာ ပါးစပ် ဟောင်းလောင်းကြီးတွေ ဖြစ်ကုန်ကြလေသည်။

မြင့်နိုင်က ခဏနေတော့ အောင်ကိုနိုင်ကို ပါးပိတ်ရိုက်ပစ်လိုက်သည်။ အောင်ကိုနိုင်က အားခနဲ အော်ရင်း ပါးကိုပွတ်ကာ မြင့်နိုင်ကို မျက်လုံးကြီး ပြူးပြီးကြည့်၏။ မြင့်နိုင်က . . .

“ငါတို့ အိပ်မက်များ မက်နေတာလားလို့ စမ်းကြည့်တာ”

အောင်ကိုနိုင်က ပါးလေးကို ပွတ်ရင်း . . .

“စမ်းချင်ရင် မင်းပါးမင်း ရိုက်ပြီး စမ်းပါလားကွ”

ဟု ဆိုလေ၏။

[redacted]

www.burmeseclassic.com

www.burmeseclassic.com



မိုးမြင့်ကတော့ သူ့ကိုယ်သူ ဘာဖြစ်လို့ ဖြစ်သွားမှန်း မသိတော့။ အခု အပမီသလို ဖြစ်နေရသူမှာ လေပြေ မဟုတ်ဘဲ သူ ဖြစ်နေသည်။ လေပြေ့လို ကောင်မလေးတစ်ယောက်နှင့် လက်ချင်းချိတ်ပြီး အီးမေဂျာရှေ့ ကတ္တရာလမ်းမကြီးပေါ်မှာ ကြောင်တောင်တောင်ကြီး။ ပုံစံက သူတောင်းစား ဖုတ်သွင်းရထား ဆိုက်၍ ရှင်ဘုရင် တက်ဖြစ်သလို သန်လျက်ကို ဘယ်လိုကိုင်ရမှန်းမသိ ဖြစ်နေတဲ့ပုံစံမျိုး။

ဗညားကတော့ လစ်သွားလေပြီ။ လေပြေက သူ့အမူအရာ ပီပြင်အောင် မိုးမြင့်လက်မောင်းမှာ တစ်ချက် တစ်ချက် ခေါင်းလေးတောင်မှီလိုက်သေး၏။ လေတစ်ချက် အဝှေ့တွင် သူမဆီက ကိုယ်သင်းရနံ့မွှေးမွှေးလေး တွေကို မိုးမြင့် ရှူရှိုက်မိ၏။ သူတို့ လျှောက်လာရင်းနှင့် လက်ချိုးတစ်ခုအရောက်တွင် လေပြေက နောက်သို့လှည့်ကြည့်လိုက်သည်။ ဗညားကို မတွေ့ရတော့သောကြောင့် မိုးမြင့်ဆီမှ ခွာကာ. .

"ကျေးဇူးပဲ"

ဟု တစ်ခွန်းတည်း ပြော၍ ထွက်သွားပါတော့သည်။ မိုးမြင့်သူမကို ကြည့်၍ ကြောင်တောင်တောင်ကြီး ကျန်ရစ်ခဲ့တော့၏။ ရင်ထဲမှာလည်း လှပ်လှပ်လှပ်လှပ် တုန်ခါနေသည်။ အဆောင် ပြန်ရောက်ရင်တော့ ရွာကဘုန်းကြီး ပေးလိုက်သည့် ရေမန်းလေး သောက်လိုက်ဦးမှဟု တွေးလိုက်မိတော့သည်။

ကောင်းကင်မှာ တိမ်ညိုတွေ မဲမှောင်၍ မကြာခင် မိုးရွာချတော့မည်ထင်သည်။

* * *



"နင် ကတော့ လုပ်ချလိုက်ပြန်ပြီ လေပြေရယ်၊ နင့်မှာ တခြားအကူအညီတောင်းစရာ သူငယ်ချင်းအပေါင်းအသင်း မတွေ့တော့ဘူးလား"

ဟု သီရိက မေးသည်။ လေပြေက ခေါင်းခါပြ၍ . . .

"မတွေ့ဘူးဟဲ့၊ တွေ့မှဖြင့် ငါက လုပ်မလား၊ မတွေ့လို့ပေါ့"

အားလုံးက ဝိုင်းရယ်ကြသည်။ ခင်မေဦးက အရယ်တစ်ဝက်နှင့် စကားကိုဆက်၏။

"နင်က အဲ့ဒီလိုသွားလုပ်တော့ သူတော်တော်အံ့ဩသွားမှာနော်"

"ဘာပြောကောင်းမလဲ၊ ငါ့ကို မျက်လုံးကြီး ပြူးပြီး ကြည့်နေတဲ့ပုံများ ဘီလူး သဘက် တွေ့တာကျနေတာပဲ၊ ပြီးတော့ ဘယ်လောက်

www.burmeseclassic.com

www.burmeseclassic.com



မျက်ရိပ်ပြပြ အထာမပေါက်ဘူးဟဲ့၊ လူကလည်း အူကြောင်ကြောင်ပါဟာ၊ တက္ကသိုလ်ကျောင်းသားလုပ်နေပြီး ဒီလောက်ကလေးတောင်မသိဘူး"

အားလုံးက ရယ်ကြပြန်သည်။ ထိုအထဲတွင် သီရိက အရယ်မောဆုံးဖြစ်၏။ သူမက ခွက်ထိုးခွက်လန်ရယ်ပြီး လေပြေ့ပခုံးကို ပုတ်လိုက်ကာ

"ငါပြောတာ အဲ့ဒါပေါ့ အဲ့ဒါပဲ . . အဲ့ဒါပဲ၊ သူတင်မဟုတ်ဘူး သူတို့ သူငယ်ချင်းနှစ်ယောက်စလုံး အဲ့ဒီလိုပဲ၊ အူကြောင်ကြောင်ကောင်တွေ"

"ဒါပေမယ့် သဘောတော့ ကောင်းမယ့်ပုံပဲဟ"

ထိုစကားကို ခင်မေဦးက ဝင်ပြောလိုက်ခြင်းဖြစ်၏။ ကျန်တဲ့သူနှစ်ယောက်က ခင်မေဦးကို ဝိုင်းကြည့်သည်။ ထိုအကြည့်တွေကို သဘောပေါက်၍ ခင်မေဦးက စကားကိုဆက်သည်။

"ဘာဖြစ်လို့လဲဆိုတော့ နင်တို့ပဲ စဉ်းစားကြည့်လေ၊ သူ ဒီလောက် အရှက်တကွဲ အကျိုးနည်း ဖြစ်သွားတာတောင်မှ နင့်ကို တွေ့ပြီး ထွက်မပြေးဘူးဆိုတော့ သူ သဘောကောင်းလို့ပေါ့ဟ"

ကျန်တဲ့နှစ်ယောက်က ဘာမှပြန်မပြော။ ခင်မေဦး စကားကို ထောက်ခံသည့်အလား ငြိမ်သက်နေကြသည်။ ထိုအချိန်တွင် အတန်းထဲသို့ ဘာသာရပ်ဆရာမ ဝင်လာ၍ သူတို့ စကားပြတ်သွားကြ၏။ ဆရာမကို နှုတ်ဆက်ပြီးနောက် စာအုပ်တွေကို လွယ်အိတ်ထဲက ဆွဲထုတ်လိုက်ပါတော့သည်။

* * *





မိုးမြင့်တစ်ယောက် နဖူးပေါ် လက်တင်၍ အဆောင်မျက်နှာကျက်ကြီးတွေကို တွေတွေကြီး စိုက်ကြည့်ကာ ငြိမ်နေမိသည်။ တစ်ချက် တစ်ချက် သူ့ထံမှ သက်ပြင်းချသံကိုလည်း ကြားနေရ၏။

ဘယ်ဘက်ကို လှည့်အိပ်သည်၊ မရ။ ဘာလို့မရမှန်းလည်း သူမသိ။ ညာဘက်ကို လှည့်အိပ်ကြည့်ပြန်သည်။ တစ်ခုခု လိုနေသလို ထင်ရ၍ မဖတ်တာ ကြာပြီဖြစ်သော ဖက်လုံးကို တင်းတင်းကြပ်ကြပ် ဆွဲဖက်ထားမိသည်။ ခဏတာ စိတ်အလိုပြည့်သွားသလို ရှိသော်လည်း ကြာတော့ အဆင်မပြေပြန်။ ရင်ထဲမှ တစ်လှပ်လှပ် တုန်ခါကာနေသည်။

ဘာတွေဖြစ်နေတာလဲ၊ သူ့ဘာသာသူ မေးရင်း သူ့ဘာသာသူ



www.burmeseclassic.com

www.burmeseclassic.com



သက်ပြင်းချမိပြန်၏။ ထို့နောက် ငုတ်တုတ် ထထိုင်လိုက်သည်။ လမ်းလေး ဘာလေး ထွက်လျှောက်ရင် ကောင်းမလား တွေးမိပြန်၏။ သို့သော် သူ့စိတ်ကူးက အထမမြောက်လိုက်ပါ။ လေပြေ့ရဲ့ မျက်နှာလေးက သူ့စိတ်ကူးအာရုံထဲ ပြန်လည်တိုးဝင်လာသောကြောင့်ဖြစ်ပါသည်။

လေပြေ . . .။

သိပ်ချစ်စရာကောင်းတဲ့ ကောင်မလေးဟု သူ ထင်မိသည်။ သူ့ဘဝတွင် မိန်းကလေးတွေနှင့် အရောတဝင် မနေခဲ့လို့လား မသိ၊ ဟိုနေ့က လေပြေရဲ့ အထိအတွေ့က သူ့အတွက် တစ်သက် မမေ့စရာ။ လေပြေ့ရဲ့ ကိုယ်သင်းရနံ့၊ လေပြေ့ရဲ့ အပြုံး၊ ပြီးနောက် လေပြေ့ရဲ့ တွတ်တီးတွတ်တာ စကားလေးတွေ . . .။

အမလေး . . ရင်တွေတောင် တုန်လိုက်တာ။ ဘယ်လိုဖြစ်တာပါလိမ့်။ ခုတင်ပေါ် ထိုင်ပြီးတော့ သဲကန္တာရတစ်ခုကို မနားတမ်း ဖြတ်သန်းလာရသူလို မောဟိုက်ကာ တက်လာသည်။ အမှန်တော့ သူ့နှလုံးသားသည် ရှတ်တရက် အေးခဲနေရာမှ မီးမြိုက်လိုက်သလို ဆူပွက်လာသောကြောင့်ဖြစ်၏။ အမှန်ပြောရရင် နှလုံးသား အပူရှပ်သွားသည့်သဘော။

လေပြေ့မျက်နှာချောချောလေးကို စိတ်ကူးထဲမှာ တစိမ့်စိမ့် မြင်ယောင်ရင်း မိုးမြင့် အားမလို အားမရတွေ ဖြစ်လာ၏။ ထို့ကြောင့် ဘာလုပ်လို့လုပ်ရမှန်း မသိတော့ဘဲ ဘေးနားမှာ ချထားသော ဖက်လုံးကို လှမ်းဖက်လိုက်ကာ ခန္ဓာကိုယ်ကို တစ်ပတ်လိမ့်ပစ်လိုက်၏။ ကံဆိုး

[redacted]



စွာ ဖက်လုံးရော၊ လူရော လုံးထွေးကာ ကြမ်းပြင်ပေါ်သို့ ဝမ်းလျားမှောက်ကြီး ပြုတ်ကျသွားလေတော့သည်။

"ခွပ်"

အက်သံသဲ့သဲ့ ထွက်ပေါ်လာ၏။ ဦးခေါင်းတစ်ခုလုံး မိုက်ခနဲဖြစ်သွားပြီး တဖြည်းဖြည်း အမှောင်ကျသွားပါတော့သည်။

တခြားမဟုတ်။ သူ့ဦးခေါင်းက ခုတင်ဘေးမှာ ထပ်ထားသော ဝိတ်ပြားတွေနှင့် ဆောင့်မိလိုက်သောကြောင့် ဖြစ်သည်။

သူ့စိတ်ကူးအာရုံအမှောင်ထဲမှာ ထွန်းတောက်တဲ့ ကြယ်ပွင့်လေးတစ်ပွင့် ရှိနေတာက 'လေပြေ' . . .။

* * *

[redacted]

www.burmeseclassic.com

www.burmeseclassic.com



“အရူးကို အမဲသား ကျွေးလိုက်တယ်ဆိုတာ ဒါမျိုးပဲ ဖြစ်မယ်ကွ” ဟု မြင့်နိုင်က ဆို၏။

အောင်ကိုနိုင်က ခုတင်ပေါ်မှာ ပက်လက်ကလေး လှန်နေသော မိုးမြင့်ကို ကြည့်၍ . . .

“စိတ်ထိန်းမှပေါ့ သူငယ်ချင်းရာ၊ ကောင်မလေးနဲ့ တွဲသွားခွင့်ရတာနဲ့ပဲ ကိုယ့်ခေါင်းကိုယ် အလေးနဲ့ ဆောင့်ပစ်လိုက်ရတယ်လို့”

မိုးမြင့်က အောင်ကိုနိုင်ကို တစ်ခုခု ပြန်ပြောမလို့ လုပ်သည်။ သို့သော် ခေါင်းထဲက ဆစ်ခနဲ နာသွား၍ နဖူးကို စမ်းမိလိုက်၏။ နဖူးမှာ စီးထားသော ပတ်တီးစ၏ အထိအတွေ့ကို ရသည်။

မြင့်နိုင်က . . .

[redacted]



“တော်သေးတာပေါ့ကွာ၊ ခုတင်ဘေးမှာ ဝိတ်ပြားတွေပဲ ရှိလို့၊ ဓားတစ်ချောင်းသာ ဒေါင်လိုက် ထောင်ထားရင် ဒီကောင် ပွဲချင်းပြီးတယ်”

မြင့်နိုင်စကားက မနာလိုသံ နည်းနည်း စွက်နေတာ သိသာ၏။ မိုးမြင့်က သူ့ထက်ကျော်ပြီး ကောင်မလေးတစ်ယောက်နဲ့ လက်တွဲခွင့်တွေ ဘာတွေ ရသွားသောကြောင့်ဖြစ်၏။

မိုးမြင့်ပြောပြချက်အရ သူတို့လည်း ထိုကိစ္စကို အခုထိ ဝေခွဲလို့မရသေးပေ။ လေပြေ့လို မိန်းကလေးတစ်ယောက်ကတော့ မိုးမြင့်ကို အတင်းဆွဲခေါ်ပြီး ရည်းစားလို တွဲသွားတွဲလာ လုပ်မှာမဟုတ်ဘူးဆိုတာတော့ သိသည်။ မိုးမြင့် ကိုယ်တိုင်လည်း ဒါကို သဘောပေါက်၏။ သို့သော် ဘာဖြစ်လို့ ထိုအကြောင်းကိစ္စဖြစ်ပေါ်လာသလဲဆိုတာကိုတော့ အခုထိ သူတို့နားမလည်နိုင်ကြသေးပေ။

မိုးမြင့်ကလည်း ထိုနေ့က ဗညားကို သတိမထားလိုက်မိသောကြောင့် သူ ကြုံတွေ့ခဲ့ရသမျှကိုသာ မြင့်နိုင်တို့ကို ရှင်းပြထား၏။ ထို့ကြောင့် အားလုံးဦးနှောက် ခြောက်နေကြသည်။

“မင်း ဒီလိုဆို ကျောင်းတက်လို့ မရသေးဘူးပေါ့၊ ဆရာဝန်က တစ်ရက် နှစ်ရက် နားလိုက်ပါဦးလို့ ပြောတယ်”

မိုးမြင့်က ဘာမှတော့ ပြန်မပြော။ မျက်လုံးကလေး ပေကလပ် ပေကလပ်နဲ့သာ ကြည့်နေသည်။

အောင်ကိုနိုင်က မြင့်နိုင်စကားကို ထောက်ခံသည့်အလား ခေါင်းညိတ်ပြ၍ . . .

[redacted]

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် သူငယ်ချင်း၊ ဒီပုံစံကြီးနဲ့တော့ မင်းကျောင်းတက်လို့ မဖြစ်သေးဘူး၊ အဲ . . ငါတို့ ကောင်မလေးကို မင်းအကြောင်း သွားပြောပေးရမလား"

မိုးမြင့် ရင်ထဲမှာ အောင်ကိုနိုင့်စကားကြောင့် ဒိန်းခနဲ ဖြစ်ကာသွားသည်။

ထို့နောက် မျက်လုံးကြီးပြူးပြီး ဗလုံးဗထွေးလေသံနှင့်. . .

"မလုပ် . . မလုပ်ပါနဲ့ကွာ၊ ငါ ငါ ငါ တောင်းပန်ပါတယ်"

"ဘာဖြစ်လို့လဲကွ၊ သူသိသွားတော့ ပိုကောင်းသွားတာပေါ့၊ သူ့ကြောင့် မင်းဒီလိုဖြစ်သွားတဲ့ဟာပဲ"

"ဟာ သူနဲ့ဘာဆိုင်လို့လဲ"

"ဆိုင်တာပေါ့ကွ၊ သူက အရှုးကို အရှုးမှန်းမသိဘဲ အမဲသားသွားကျွေးမိတာကိုး"

ထိုသို့ပြောပြီး အောင်ကိုနိုင်က မြင့်နိုင်ကို အဓိပ္ပာယ်ပါပါ လှမ်းကြည့်လိုက်သည်။ မြင့်နိုင်ကလည်း အစောကြီးကတည်းက ချောလဲရောထိုင်ချင်သူဆိုတော့ အချွန်နဲ့ ထပ်ကာမ၏။

"အောင်ကိုနိုင်ပြောတာ မှန်တယ်ကွ၊ မင်း ဒီလိုဖြစ်သွားတယ်များ သိရင်း ကောင်မလေးက မင်းကို ချက်ချင်းသနားသွားမှာ အမှန်ပဲ၊ ပြီးတော့ ကောင်မလေး မင်းကို သတင်းတွေလာမေး၊ မုန့်တွေလာကျွေးနဲ့ ဘယ်လောက်မိုက်လဲ"

မိုးမြင့် ရင်တွေ တဒိတ်ဒိတ် ခုန်နေသည်။ ဒီကောင်တွေက ပြောလို့မရ။ တကယ်သွားလုပ်ရင် လုပ်မယ့်ကောင်တွေဆိုတာ သူသိ





၏။ အကယ်၍ ကောင်မလေးကိုများ သူ့အဖြစ်ကို သွားပြောလိုက်ရင် ရှက်စရာတော်တော်ကောင်းမည့်ကိစ္စ။ သူ့အကြောင်း အတွေးလွန်ပြီး ခုတင်ပေါ်က ပြုတ်ကျတာ ခေါင်းကွဲသွားသည်ဆိုတော့ လူကြားလို့တောင် ကောင်းတဲ့ကိစ္စမဟုတ်ပေ။

မြင့်နိုင်နဲ့ အောင်ကိုနိုင်ကတော့ မိုးမြင့်ကို နှုတ်ဆက်ကာ သူ့အခန်းထဲမှ ထွက်သွားပါတော့၏။

မိုးမြင့်က အလောတကြီးလေသံနှင့် . . .

"ဟေ့ကောင်တွေ မင်းတို့ ပေါက်ကရလျှောက်မလုပ်ကြနဲ့နော်"

ဟု လှမ်းအော်လိုက်သေး၏။ မြင့်နိုင်က . . .

"အေး အေး စိတ်ချ၊ ငါတို့ သွားပြောပေးမယ်"

ဟု ပြန်အော်သွားလေသည်။

* * *



www.burmeseclassic.com

www.burmeseclassic.com



BURMESE CLASSIC .com

မြင့်နိုင်တို့က နောက်တစ်ရက်မှာ တကယ်သွားပြော၏။ နောက်သလိုလို ပြောင်သလိုလိုနှင့် အတည်သွားပြောခြင်းဖြစ်၏။ မြင့်နိုင်က အကြံနဲ့။ သူက မိုးမြင့်ကိစ္စကို အကြောင်းပြပြီး သီရိနဲ့ တွေ့ချင်လို့ ဖြစ်သည်။ နောက်တစ်ကြောင်းက မိုးမြင့်နဲ့လေပြေဆိုတဲ့ ကောင်မလေးကိစ္စကို အဖြူ အမည်း သဲကွဲအောင် သိချင်၍ ဖြစ်၏။

ထို့ကြောင့် အောင်ကိုနိုင်နဲ့ တိုင်ပင်ပြီး Physics မေဂျာဘက်သို့ ထွက်လာလိုက်သည်။ Physics အဆောင်တွေဘက်ရောက်တော့ စာသင်ခန်းတွေဘက် အကဲခတ်ကြည့်လိုက်ကာ ကောင်မလေးကို မတွေ့ရ။ ကန်တင်းဘက်မှာ ရှိမှာပဲဆိုပြီး ထွက်လာခဲ့လိုက်သည်။ ကန်တင်း





ဘက်ရောက်တော့ လှမ်းကြည့်လိုက်တာ ထောင့်စွန်းသစ်ပင်ရိပ်တစ်ခုအောက်တွင် ချထားသော စားပွဲတစ်ခုမှာ သီရိတို့အုပ်စုကို တွေ့ရလေသည်။

မြင့်နိုင်က အောင်ကိုနိုင်ကို မျက်ရိပ်ပြ၍ ရှေ့မှ ဦးဆောင်ကာ ဆိုင်ထဲသို့ ဝင်သွားသည်။ အောင်ကိုနိုင်က ကောင်မလေးတွေကို တွေ့လိုက်တော့မှ တွန့်ဆုတ် တွန့်ဆုတ်ဖြစ်သွားပြီး . . .

"ဖြစ်ပါ့မလားကွ၊ ငါတော့ နည်းနည်းလန့်လာသလိုပဲ"

"လာစမ်းပါကွာ၊ ပါးတော့ ရိုက်မလွှတ်ပါဘူး"

မြင့်နိုင်ပြောလိုက်မှ အောင်ကိုနိုင်က သူ့ပါးလေးကို ယောင်ပြီး လှမ်းကိုင်လိုက်ကာ မြင့်နိုင်နောက်မှ လိုက်သွားလေတော့သည်။ သူမတို့ စားပွဲရှေ့ရောက်တော့ မြင့်နိုင်က ချောင်းတစ်ချက် ဟန့်လိုက်သည်။ မြင့်နိုင်ရဲ့ ချောင်းဟန့်သံကြားတော့ သီရိက မော့ကြည့်၍. .

"အလှူခံဆို ကန်တော့ဆွမ်းနော်"

မြင့်နိုင်က စပ်ဖြဲဖြဲ ပြုံးပြလိုက်ပြီး . . .

"အလှူခံဆိုရင်တောင် ပေါက်စီပဲ ရွေးပြီး အလှူခံမယ့် အလှူခံပါဗျာ"

ကောင်မလေးတွေ ပြုံးသွားကြသည်။ မြင့်နိုင်က ကောင်မလေးတွေ အမူအယာကို ကြည့်ပြီး အခြေအနေသိပ်မဆိုးဘူးဟု တွက်လိုက်၏။ ထို့ကြောင့် နောက်တစ်ဆင့်တက်လိုက်ကာ . . .

"ဒီမှာ ခဏထိုင်မယ်နော်"

"ဘာလုပ်ဖို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



"ပြောစရာလေးရှိလို့ပါ"

"ရှင်နဲ့ ကျွန်မတို့အကြား ပြောစရာ ဘာများရှိလို့လဲ"

မြင့်နိုင်က မထိုင်သေးဘဲ ကောင်မလေးတွေကို တစ်ချက်ကြည့်၍ . . .

"ဟို . . ဟိုဟာ မိုးမြင့်ကိစ္စလေး ပြောချင်တာပါ"

သီရိက မျက်မှောင်ကျုံ့လိုက်၍ . . .

"မိုးမြင့် ဟုတ်လား၊ ဘယ်က မိုးမြင့်လဲ"

မြင့်နိုင်က လေပြေ့ကို တစ်ချက်လှမ်းကြည့်ကာ . . .

"ဟိုတစ်ခါ ပုဆိုးကျွတ်ကျသွားတဲ့သူလေ၊ အားလုံးမှတ်မိမယ်ထင်ပါတယ်"

ကောင်မလေးတွေ အသံတိတ်ကုန်ကြသည်။ သီရိက လေပြေ့ကို အဓိပ္ပာယ်ပါပါ ကြည့်သည်။ လေပြေက မြင့်နိုင်ကို ကြည့်၍ . . .

"သူ့နာမည်က မိုးမြင့်လား"

"ဟုတ်ပါတယ်၊ ဒီက သူ့နာမည်တောင် မသိဘူးလား"

လေပြေက ခေါင်းခါပြကာ . . .

"ဟင့်အင်း၊ ကျွန်မက ဘာလို့ သူ့နာမည်ကို သိနေရမှာလဲ၊ ဘာမှလည်း မဆိုင်ဘဲနဲ့"

မြင့်နိုင် နည်းနည်းတွေဝေသွားသည်။ အောင်ကိုနိုင်လည်း စဉ်းစားလို့မရအောင် ဖြစ်သွားသည်။ ဟိုတစ်နေ့က ကိစ္စက တစ်ခုခုတော့ တစ်ခုခုပဲ။ မြင့်နိုင်က ခုံတစ်လုံး ယူ၍ ဝင်ထိုင်လိုက်သည်။ အောင်ကိုနိုင်လည်း မြင့်နိုင် ထိုင်တာတွေ့တော့ သူလည်း ခုံတစ်လုံးယူ၍



BURMESE CLASSIC .com



လိုက်ထိုင်၏။ ဒီတစ်ခါတော့ ကောင်မလေးတွေ ဘာမှမပြောတော့ပါ။

မြင့်နိုင်က ထိုင်ပြီးသွားတော့ . . .

"ဒါဆို မိုးမြင့်နဲ့ ဒီကတစ်ယောက်က ဘာမှမပတ်သတ်ဘူးပေါ့"

လေပြေ့ကို ညွှန်း၍ပြောလိုက်ခြင်းဖြစ်၏။ လေပြေက ခေါင်းခါပြလိုက်ကာ . . .

"ဟင့်အင်း ဘာမှမပတ်သက်ပါဘူး၊ ဘာဆိုင်လို့လဲ"

"ဩော် ဟိုဟာပါ၊ ဟိုတစ်နေ့က ဒီကတစ်ယောက်နဲ့ မိုးမြင့်ကို ကျွန်တော်တို့မေဂျာရှေ့မှာ တွဲထွက်သွားတာ တွေ့လို့ တစ်ခုခုများ . . . အဲ့ဒါ"

လေပြေက တစ်ချက်စဉ်းစားလိုက်ကာ သဘောပေါက်သွားသည်။ ထို့ကြောင့် တစ်ချက်ထရယ်လိုက်၍ . . .

"ခစ် ခစ် ခစ် . . မဟုတ်ဘူး၊ အဲ့ဒါကလေ ဒီလို၊ ရှင်တို့သူငယ်ချင်း မိုး အဲ . . မိုး ဘယ်သူ"

"မိုးမြင့်ပါ"

"အင်း မိုးမြင့် မိုးမြင့်၊ သူ့ကို လေပြေက အကူအညီတစ်ခုတောင်းလိုက်တာ၊ ဒီလိုကွာ . . အဲ့ဒီနေ့က ကျွန်မနောက်ကို ကျွန်မမနှစ်သက်တဲ့ ကျောင်းသားတစ်ယောက်က အတင်းစကားလိုက်ပြောနေလို့ ကျွန်မကလည်း ဘာလုပ်လို့ လုပ်ရမှန်းမသိတာနဲ့ ရှင်တို့သူငယ်ချင်းကိုတွေ့တော့ ဇာတ်လမ်းဆင်လိုက်တာ"

"ဗျာ"

"ဟာ"



www.burmeseclassic.com

www.burmeseclassic.com



မြင့်နိုင်နဲ့ အောင်ကိုနိုင်ဆီက အာမေဋိတ်သံတွေ ထွက်လာကြသည်။ အံ့သြမိကြတာတော့ အမှန်ပင်။ အစကတည်းက တစ်စုံတစ်ရာ အကြောင်းရှိရမည်ဟု တွက်ထားမိသောကြောင့် အရမ်းတော့ မအံ့သြမိ။

လေပြေက စကားကိုဆက်၏။

"အဲ့ဒီနေ့က ရှင်တို့သူငယ်ချင်းကို ကျွန်မ အမျိုးမျိုး မျက်ရိပ်ပြပါတယ်၊ ဒါပေမယ့် သူပုံကြည့်ရတာ အထာမပေါက်ဘူး ထင်တယ်၊ ရုတ်တရက် ဒီလိုဖြစ်သွားလို့လဲ တော်တော်လေး အံ့သြသွားတဲ့ ပုံစံပေါက်နေတယ်"

"ဟုတ်တယ်၊ သူတင် မဟုတ်ဘူး၊ ကျွန်တော်တို့တောင် အခုမှ ဒီကိစ္စရဲ့ ဇာတ်ကြောင်းအမှန်ကို သိတာ၊ သူ့ကိုမေးတော့လည်း သူလည်း ဘာကြောင့်လဲဆိုတာ မသိဘူးလို့ပြောတယ်၊ အခုမှ သူ အသုံးချခံရတယ်ဆိုတာ သိတာပါ"

"ကျွန်မ အသုံးချတာ မဟုတ်ပါဘူး၊ အကူအညီ တောင်းတာပါ"

"ထားပါတော့ဗျာ ဘာပဲဖြစ်ဖြစ်ပါ၊ ဒါပေမယ့် အဲ့ဒီအကြောင်းတော့ သူ့ကို ခင်ဗျား ရှင်းပြလိုက်ဖို့တော့ ကောင်းတာပေါ့၊ အခုတော့"

"သူ့ကို ကျွန်မ ရှင်းပြမလို့ လုပ်ပါတယ်၊ ဒါပေမယ့် မရှင်းပြလိုက်မိဘူး၊ အဲ့ဒါကို အမှားတစ်ခုလို ယူဆရင်တော့ ကျွန်မအပြစ်ပါ၊ ရှင်တို့ပဲ စဉ်းစားကြည့်ပါ၊ မိန်းကလေးတစ်ယောက်အနေနဲ့ အဲ့ဒီအချိန်မှာ သွေးရူးသွေးတန်း လုပ်ခဲ့ပေမယ့် တကယ်သွေးအေးသွားတဲ့အခါကျတော့ ရှက်တာပေါ့ရှင့်၊ အဲ့ဒါကြောင့် သူနဲ့ လမ်းခွဲတဲ့အချိန်မှာ





သူ့ကို ကျွန်မ မရှင်းပြမိခဲ့တာပါ၊ ပြီးတော့ သူ့ကို ကျွန်မ အကူအညီတောင်းတုန်းက မျက်ရိပ်တွေ အမျိုးမျိုး ပြခဲ့ပါတယ်၊ နောက်တော့ သူ့ဘာသာသူ တွေးပြီး အဆင်ပြေသွားမယ်ထင်တာ၊ ဒါနဲ့ နေပါဦး သူ့ကိစ္စကိုပြောဖို့လာတာဆိုတော့ သူ ဘာဖြစ်သွားလို့လဲဟင်"

ကောင်မလေးပုံစံက တစ်ခုခုကို စိုးရိမ်သွားသလို အမူအယာမျိုးဖြစ်သွားသည်ဟု မြင့်နိုင် ထင်လိုက်မိ၏။ ထို့ကြောင့် မြင့်နိုင်က သူ့ရုပ်သူ ချက်ချင်း ဆွေးရိပ်သန်းအောင် လုပ်လိုက်ကာ . . .

"သူ့အကြောင်းကို မပြောပါနဲ့တော့ဗျာ"

ဟု စကားအစချီလိုက်သည်။ လေပြေက မြင့်နိုင်စကားကို နားထောင်ပြီး . . .

"ဩော် ဒါဆိုလည်း မပြောပါနဲ့တော့ရှင်၊ ဘာများလဲလို့"

"ဟာ မဟုတ်ဘူးလေ ပြောပြရမှာလေ . . ပြောပြမှာ"

"မသိဘူးလေ၊ ရှင်ပဲ ခုန မပြောပါနဲ့တော့ဆို"

"ဟာ အဲ့ဒါ စကားအဖြစ်ပြောတာ၊ စကားစချီတာ"

"ဒါဆိုလည်း မြန်မြန်ပြောရှင်၊ စကားစတွေ ဘာတွေ ချီမနေနဲ့"

"သူ ဘဝဆုံးသွားပြီဗျ"

"ရှင်"

"ဟယ်"

"ဟော့တော့"

ကောင်မလေး သုံးယောက်လုံး အာမေဋိတ်သံတွေ ထွက်သွား၏။ မြင့်နိုင်က သူ့စကား လောကြီးသွားမှန်း သိသွားသည်။ ထို့ကြောင့်



www.burmeseclassic.com

www.burmeseclassic.com

စကားကို အချိန်မီ ပြင်ဆင်ရန် ကြိုးစားသည်။

"ဟို . . ဟိုဟာ ဘဝဆုံးသွားပြီဆိုတာ ဒီလိုပါ၊ သူ . . သူ လှေကားပေါ်က ပြုတ်ကျလို့ ခေါင်းနည်းနည်း ထိသွားတယ်လို့ ပြောတာပါ"

"ဒါဆို ရူးသွားပြီပေါ့"

"ဟာ ရူးတော့ ဘယ်ရူးမလဲဗျ၊ ဒါပေမယ့် သတိက ရတစ်ချက် မရတစ်ချက် ဖြစ်နေတာ၊ သူ သတိလစ်နေတဲ့ အချိန်တွေမှာ ခင်ဗျား နာမည်ကို ယောင်ယောင်ပြီး ခေါ်နေလို့ သူနဲ့ ခင်ဗျားနဲ့များ ပတ်သတ်မှု တစ်စုံတစ်ရာ ရှိနေတယ်ထင်ပြီး လာပြောတာပါ၊ အခုတော့ အင်း . . ."

မြင့်နိုင်က စကားကို ခဏရပ်လိုက်ကာ သက်ပြင်းကို ချသည်။ အောင်ကိုနိုင်က မြင့်နိုင်ကို ကြောင်တောင်တောင်နဲ့ ကြည့်၏။ မြင့်နိုင်က အောင်ကိုနိုင့်ခြေထောက်ကို မသိမသာ နင်းလိုက်၏။ သူပြောတဲ့အတိုင်း မီးစင်ကြည့်ကဆိုသော သဘော။ အောင်ကိုနိုင် ပြန်ငြိမ်နေလိုက်သည်။

လေပြေက . . .

"သူက ဘယ်လိုဖြစ်ပြီး လှေကားပေါ်က ပြုတ်ကျတာလဲ၊ ဘယ်မှာ ကျတာလဲ"

"အဆောင်မှာပါဗျာ၊ သူ့ဘဝကလည်း သနားပါတယ်၊ ဘယ်မိန်းကလေးနဲ့မှလည်း တွဲသွားတွဲလာ မလုပ်ဖူးတော့ ဟိုတစ်နေ့က ခင်ဗျားနဲ့ တွဲသွားလိုက်ရတာလေးကို တသသဖြစ်နေတာ၊ စားလည်း

[redacted]



ဒီစိတ် သွားလည်း ဒီစိတ်ဆိုပါတော့ဗျာ"

"ဒါနဲ့ လှေကားပေါ်က ပြုတ်ကျတာနဲ့ ဘာဆိုင်လို့လဲ"

"အဲဒီလိုပေါ့ဗျာ၊ အရာရာ သူ့စိတ်က ခင်ဗျားအပေါ် ရောက်နေတော့ ဆင်းနေကျ လှေကားတောင် မမြင်ဘဲ ချော်ကျသွားတာဗျ၊ ဒလိမ့်ကောက်ကွေးပဲ၊ လှေကားအောက်လည်း ရောက်ရော ခေါ်လို့ မရတော့ဘူး၊ ကျွန်တော်တို့ဖြင့် သေပြီတောင် ထင်တာ"

"ဟယ်"

လေပြေ့ရဲ့ နှုတ်ခမ်းနှစ်လွှာက ခပ်ဟဟလေးဖြစ်သွားသည်။ မြင့်နိုင်က သက်ပြင်းကို ချသည်။ ထို့နောက် စိတ်ပျက်လက်ပျက် ထရပ်တဲ့ အမူအယာနဲ့ . . .

"အဲ့ဒါပါပဲဗျာ၊ သွားလိုက်ဦးမယ်၊ အခုတော့ ခင်ဗျားနဲ့ သူနဲ့ ဘာမှမပတ်သက်ဘူးဆိုတာ သိသွားပါပြီ၊ ဒါပေမယ့် ကျွန်တော့် သူငယ်ချင်းကိုတော့ သူ့ရောဂါ သက်သာသည်အချိန်ထိ ဒီအကြောင်းတွေ ကျွန်တော် မပြောပြသေးပါဘူး၊ ဆရာဝန်က သူ့စိတ်ချမ်းသာအောင်ထားဖို့ ပြောတယ်၊ အခန့်မသင့်ရင် ဦးနှောက်ထိခိုက်ပြီး ရူးသွားနိုင်တယ်တဲ့၊ အဲ့ဒါကြောင့် သူ့စိတ်ချမ်းသာအောင် ကျွန်တော်တို့က ထားနေရတာ"

ကောင်မလေး သုံးယောက်လုံး မြင့်နိုင်စကားမှာ မျောကာ စိတ်မကောင်းသော မျက်နှာတွေ ဖြစ်နေကြ၏။ မြင့်နိုင်က ဖြည်းဖြည်းချင်း လှည့်ထွက်မလို့ လုပ်ပြီး သီရိဘက် လှည့်ကြည့်လိုက်ကာ . . .

"နာမည် ဘယ်လိုခေါ်လဲဟင်"

[redacted]

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



"သိရိပါ"

"နှစ်လုံးတည်းလား"

"ဟုတ်"

"သွားမယ်နော်"

"အင်း"

မြင့်နိုင် ထွက်ကာသွားသည်။ အောင်ကိုနိုင်လည်း နောက်က လိုက်ကာသွား၏။ ခင်မေဦးက သီရိကို တံတောင်နဲ့ တွတ်၍ . . .

"နင်က ဘာလို့ နာမည်ပြောလိုက်ရတာလဲ"

"မသိဘူးလေ၊ သူက ရုတ်တရက်မေးလိုက်တော့ ငါလည်း ယောင်ပြီး ထွက်သွားတာပေါ့ဟ"

"ဟွန်း မိန်းမ" ဟု ခင်မေဦးက မျက်စောင်းထိုးကာ ဆိုသည်။ လေပြေက သက်ပြင်းလေးချကာ မြင့်နိုင်တို့ ထွက်သွားရာကို ငေးကြည့်နေသည်။

စကားတစ်ခွန်းမှတော့ မပြောပေ။

* * *



BURMESE CLASSIC .com



မြင့်နိုင်စကားကို နားထောင်ပြီးနောက် မိုးမြင့်သည် ခုတင်ပေါ်တွင် လှဲနေရာမှ ဝုန်းခနဲ ထထိုင်ပစ်လိုက်၏။

"ဘာ ငါ ငါက လှေကားပေါ်က ပြုတ်ကျသွားတယ် ဟုတ်လား"

"ဟုတ်တယ် ဟော့ကောင်၊ ကောင်မလေးဆို မင်းကို တော်တော် သနားသွားတာ"

"ဟာ ဒုက္ခပါပဲကွာ၊ ငါ ကျောင်းမှာ သူနဲ့တွေ့ရင် ဘယ်လို မျက်နှာပြရမှာလဲ"

"ဘယ်လိုမှ မျက်နှာပြစရာ မလိုဘူး၊ အခြေအနေ အားလုံး ကောင်းတယ်၊ ငါတို့ပြောထားတဲ့အတိုင်းသာ ချော်လဲရောထိုင်လိုက်ရုံပဲ"

မိုးမြင့်က သက်ပြင်းကို ချသည်။ ခေါင်းကို ကုတ်သည်။ ခေါင်းက



www.burmeseclassic.com

www.burmeseclassic.com



ဒဏ်ရာက သက်သာသလောက်ရှိသွားပြီဖြစ်၏။ မနက်ဖြန်ဆို ကျောင်းစတက်လို့ ရပြီဖြစ်သည်။ ကျောင်းမှာ ကောင်မလေးနဲ့တွေ့ရင် ဘယ်လိုလုပ်ရပါ့ဟု စဉ်းစားနေ၏။

"ဘာတွေ တွေဝေနေတာလဲ"

မြင့်နိုင်က မေးတော့ သူက . . .

"ဘာတွေဝေရမှာလဲကွ၊ မင်းတို့က ပေါက်ကရတွေ လျှောက်ပြောခဲ့တာကိုး၊ ငါ ဘယ်လိုလုပ်ရမလဲ"

"ဒီမှာ မိုးမြင့်"

"ဘာလဲ"

"မင်း လေပြေ့ကို စိတ်မဝင်စားဘူးလား ပြော"

မိုးမြင့် ငြိမ်နေသည်။ မြင့်နိုင်က ဆက်ပြောသည်။

"မင်း သူများကို သွားလိမ်လို့ ရမယ်၊ ငါ့ကိုတော့ လိမ်လို့ မရဘူး မိုးမြင့်၊ မင်း လေပြေ့ကို စွဲလန်းနေတယ်ဆိုတာ ငါသိတယ်၊ ဘာဖြစ်လဲကွာ ကြိုက်ရင် ကြိုက်တယ်၊ ချစ်ရင် ချစ်တယ်ပေါ့၊ အပျိုကို လူပျိုကြိုက်တာ အပြစ်မရှိပါဘူးကွာ"

မိုးမြင့်က 'ဒါတော့ ဒါပေါ့ကွာ' ဟု အားလျော့စွာဆို၏။

"ဘာမှစိတ်အားမငယ်နဲ့၊ မင်း ကောင်မလေးကို ချစ်တယ်မလား"

မိုးမြင့် မဖြေသေးဘဲ ငြိမ်နေသည်။ ငယ်ပေါင်းတွေမို့လို့ မိုးမြင့်ပုံစံကို ကြည့်ပြီး သူ သဘောပေါက်လိုက်၏။ ထို့ကြောင့် ထပ်မမေးတော့။ ပြောချင်တာကိုသာ ဆက်ပြော၏။

"ငါပြောသလိုသာ လုပ်ပါကွာ၊ ငါ အကဲခတ်ရသလောက် လေ





ပြေက အဲ့ဒီလောက် မဆိုးပါဘူး၊ မင်း သူ့ကို တသသဖြစ်ပြီး လေကားပေါ်က ပြုတ်ကျသွားတယ်ပြောတော့ မင်းအပေါ်ကို သနားသွားတဲ့ အမူအယာက သိသာတယ်ကွ၊ အဲ့ဒါကို ကြည့်ခြင်းအားဖြင့် သူမင်းကို စိတ်ထဲမှာ အသိအမှတ်ပြုတယ်ဆိုတာ သေချာတယ်"

"ဒါပေမယ့် ငါ သူနဲ့ တွေ့ရမှာ ကြောက်တယ်ကွ"

"လဲသေလိုက်၊ ဒီလိုကိစ္စမျိုးတွေဆိုတာ ယောကျ်ားလေးက စရတာချည်းပဲ၊ လေပြေကတော့ မင်းကို ကျွန်မကို ချစ်ပါ မိုးမြင့်ရယ်ဆိုပြီး ဝင်လာမှာ မဟုတ်ဘူး"

မိုးမြင့် ပြုံးလိုက်သည်။ ရှက်ပြုံး။ ထို့နောက် တစ်ခု သတိရသွားဟန်နှင့် မြင့်နိုင်ကို ကြည့်လိုက်ကာ . . .

"မင်းကရော သီရိနဲ့ ဘယ်လိုလဲ"

"အေးဆေးပါ၊ အခြေအနေ မပေးသေးလို့၊ အခြေအနေပေးရင် ငါက ဖွင့်ပြောတော့မှာ၊ ငါ့ဘက်ကတော့ ရှာရန်ရှာနှုန်း ကိုးဆယ့်ကိုးပဲ"

မိုးမြင့်က ခေါင်းတညိတ်ညိတ် လုပ်သည်။ မြင့်နိုင်က . . .

"မင်းကရော"

"ဘာကိုလဲ"

"ရှာရန်ရှာနှုန်းလေ"

မိုးမြင့်က တစ်ချက် ရယ်လိုက်ရင်း . . .

"ငါလည်း ကိုးဆယ့်ကိုးပဲ" ဟု ဆိုလိုက်ပါတော့သည်။

မြင့်နိုင်က "ဒါမှပေါ့ကွ" ဟု ပြန်ပြောလိုက်တော့၏။

* * *



www.burmeseclassic.com

www.burmeseclassic.com



မိုး လေး တစ်ဖွဲဖွဲ ကျနေသည်။ တက္ကသိုလ်ပတ်ဝန်းကျင်တွင် မိုးမှုန်တံတိုင်းတို့ ကာဆိုင်းကာနေ၏။ တစ်ချက်တစ်ချက် အနောက်တောင် မုတ်သုန်လေက ဝေ့ကာ ဝိုက်ကာနှင့် သစ်ရွက်ကြွေတွေကို သယ်ဆောင်ကာသွား၏။ ဘွဲ့နှင်းသဘင်ခန်းမကြီးကို မိုးမြူများအောက်တွင် ခန့်ညားစွာ အဝေးက လှမ်းတွေ့နေရပါသည်။

"မနက်ကတည်းက စိတ်ထဲမှာ မိုးရွာမယ်လို့တော့ ထင်သားကွ၊ ထီးမယူလာမိတာ မှားပြီထင်တယ်"

မြင့်နိုင်က ခပ်သွက်သွက်လျှောက်နေရင်းမှ ပြော၏။ မိုးမြင့်က ခေါင်းကို လက်နဲ့အုပ်၍ လွယ်အိတ်ကို ရင်မှာ ပိုက်လိုက်ပြီးမှ . . .

[redacted]



"ဒါဆိုလည်း သတိတရ ယူလာခဲ့ပါလားကွာ၊ အခုတော့ ဒုက္ခရောက်ပြီ"

"ငါတစ်ယောက်တည်းကိုပဲ အားမကိုးနဲ့လေ၊ မင်းလည်း မျက်စိပါတာပဲ၊ အခြေအနေကြည့်ပြီး ယူသင့် မယူသင့် စဉ်းစားပါလား"

မိုးမြင့် ပါးစပ်ပိတ်သွား၏။ သူတို့က ကျောင်းကားတွေ ရပ်နားကွင်းမှ အဆောင်တွေရှိရာသို့ သွားနေခြင်းဖြစ်၏။ ဒီပုံအတိုင်းဆို လမ်းမှာတင် မိုးသည်းသည်းမည်းမည်း ရွာချမယ့်ပုံဖြစ်နေသည်။ အခုတောင် ဖွဲဖွဲကျနေရာမှ နည်းနည်းသည်းလာသည်။ ခဏကြာတော့ မိုးက ဝီဝီပြင်ပြင် ရုပ်လုံးပေါ်လာ၏။

"မဖြစ်ဘူး ဟေ့ကောင်၊ အဆောင်တစ်ခုထဲ ခဏဝင်ခိုမှ ရမယ်၊ ဒီအတိုင်းဆို ငါတို့ အဆောင်မရောက်ခင် ကြွက်စုတ်ဖြစ်သွားနိုင်တယ်"

မိုးမြင့်က ပြောပြီး နီးစပ်ရာ အဆောင်တစ်ခုထဲ ပြေးဝင်လိုက်၏။ အတွင်းဘက်ထဲရောက်တော့ ခန္ဓာကိုယ်မှ ရေစက်များကို ခါကာ မျက်နှာမှာ တင်ကျန်ရစ်သော မိုးရေစက်များကို တစ်ချက် သုတ်လိုက်၏။ ခဏကြာတော့ မိုးသည် သည်းကြီးမည်းကြီး ရွာချလိုက်ပါတော့သည်။ မြင့်နိုင်က အဆောင်အပြင်ဘက်ကို ကြည့်၍ . . .

"ငါတို့ လက်မတင်လေး လွတ်လာတာကွ၊ တော်သေးတယ်"

မိုးမြင့်က ခေါင်းညိတ်ပြ၏။

မိုးက ဘယ်ကတည်းက ရွာချင်နေလည်း မသိပေ။ တော်တော်အငြိုးကြီးစွာ ရွာသည်။ မိုးနှင့်အတူ လေပါပါ၏။ သစ်ပင်တွေ ယိမ်းထိုးလှုပ်ခတ်နေ၏။ အဆောင်ခေါင်မိုးများတွင် လာရောက်ရိုက်ခတ်

[redacted]

www.burmeseclassic.com

www.burmeseclassic.com



နေသော သစ်ကိုင်းရိုက်နှက်သံများကို တစ်ချက် တစ်ချက် ကြားနေရသည်။ ကောင်းကင်တစ်ခွင်လုံး လျှပ်ပန်း၊ လျှပ်နွယ်များ တစ်ဖျန်းဖျန်းလက်၍ မိုးခြိမ်းသံများကိုလည်း ဝုန်းဒိုင်းကျဲအောင် ကြားနေရ၏။

"အညာမှာဆို ဒီလိုမိုးမျိုးကို မြင်ရခဲတယ်ကွ ကြည့်ထား"

မိုးမြင့်က ပြုံးလိုက်၏။ အညာသူ အညာသားတွေပီပီ ဇာတိရပ်ရွာကို ခင်တွယ်သည့်စိတ်ကတော့ မပျောက်။ သူတို့က အညာမှာမွေး၊ အညာမှာကြီးဟုဆိုသော်လည်း အညာသားစစ်စစ်တွေတော့ မဟုတ်။ မိဘတွေက ပြည်ဘက်ကဖြစ်သည်။ အိမ်ထောင်ကျပြီးတော့ ရေကြည်ရာ မြက်နုရာ စီးပွားရေးအရ ပြောင်းရွှေ့နေထိုင်ကြရင်း မကွေးဘက်မှာ အခြေချနေထိုင်ကြခြင်းဖြစ်၏။ မိုးမြင့်တို့ကိုလည်း အဲ့ဒီမှာတင် မွေးသည်။ မိုးမြင့်တို့ဟု ဆိုရသည်မှာ မိုးမြင့်နဲ့ မြင့်နိုင်တို့ မိဘတွေက အပျို၊ လူပျိုတွေ ဘဝကတည်းက သူငယ်ချင်းတွေ။ ကျောင်းတက်တော့လည်း အတူတူ၊ ကျောင်းပြီးသွားတော့ မိုးမြင့် အဖေနဲ့ အမေနဲ့ ယူသည်။ မြင့်နိုင် အဖေနဲ့ အမေနဲ့ ယူ၏။ သူငယ်ချင်းတွေ ပတ်ယူသွားကြခြင်းဖြစ်၏။ စီးပွားရေးလုပ်ငန်း လုပ်ကိုင်ပြီး အခြေချတော့လည်း တစ်မြို့တည်း။

"ဟေ့ကောင် ဒီလိုမိုးရွာနေတဲ့ အချိန်မှာ ကိုယ်ချစ်တဲ့ ကောင်မလေးနဲ့ ထီးတစ်ချောင်းထဲ အတူတွဲဆောင်းသွားချင်စိတ် မရှိဘူးလား"

အဆောင်ရှေ့ လမ်းပေါ်မှာ စုံတွဲတစ်တွဲ ထီးအတူ ဆောင်းသွားတာကိုကြည့်၍ မြင့်နိုင်က ပြောလိုက်ခြင်းဖြစ်၏။ ကောင်လေးက ကောင်မလေးရဲ့ ပခုံးကို ဖက်ထားသည်။ ကောင်မလေးက ကောင်



လေးခါးကို ပြန်ဖက်ကာထား၏။ သူတို့အတွက် မိုးရွာချလိုက်ခြင်းက အကောင်းဆုံး ပျော်ရွှင်မှုတစ်ခုကို ပေးစွမ်းလိုက်သလို ဖြစ်နေ၏။

"သူများ စုံတွဲတွေကို ကြည့်ပြီး အားကျနေတာလား"

မိုးမြင့်က ပြောလိုက်တော့ မြင့်နိုင်က . . .

"အားကျတာတော့ မဟုတ်ပါဘူးကွာ၊ တွေးကြည့်တာပေါ့၊ ကိုယ်လည်း ဒီလိုမျိုးလေးဖြစ်ရင် ကောင်းမှာပဲလို့"

မိုးမြင့်က ရယ်လိုက်၏။ သူ့ရယ်သံသည် မိုးခြိမ်းသံများအောက်တွင် ခပ်သဲ့သဲ့သာ ထွက်ပေါ်လာသည်။ မြင့်နိုင်က မိုးမြင့်ကိုကြည့်၍

"မင်းက ဘာရယ်တာလဲ"

"မင်းကိုကြည့်ပြီး ရယ်ချင်လို့ပါ"

"ငါက ဘာဖြစ်နေလို့လဲ"

"မင်းဘဝက ဘာနဲ့တူလဲဆိုတော့ မြင်းစီးမတတ်သေးဘဲနဲ့ မြင်းတစ်ကောင်လောက်ရရင် ကောင်းမှာပဲလို့ တွေးနေသူလို ဖြစ်နေပြီ"

"အမယ် မင်းကများ ကြီးကြီးကျယ်ကျယ် ဒဿနတွေ ဘာတွေနဲ့"

"မဟုတ်လို့လား"

"စိတ်ကူးယဉ်တာပဲကွ၊ ဟုတ်တာ မဟုတ်တာ အပထားပေါ့"

"မင်းက သီရိနဲ့ ထီးတစ်ချောင်းတည်း ဆောင်းသွားချင်တယ်ပေါ့"

မြင့်နိုင်က ခေါင်းညိတ်ပြသည်။

"ဆောင်းသွားချင်တာပေါ့ကွ၊ မင်းကရော . . ."

မိုးမြင့်က ပြုံးရုံပြုံးနေသည်။ ဒီလောက်ဆို မြင့်နိုင် သဘောပေါက်လိုက်ပြီဖြစ်သည်။ မိုးမြင့်က ပြုံးရင်း မိုးရေစက်တွေကို ငေး

www.burmeseclassic.com

www.burmeseclassic.com



ကာ ကြည့်နေသည်။ သူ့စိတ်ကူးထဲတွင် လေပြေနဲ့အတူ ထီးလေးတစ်ချောင်းနဲ့ မိုးရေတွေထဲ လျှောက်သွားနေရသည်ဟု မြင်ယောင်လာသည်။ မိုးသက်လေအဝေ့တွင် လေပြေ့ဆီက ကိုယ်သင်းရနံ့လေးတွေကို သူ ရှူရှိုက်နေရသည်။ သူကလည်း ပိုက်ဆံစုပြီး ရေမွှေးလေးတစ်ပုလင်း ဝယ်ထားသည်။ ထိုရေမွှေးပုလင်းလေးကို လေပြေ့ကို သူက လက်ဆောင်ပေးမည်။ သူလည်း ရေမွှေးဆွတ်မည်။ ပြီးတော့ မွှေးရနံ့တွေ ထုံသင်းနေသည့် သူတို့ ကိုယ်သင်းရနံ့လေးတွေနှင့် မိုးရနံ့တို့ ပေါင်းစုကာ ဘယ်လောက်မွှေးကြိုင်လန်းဆန်းသွားတဲ့ ကမ္ဘာကြီးဖြစ်သွားမည်လဲဟု တွေးနေမိ၏။ လက်တွေ့မှာတော့ . . .

"ဟော့ကောင် မိုးတိတ်သွားပြီ လစ်ရအောင်"

"အင်းပါ လေပြေရဲ့"

မြင့်နိုင်က သူ့ကို ဖျတ်ခနဲ လှည့်ကြည့်၏။ သူ့စကား မှားသွားပြီဆိုတာ သိလိုက်ချိန်တွင် မိုးမြင့် ရှက်ကိုးရှက်ကန်းနှင့် တစ်ချိုးတည်း လစ်လေတော့သည်။

မြင့်နိုင်က မိုးမြင့်ကို ကြည့်၍ တဟားဟား အော်ရယ်လိုက်ကာ

"အင်း ပြောတော့ မချစ်ဘူး မချစ်ဘူးနဲ့၊ ကြာရင် စိတ်ကူးနဲ့ ရူးပြီး သေမယ့်ကောင်"

ဟု ရေရွတ်လိုက်ပါတော့သည်။

* * *

[redacted]



မိုး က တိတ်သွားတာဆိုသော်လည်း အရှင်းတိတ်သေးသည်မဟုတ်။ ဖွဲဖွဲ ဖွဲဖွဲတော့ ရွာနေသေးသည်။ မိုးမြင့်က ခြေလှမ်းတွေကို ခပ်သွက်သွက် လှမ်းရင်း လျှောက်လာခဲ့၏။ Physics အဆောင်တွေဘက် ချိုးကွေ့ရမယ့် လမ်းဆုံကိုရောက်တော့ ခြေဦးက ယောင်ပြီး ကွေ့မလို့ လုပ်လိုက်သည်။ သို့သော် မကွေ့ဖြစ်။ ထိုလမ်းဆုံမှာပဲ ယောင်ချာချာနှင့် ဆက်သွားရမလိုလို ရပ်ပဲနေရမလိုလို ဖြစ်နေ၏။

သူတို့မေဂျာရှိရာဘက်ကို Physics ဘက်ကလည်း ချိုးကွေ့ပြီး မိန်းလမ်းမအတိုင်း ဆက်သွားရင်ရသည်။ ဒါမှမဟုတ် ရှေ့တည့်တည့် ဆက်သွားပြီးမှ တခြားလမ်းတွေဘက်က ကွေ့ဝင်ပြီးသွားလို့လည်း

[redacted]

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်၏။ အမှန်တော့ မိုးမြင့်က Physics အဆောင်တွေဘက်က ကွေ့ဝင်ပြီး သွားချင်မိ၏။ သို့သော် သူ့စိတ်က မလုံမလဲဖြစ်နေ၍ ထိုဘက်ကို ခြေဦးမလှည့်ရဲ။ ဆက်သွားဖို့ကျတော့လည်း အားမရှိပြန်။ Physics ဘက်မှာ လေပြေ့ကို တွေ့လိုတွေ့ငြား ကြည့်သွားချင်သေး၏။

အမှန်တော့ သူ့ဘာသာသူ ဘယ်လမ်းကပဲသွားသွား ပြဿနာမရှိ။ တက္ကသိုလ်မှာ ကျောင်းသားတစ်ယောက် လျှောက်သွားနေခြင်းကို ဘယ်သူကမှ စစ်ဆေးမေးမြန်းခြင်း လိုက်လုပ်နေမည်မဟုတ်။ သို့သော် သူ့စိတ်ကိုက ဓာတ်ခံမကောင်း၍ ကြောက်လန့်နေခြင်းဖြစ်သည်။

မြင့်နိုင် ပါလာလိုပါလာငြား အနောက်ဘက်လှည့်ကြည့်လိုက်သည်။ မတွေ့။ အခုမှ မြင့်နိုင်နဲ့ လမ်းခွဲပြီး ထွက်လာမိတာကို နောက်တရသလိုလိုဖြစ်လာ၏။ ဒီကောင်ပါရင် ဘာပဲဖြစ်ဖြစ် နှစ်ယောက်ဆိုတော့ အားရှိသည်။ အခုတော့ . . .။

မိုးမြင့် Physics ဘက်ကို ချိုးမဝင်တော့ဘဲ ရှေ့တည့်တည့် ဆက်လျှောက်ဖို့ ခြေလှမ်းပြင်လိုက်၏။ သို့သော် Physics မေဂျာကြီးကို အနောက်မှာ ချန်ခဲ့ပြီး ရှေ့ဆက်သွားရန် သူ့မှာ အင်အားမရှိပြန်။ နောက်ဆုံးရောက်မှတော့ မထူးဘူးဟု စိတ်ဆုံးဖြတ်လိုက်ကာ လမ်းချိုးအတိုင်း ချိုးဝင်လိုက်ပါတော့၏။

စိတ်ထဲမှာတော့ တထင့်ထင့်။ မိုင်းကွင်းတစ်ခုကို ဖြတ်နေရသော စစ်သားတစ်ယောက်လို စိုးရိမ်စိတ်က အပြည့်။ လေပြေ သူ့ကို တစ်နေရာမှ တွေ့သွားရင် ဘယ်လိုနေမလဲ။ မြင့်နိုင်သွားပြောခဲ့သည့်

[redacted]



စကားတွေကြောင့် လေပြေ သူ့ကို အထင်သေးနေမလား။ ဒါမှမဟုတ် ငကြောင်ကြီးဟု ထင်လေမလား။ ဒီ့ထက်ပိုပြီး မယားတရူးတစ်ယောက်ဟုလည်း ထင်ကောင်းထင်နေနိုင်သည်။

သူ့စိတ်က Physics အဆောင်နဲ့ နီးလာလေလေ ကြောက်စိတ်က ပိုများလာလေလေဖြစ်လာသည်။ ဒီဘက်ချိုးလာမိတာ မှားပြီလားဟု တွေးလာမိ၏။ ခြေလှမ်းတွေကလည်း မသွက်လက်တော့။ ကုန်ကုန်ပြောရရင် ပတ်ဝန်းကျင်ကိုတောင် မကြည့်ရဲတော့၍ ခေါင်းကြီးငုံ့ကာ လျှောက်နေမိ၏။ နောက်ဆုံး သူ့စိတ်သူ မထိန်းနိုင်တော့။ ဒူးတွေတောင် မခိုင်တော့အောင် တဆတ်ဆတ် တုန်လာ၍ လာရာလမ်းက ပြန်လှည့်ဖို့ ဆုံးဖြတ်ချက်ချလိုက်ပါတော့သည်။

ထို့ကြောင့် ချာခနဲ သူ့ခန္ဓာကိုယ်ကို လှည့်လိုက်ချိန်တွင် . . .

"မိုးမြင့်"

နာမည်ခေါ်သံကြား၍ ဖျတ်ခနဲ လှည့်ကြည့်လိုက်ချိန်တွင် လေပြေ့ကို တွေ့သွား၏။

မိုးမြင့် ကြောက်အားလန့်အားနှင့် . . .

"ဟာ လေပြေ၊ ဆောရီးနော် ကျွန်တော် အခုပဲ ပြန်လှည့်မလို့ပါ"

ဟုဆိုကာ ထွက်ပြေးမလို့ ခြေလှမ်းပြင်သည်။

လေပြေက အတင်းလိုက်၍ . . .

"နေပါဦး လေပြေက မိုးမြင့်ကို ဘာပြောလို့လဲ၊ ဘာလို့ လေပြေ့ကို တွေ့တာနဲ့ ထွက်ပြေးရတာလဲ"

အဲ့ဒီတော့မှ မိုးမြင့် ကိုယ်ရှိန်သတ်လိုက်သည်။ စိတ်ထဲမှာလည်း

[redacted]

www.burmeseclassic.com

www.burmeseclassic.com



‘ဟုတ်သားပဲ’ ဟု ရေရွတ်လိုက်၏။ အမှန်တော့ သူ့အတွေးနဲ့သူ အကြောက်လွန်ကာ ထွက်ပြေးခြင်းဖြစ်၏။ လေပြေက သူ့ကို ဒီဘက် မလာရဟု ပုဒ်မထုတ်ပြန်ထားတာလည်း မဟုတ်။

မိုးမြင့် ကိုယ့်စိတ်ကိုယ် ပြန်ထိန်းလိုက်ကာ လေပြေ့ကို အားယူ ပြုံးပြလိုက်၏။ အသက်ရှူသံကတော့ မြန်နေသေး၏။ ကြောက်စိတ်ကြောင့်တော့ မဟုတ်တော့။ လေပြေ့မျက်နှာလေးကို တွေ့လိုက်ရသောကြောင့် ဖြစ်၏။

လေပြေက . . .

“ခေါင်းက သက်သာသွားပြီလား”

“အင်း သက်သာသွားပါပြီ”

“မိုးမြင့် မျက်မှန်လေး ဘာလေး တပ်သင့်ပြီထင်တယ်”

“ဘာလို့လဲ”

“လှေကားကြီးတစ်ခုလုံးတောင် မမြင်ဘဲ ချော်ကျလို့လေ”

လေပြေက သူ့ဘာသာသူပြော သူ့ဘာသာသူ ရယ်သည်။ မိုးမြင့်ကတော့ လေပြေ့မျက်နှာလေးကိုကြည့်၍ မှင်သက်နေ၏။ လေပြေက ရယ်မောနေရာမှ မိုးမြင့်ကို လှည့်ကြည့်လိုက်တော့ သူမကို ငေးကြည့်နေသည့် မိုးမြင့်ကို တွေ့သွားသည်။

ထို့ကြောင့် မျက်မှောင်လေး ကျုံ့လိုက်ပြီး . . .

“မိုးမြင့် ဘာဖြစ်လို့လဲ”

လေပြေ့အမေးကြောင့် မိုးမြင့်က ကပျာကယာနှင့် . . .

“ဟာ မဟုတ်ဘူး၊ ဟိုဟာဖြစ်လို့’ ဟု မတင်မကျ ဆိုလိုက်ကာ

[redacted]



ခေါင်းငုံ့လိုက်သည်။ မိုးမြင့် ရှက်သွားတာတွေ့၍ လေပြေက ပြုံးလိုက်သည်။

ထို့နောက် မိုးမြင့်ကို . . .

“လေပြေလည်း မိုးမြင့်နဲ့ တွေ့လိုက်ရင် ဘာဖြစ်လို့လည်း မသိဘူး၊ အကူအညီတောင်းစရာ တစ်ခုခုပေါ်လာတယ်”

မိုးမြင့်က ‘ဘာဖြစ်လို့လဲဟင်’ ဟု မေးလိုက်၏။

လေပြေက တစ်နေရာသို့ လက်ညှိုးထိုးပြ၍ . . .

“လေပြေ့ကားဘီးပေါက်သွားလို့ ကူညီပါဦး မိုးမြင့်ရယ်၊ တစ်ယောက်တည်းဆိုတော့ ဘာလုပ်ရမှန်းမသိဘူး ဖြစ်နေတာ၊ သီရိတို့ကလည်း မလာသေးဘူး၊ အခုပဲ အတန်းထဲက သူငယ်ချင်းတစ်ယောက်ကို အကူအညီတောင်းမလို့ သွားရင်း မိုးမြင့်ကို တွေ့လို့ . . အဲ့ဒါ . .”

ခပ်လှမ်းလှမ်းမှာ ဆလွန်းကားအဖြူတစ်စီး ရပ်ထားတာ တွေ့ရသည်။ နောက်ဘီးက ပြားကနေ၏။ မိုးမြင့် ခေါင်းညိတ်ပြကာ အင်္ကျီလက်ကို ဆွဲတင်လိုက်လေသည်။

“ရပါတယ် ကူညီရမှာပေါ့”

“ဒါဆို ကျေးဇူး”

ကားဆီသို့ သွားကာ နောက်ဖုံးကို ဖွင့်ပြီး ဘီးဖြုတ်တဲ့ ဂေါက်တံနဲ့ ချိုင့်ကို ထုတ်၏။ ကားဘီးနပ်တွေကို တစ်ချက် လျှော့ကာ ချိုင့်ကို ထောက်လိုက်သည်။ ထို့နောက် ပေါက်နေတဲ့ ဘီးတွေကို ဆွဲထုတ်၍ စပယ်ယာဘီးကို တပ်ကာ နပ်တွေကို လိုက်တပ်လိုက်သည်။

[redacted]

www.burmeseclassic.com

www.burmeseclassic.com



လေပြေက သူနဲ့အတူ ဘီးနပ်တွေကို ကူတပ်ပေးသည်။ ထိုသို့ပြုလုပ်ရင်း လေပြေ့လက်ကလေးတွေကို တစ်ချက် တစ်ချက် သွားသွားထိမိ၏။ လေပြေတော့ မသိ။ သူ့ရင်ထဲမှာ ကျင်စက်နဲ့ တို့ခံရသလို ကျင်ခနဲ ကျင်ခနဲ ဖြစ်သွားလေသည်။ နှလုံးသား ဓာတ်လိုက်ခံရတဲ့သဘော။

နပ်တွေကို အရေတည် ကြပ်ပြီးနောက် ချိုင့်ကို ချလိုက်သည်။ ထို့နောက် ဘီးနပ်တွေကို အတင်းကြပ်ရန် ဘီးဂေါက်ကို တပ်၍ အားနဲ့ဖိကာ ကြပ်ရပါတော့သည်။ လေပြေက သူ့ဘေးနားမှာ ငုတ်တုတ်ကလေး ထိုင်နေကာ လုပ်တာကိုင်တာတွေကို ကြည့်နေသည်။ သူ့အနံ့အာရုံထဲတွင် လေပြေ့ဆီက မွှေးရနံ့လေးတွေကို ရှူရှိုက်မိတော့ ရင်ထဲမှာ ရှိန်းခနဲ။ ဘီးနပ်တွေကို လက်နဲ့ဖိကာ ကြပ်ပြီးနောက် လေပြေ့ကို တစ်ချက် လှည့်ကြည့်လိုက်သည်။ လေပြေက သူ့ကို ပြန်ကြည့်၍ ပြုံးကာပြ၏။ ထိုအပြုံးလေးထဲတွင် ခင်မင်မှု၊ နွေးထွေးမှုတွေ ပါနေသည်ဟု သူ ထင်မိသည်။

သူ့ရင်ထဲမှာ ပျော်ကာသွား၏။ ထို့ကြောင့် အပျော်လွန် အင်အားတွေနှင့် နောက်ဆုံး နပ်တစ်လုံးကို အားနဲ့ဖိကာ ကြပ်လိုက်ချိန်တွင် . . .

"ဘူ"

"ဟင်"

ရုတ်တရက် ပွင့်ထွက်သွားသော အသံကြောင့် မိုးမြင့် ကြက်သေကြီး သေသွား၏။ အသံက တော်တော်အောင်သည်။ အားနဲ့ ဘီးနပ်





ကို ဖိကြပ်လိုက်ချိန်ဆိုတော့ ညှစ်အားကလည်း တော်တော်ပါ၏။ လေပြေ့ခန္ဓာကိုယ်လေး တုန်ခနဲ ဖြစ်သွားပြီး ပါးစပ်ကလည်း 'ဟယ်' ခနဲ အာမေဋိတ်သံ ထွက်သွားပါတော့သည်။

မိုးမြင့်က ဖင်ကြီးကုန်းပြီး ဘီးဂေါက်ကို ကိုင်ထားလျက်နဲ့ လေပြေ့ကို ကြည့်၏။ လေပြေလည်း ဘာလုပ်လို့လုပ်ရမှန်းမသိဘဲ မိုးမြင့်ကို မျက်လုံးလေး ပေကလပ် ပေကလပ်နဲ့ ကြည့်နေပါတော့သည်။

မိုးမြင့် မျက်နှာသည် ညိုရာမှ မည်းလာသည်။

မည်းရာမှ ပြာတက်လာ၏။

ထို့နောက် ဘီးဂေါက်ကို ဝှမ်ခနဲနေအောင် ပစ်ချကာ တစ်ချိုးတည်း လစ်ပါ၏။ နောက်တောင် လှည့်မကြည့်တော့။ လေပြေလည်း မိုးမြင့်ကို ငေးကြည့်ရင်း ဖြည်းဖြည်းချင်း ထရပ်လိုက်ပါတော့သည်။ ထို့နောက် ကားခေါင်မိုးပေါ်တွင် ကျန်ခဲ့သော မိုးမြင့် လွယ်အိတ်ကို တွေ့လိုက်ရတော့၏။ လေပြေ သက်ပြင်းကို ချသည်။

သူ အကူအညီ တောင်းလိုက်မိတာပဲ မှားသွားပြီလား။

အခုတော့ . . .

မိုးသင်းရနံ့တွင် မိုးမြင့်ရဲ့ လေပုန်းရနံ့က ရောယှက်လျက်။

* * *



www.burmeseclassic.com

www.burmeseclassic.com



"ဒါ ဒီတစ်ခါ တကယ်ကျောင်းထွက်တော့မယ်"

မြင့်နိုင်က သက်ပြင်းကိုချကာ မိုးမြင့်ကို စိတ်မကောင်းကြီးစွာဖြင့် ငေးကြည့်နေသည်။ မိုးမှုန်တွေ ရစ်သိုင်း၍ ကဗျာဆန်နေသော မနက်ခင်းလေးတွင် ကိုယ်ချစ်ရသော မိန်းကလေးတစ်ယောက်ရှေ့၌ 'အီး' ထွက်သွားသော ယောကျ်ားတစ်ယောက်၏ ခံစားချက်ကို သူနားလည်သည်။ ထို့ကြောင့် စိတ်ရှိသရွေ့ ပြောပါစေဆိုပြီး လွှတ်ထားလိုက်၏။

မိုးမြင့်က ခုတင်ဘေးတွင် ချထားသော စားပွဲခုံကြီးကို လက်သီးနှင့် 'ဝုန်း' ခနဲ 'ဝုန်း' ခနဲ ထပ်ခါထပ်ခါ ထု၍ . . .

"ငါ့ဘဝ . . ငါ့ဘဝ အသုံးမကျတဲ့ ငါ့ဘဝ . . ငါ့ဘဝကို ငါ





မုန်းတယ် . . မုန်းတယ် မုန်းတယ်"

"စိတ်လျှော့ပါ သူငယ်ချင်းရာ"

"မလျှော့နိုင်ဘူးကွာ၊ မလျှော့နိုင်ဘူး၊ အဲ့ဒါ မင်းကြောင့်လည်း ပါတယ်"

"ငါနဲ့ ဘာဆိုင်လို့လဲကွာ"

"မင်းပါလာရင် ဒီလိုဖြစ်မှာ မဟုတ်ဘူး"

"ဘာဆိုင်လို့လဲ၊ ငါပါလာလည်း မင်းဖင်က ထွက်ချင်ထွက် . . ."

"ဟော့ကောင် တော်တော့"

မြင့်နိုင်ပါးစပ်ကို ချက်ချင်းပိတ်ပစ်လိုက်၏။ မိုးမြင့် တော်တော် ဒေါသထွက်နေတယ်ဆိုတာ မျက်နှာကို ကြည့်တာနဲ့ သူ သိ၏။ ယောကျ်ားတစ်ယောက်၏ သိက္ခာနှင့် အရှက်တရားကြောင့် ထွက်လာသော ဒေါသသည် ဘာနဲ့မှမတူမှန်း မြင့်နိုင် သိ၏။ သို့သော် မိုးမြင့်အဖြစ်က ဘယ်သူ့ကို အပြစ်သွားတင်လို့ တင်ရမှန်းမသိ ဖြစ်နေသော ကိစ္စဖြစ်နေ၏။

မြင့်နိုင် သက်ပြင်းကို ချသည်။ မိုးမြင့်က . . .

"ငါ မကွေးကိုပဲ ပြောင်းတော့မယ်၊ နောက်နေ့ မင်း ကျောင်းသွားရင် ငါ့ကို ထွက်စာတင်မယ့်ကိစ္စ စုံစမ်းပေးစမ်းပါ"

"မစဉ်းစားတော့ဘူးလား သူငယ်ချင်းရာ၊ တက္ကသိုလ်တစ်ခုကနေ တစ်ခု ပြောင်းတယ်ဆိုတာ လွယ်တာမှ မဟုတ်တာကွ၊ ပြီးတော့ အရီးလေးတို့ မေးရင် မင်း ဘယ်လိုဖြေမလဲ၊ ငါတို့ပဲ တက်ချင်လှပါချည်ရဲ့ဆိုပြီးတော့ ရန်ကုန် တက်လာတာလေ"



www.burmeseclassic.com

www.burmeseclassic.com



"အဲ့ဒါတွေ နောက်မှ စဉ်းစားမယ်၊ လောလောဆယ် ငါ ကျောင်းထွက်ဖို့ ကိစ္စက အရေးကြီးတယ်၊ ကျောင်းထွက်ပြီး မကွေး မပြန်သေးရင်တောင်မှ ရန်ကုန်မှာ တခြားသင်တန်း တစ်ခုခု ရှာတက်ပြီး ဟန်မပျက် နေမယ်ကွာ"

မြင့်နိုင် ခေါင်းကို ကုတ်လိုက်သည်။ ဘယ်လိုပြောလို့ ပြောရမှန်းလည်း မသိတော့ပေ။ မိုးမြင့်ကို ကျောင်းမထွက်စေချင်တာတော့ အမှန်ပင်။ မိုးမြင့် ကျောင်းထွက်ရင် သူလည်း ဒုက္ခရောက်ပြီ။ နောက်တစ်ခုက မိုးမြင့်တို့အမေ အရိုးလေးသိသွားရင် ဘယ်လိုဖြေရှင်းရမှန်းမသိ။

မြင့်နိုင်၏ ခေါင်းထဲမှာ အတွေးတစ်ခု ပေါ်လာသည်။ လေပြေ့ကို ပြေးမြင်ယောင်မိသောကြောင့် ဖြစ်၏။

ထို့ကြောင့် မိုးမြင့်မျက်နှာကို ကြည့်လိုက်ကာ . . .

"မင်း လေပြေ့ကို ခွဲသွားနိုင်လို့လား"

"ဘယ်လို"

"မင်း လေပြေ့ကို ခွဲသွားနိုင်လို့လားလို့ မေးတာ၊ မင်းပဲ လေပြေ့ကို စိတ်ဝင်စားတယ်ဆို၊ ချစ်တယ်ဆို၊ လေပြေတစ်ယောက်တည်းထားပြီး မင်း ထွက်သွားမလို့လား"

"မင်းပြောတဲ့စကားတွေက အဆင့်တွေ ကျော်နေသလိုပဲ၊ လေပြေ့ကို ငါက ထားပြီး မသွားနိုင်ရအောင် သူနဲ့ငါနဲ့က ဘာမမှ မဆိုင်တာ၊ ဘာမှမဆိုင်တဲ့အပြင် အခုလို ကိစ္စမျိုးကြုံလိုက်တော့ ဘယ်လိုမျက်နှာချင်းဆိုင်ရမှန်းတောင် မသိဘူး"

[redacted]



မြင့်နိုင်က ပြုံးလိုက်သည်။ ထို့နောက် . . .

"ဒါတော့ ဒါပေါ့ကွာ၊ ဒါပေမယ့် မင်း စဉ်းစားနော်၊ ကိုယ်ချစ်တဲ့မိန်းမတစ်ယောက်ကို ချန်ထားခဲ့ပြီး ခွဲသွားဖို့ဆိုတာ မလွယ်ဘူး၊ မင်းပြောသလို လေပြေနဲ့ မင်းနဲ့က ဘာမှမဆိုင်ပေမယ့် သူ့ကို မင်းက ချစ်နေတဲ့ သူလေ၊ အဲ့ဒီတော့ မင်း ခွဲနိုင်ပါ့မလား၊ အခုလို သွေးဆူနေတုန်း ဆုံးဖြတ်ပြီးမှ နောင်တရနေရင် မကောင်းဘူး၊ နောက်ပြီး မင်း ကျောင်းထွက်ချင်တဲ့ကိစ္စကလည်း ခုနပြောတဲ့ ကိစ္စတစ်ခုတည်းအတွက်ပဲ မဟုတ်လား"

"မဟုတ်ဘူးကွ၊ ပုဆိုးကျွတ်ကျတာပါ ပါတယ်"

"ဒါက ပြီးသွားပြီလေ၊ လေပြေနဲ့ မင်းနဲ့တောင် ကြားမှာ တွေ့ပြီးပြီ မဟုတ်လား"

မိုးမြင့် ငြိမ်နေသည်။ မြင့်နိုင်က မိုးမြင့်အခြေအနေကို ကြည့်၍ အားတက်သွား၏။ ခုနကလောက် အခြေအနေ မဆိုးတော့မှန်း နားလည်လိုက်သည်။

ထို့နောက် စကားကိုဆက်သည်။

"လေပြေက အခုဖြစ်တဲ့ကိစ္စကိုလည်း မင်းကို ခွင့်လွှတ်တယ်ဆိုရင်ကောကွာ"

"ခွင့်လွှတ်ရအောင် ငါက အပြစ်လုပ်ခဲ့တာမှ မဟုတ်တာ၊ သူ့အလိုလို ဖြစ်သွားတာ၊ ဘယ်တတ်နိုင်မလဲ"

"ဒါပဲပေါ့ကွ၊ ငါပြောချင်တာ အဲ့ဒါပဲ၊ ဒါသဘာဝတရား၊ သဘာဝတရားဆိုတာ ဘယ်သူမှ မလွန်ဆန်နိုင်ဘူးကွ၊ ဒီမှာ မင်းကို ငါ ရှင်းရှင်း

[redacted]

www.burmeseclassic.com

www.burmeseclassic.com



ပဲ ပြောမယ်၊ လောကကြီးမှာ လူတိုင်း အီးပေါက်တာပဲ၊ မင်းလည်း ပေါက်သလို လေပြေလည်း ပေါက်တာပဲကွ၊ လောကမှာ မင်းတစ်ယောက်တည်း အီးကွက်ပေါက်နေတာမှ မဟုတ်တာ၊ ဒါကို သူ နားလည်ပါတယ်”

“ဒါပေမယ့် ငါက သူ့ရှေ့တည့်တည့်မှာ သွားပေါက်မိတာလေကွာ၊ သူက ငါ့ရှေ့တည့်တည့်မှာ တစ်ခါမှ မပေါက်ဖူးတာ”

“ဒါကတော့ ဘယ်တတ်နိုင်မလဲကွ၊ မင်း တမင်တကာ ပေါက်လိုက်တာမှ မဟုတ်တာ၊ သူ့ဘာသာသူ အခန့်မသင့်လို့ ထွက်သွားတာပဲ၊ မင်းပြောသလိုဆို သူကပဲ မင်းရှေ့မှာ ပြန်ပြီး ပေါက်ပြရမလို ဖြစ်နေပြီ”

မိုးမြင့်က ရယ်မလိုလို ပြုံးမလိုလို ဖြစ်သွားသည်။ သို့သော် ကျောင်းထွက်မည့်ကိစ္စကိုတော့ အလျှော့မပေးသေး။

“ဘာပဲပြောပြောကွာ၊ ငါ ကျောင်းမတက်ချင်တော့ဘူး၊ သူ့ကိုလည်း ရင်မဆိုင်ချင်ဘူး”

ခါတိုင်းလောက်တော့ အသံမမာတော့ဟု မြင့်နိုင် တွေးမိ၏။ တစ်စုံတစ်ရာကြောင့် စိတ်ကျေနပ်သွားရင် ဒီကိစ္စ ပြေလည်နိုင်သည်ဟု စဉ်းစားမိသည်။ ထိုအချိန်တွင် မြင့်နိုင် ခေါင်းထဲ အကြံ တစ်ခုရသွားသည်။

တခြားဟာ မဟုတ်။ လေပြေ့ကို အကူအညီတောင်းရန်။

မိုးမြင့်က မြင့်နိုင် ငြိမ်နေတာကို ကြည့်၍ . . .

“ဘာတွေ အကြံထုတ်နေတာလဲ၊ မင်း ဘာပြောပြော ငါ ကျောင်း

[redacted]



ထွက်မှာက ထွက်မှာပဲ”

“အေးပါကွာ၊ မင်း ကျောင်းထွက်ဖို့ကိစ္စ ဘယ်လိုလုပ်ပေးရမလဲ စဉ်းစားနေတာပါ”

“ဘာမှ စဉ်းစားမနေနဲ့၊ မနက်ဖြန် ကျောင်းရောက်ရင် ကျောင်းသားရေးရာ သွားပြီး စုံစမ်းလိုက်ပေါ့ကွ၊ လွယ်လွယ်လေးပဲ”

မြင့်နိုင်က စိတ်ချဟုဆိုပြီး ခေါင်းညိတ်ပြလိုက်ပါသည်။ စိတ်ထဲမှာတော့ . . . ။

* * *

[redacted]

www.burmeseclassic.com

www.burmeseclassic.com



**နောက်** တစ်ရက် ကျောင်းရောက်ရောက်ချင်း မြင့်နိုင်က လေပြေတို့ကို တွေ့အောင် ရှာသည်။ ပထမတစ်ချိန်အပြီးတွင် ကန်တင်းသို့ ထွက်လာသော လေပြေတို့အဖွဲ့နဲ့ တွေ့၏။ သူ ရောက်လာပြီဆိုကတည်းက တစ်ခုခုတော့ ထူးခြားပြီဟု လေပြေတို့က သိလိုက်သည်။

ထို့ကြောင့် ကန်တင်း ထိုင်ထိုင်ချင်း သီရိက . . .

“ဘာလဲ ဒီတစ်ခါလည်း လှေကားပေါ်က လိမ့်ကျပြန်ပြီလား”

“ဒီတစ်ခါ အဲ့ဒီထက် ဆိုးတယ်ဗျ”

“ဒါဆို အဆောင်ခေါင်မိုးပေါ်က ပြုတ်ကျတာ ဖြစ်ရမယ်”

သီရိစကားကြောင့် ကျန်တဲ့နှစ်ယောက်ပါ လိုက်ရယ်သည်။ မြင့်

[redacted]



နိုင်က မျက်နှာသေလေးနှင့် . . .

“မနောက်ပါနဲ့ဗျာ၊ ဒီတစ်ခါကိစ္စက တကယ်အရေးကြီးလို့ပါ၊ လူတစ်ယောက်ရဲ့ ဘဝကို ပျက်သွားစေမယ့် ကိစ္စမျိုးပါ”

အားလုံးငြိမ်သွားကြ၏။ ဘဝတောင် ပျက်သွားစေသည့်ကိစ္စမျိုးဆိုတော့ စိတ်ဝင်စားကာသွား၏။ လေပြေက . . .

“မိုးမြင့်က ဘယ်လိုဖြစ်ပြန်ပြီလဲ ပြောပါဦး”

“ဒီတစ်ခါ ကျောင်းထွက်တော့မယ် လုပ်နေတယ်”

“ရှင်”

“ဟယ်”

ကောင်မလေးတွေဆီက အာမေဍိတ်သံတွေ ထွက်သွား၏။ မြင့်နိုင်က စကားကိုဆက်သည်။

“ဟုတ်တယ် ဟိုတစ်ခါကတည်းက ကျောင်းထွက်မယ်လုပ်နေတာ မနည်း ဖျောင်းဖျထားရတာ၊ အခု တကယ် ထွက်တော့မယ်တဲ့ဗျာ၊ ဘယ်လိုမှလည်း ပြောလို့မရဘူး၊ ကျောင်းကထွက်ပြီး မကွေးပြန်မယ်ချည်း လုပ်နေတယ်”

လေပြေက မြင့်နိုင် စကားကို နားထောင်ပြီး သီရိတို့ကို လှည့်ကြည့်လိုက်သည်။ ထို့နောက် မြင့်နိုင်ကို ပြန်ကြည့်ကာ . . .

“သူ ကျောင်းထွက်မယ့်ကိစ္စက လေပြေနဲ့ မဆိုင်ဘူးနော်၊ လေပြေ သူ့ကို ဘာမှလုပ်တာ မဟုတ်ဘူး၊ နောက်ပြီး အဲ့ဒီနေ့က ဖြစ်တဲ့ ကိစ္စအတွက်လည်း လေပြေ့ စိတ်ထဲ ဘာမှမထားဘူး”

“ကျွန်တော် နားလည်ပါတယ်၊ ဒါပေမယ့် သူ နားမလည်ဘူး

[redacted]

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်နေတယ်၊ အမှန်တိုင်း ပြောရရင် သူ အရမ်းရှက်သွားပြီး လေပြေ့ကို ရင်မဆိုင်ရဲဘူး ဖြစ်သွားတာ၊ အဲ့ဒါကြောင့် လေပြေရှိတဲ့ နေရာက သူ စွန့်ခွာဖို့ ကြိုးစားတာပါ၊ သနားပါတယ်ဗျာ"

"ဒါဆို လေပြေက ကျောင်းထွက်ပေးရမှာလား"

"အဲ့ဒီလိုပြောတာ မဟုတ်ပါဘူး၊ လေပြေသာ သူ့အပေါ် ဘယ်လိုမှ သဘောမထားဘူးဆိုတာ သိသွားရင် သူ့စိတ် တစ်မျိုး ပြောင်းသွားနိုင်တယ်ဗျ၊ အဲ့ဒါကို ဆိုလိုတာပါ"

"လေပြေ သူ့အပေါ် ဘယ်လိုမှ သဘောမထားပါဘူး၊ ဘယ်လိုမှ သဘောမထားတဲ့အပြင် သူ့အပေါ်ကိုတောင် လေပြေ ကျေးဇူးတင်နေတာပါ၊ လေပြေ အခက်အခဲ တွေ့တဲ့ နှစ်ခါစလုံးမှာ သူ့အကူအညီကို ရခဲ့လို့လေ၊ ဒါပေမယ့် ဟိုတစ်နေ့က ကိစ္စကို သူရှက်သွားတယ် ဆိုတာတော့ လေပြေ လက်ခံပါတယ်၊ အဲ . . ဒါပေမယ့် ကျောင်းထွက်ရမယ့် အဆင့်မျိုးအထိတော့ မရောက်သင့်ဘူးထင်တယ်"

"ကျွန်တော်လည်း အဲ့ဒါကိုပဲ ပြောတာပါ၊ ဒါပေမယ့် ဘယ်လိုပြောပြော မရဘူးဖြစ်နေတယ်၊ အဓိကအကြောင်းအရင်းက လေပြေ့ကို သူ ရင်မဆိုင်ရဲလို့ပဲ"

လေပြေက သက်ပြင်းကို ချသည်။ သီရိနဲ့ ခင်မေဦးက ငြိမ်နေကြ၏။ လေပြေက ခဏကြာတော့ . . .

"ဒါဆို မြင့်နိုင်က ဘယ်လိုဖြစ်စေချင်လို့လဲ"

မြင့်နိုင်က ချက်ချင်းပင် . . .

"လေပြေ သူ့ကိုတွေ့ပြီး လေပြေ့ဘက်က ဘယ်လိုမှ သဘောမ

[redacted]



ထားတဲ့အကြောင်း၊ ခုန ကျွန်တော့်ကို ပြောပြသလို ပြောပြပေးနိုင်မလားဟင်"

လေပြေက တစ်ချက်စဉ်းစားလိုက်သည်။ ပြီးနောက် . . .

"ကောင်းပြီလေ၊ လေပြေ မြင့်နိုင်ပြောတဲ့အတိုင်း လုပ်ပေးနိုင်ပါတယ်၊ ဒါကလည်း ကျောင်းသားတစ်ယောက်ရဲ့ ဘဝနဲ့ပတ်သက်နေတော့ လေပြေ့ဘက်က မလုပ်ပေးနိုင်စရာ အကြောင်းမရှိပါဘူး၊ ပြီးတော့ မိုးမြင့်ကိုလည်း လေပြေ ခင်ပါတယ်၊ ဒါပေမယ့် မိုးမြင့်ဘက်က လေပြေ့ကို အတွေ့မခံချင်ဘူးဆိုတော့ ဘယ်လိုလုပ်ရမလဲ"

မြင့်နိုင်က ပျော်သွားပြီး . . .

"ဟာ ဒါတော့ ကျွန်တော့်တာဝန်ထား၊ ကျွန်တော် ဒီကောင်ကို အကြောင်းတစ်ခုပြပြီး ကျောင်းကို မရောက်ရောက်အောင် ခေါ်လာခဲ့မယ်၊ ပြီးတော့ လေပြေတို့နဲ့ တစ်နေရာမှာ ချိန်းလိုက်တာပေါ့"

"ဒါဆို ဘယ်မှာချိန်းမလဲ"

မြင့်နိုင်က တစ်ချက် စဉ်းစားလိုက်သည်။ Physics ဘက်က ကန်တင်းမှာ ချိန်းရင် မိုးမြင့်လိုက်မည်မဟုတ်။ ထို့ကြောင့် သူတို့ မေဂျာနားက ကန်တင်းမှာပဲ ချိန်းလိုက်ပါတော့၏။

"အီးမေဂျာက ကန်တင်းမှာပဲ ချိန်းလိုက်ရအောင်၊ မနက်ဖြန် ဒီအချိန် လေပြေတို့ အဲ့ဒီကိုလာခဲ့လေ၊ ကျွန်တော် မိုးမြင့်ကို ခေါ်ထားလိုက်မယ်"

လေပြေက တစ်ချက် စဉ်းစားလိုက်သည်။

"အီးမေဂျာ ကန်တင်း ဟုတ်လား"

[redacted]

www.burmeseclassic.com

www.burmeseclassic.com



“ဟုတ်တယ်၊ အဲ့ဒီကဲန်တင်းကို သီရိသိတယ်”

ထိုနောက် သီရိဘက်ကို လှည့်ကြည့်လိုက်၍ . . .

“သိတယ်မလား သီရိ၊ ပေါက်စီပြဿနာဖြစ်တဲ့ ကန်တင်းလေ”

ဟု ပြောလိုက်လေသည်။ သီရိက မျက်စောင်းလှမ်းထိုး၍ . . .

“သိပါတယ်၊ ဒါပဲ ထပ်ကာ ထပ်ကာ ပြောမနေပါနဲ့”

အားလုံးက ပြုံးလိုက်သည်။ သီရိမျက်စောင်းလေးကို ကြည့်၍ မြင့်နိုင် ရင်ဖိုသွား၏။ သူ့မှာ မိုးမြင့်ကိစ္စတွေပဲ လိုက်လုပ်နေသော ကြောင့် သူ့အတွက်သူတောင် သီရိကိစ္စ အချိန်မပေးရသေး။

ဒီတစ်ခါကိစ္စ ပြီးသွားရင်တော့ သူ့အတွက် လုံးပန်းရတော့မည် ဟု စိတ်ထဲမှာ တွက်ထားလိုက်၏။

လေပြေက ခေါင်းညိတ်ပြ၍ . . .

“ကောင်းပြီလေ” ဟု ပြောလိုက်ပါတော့သည်။

* * *

[redacted]



မြင့်နိုင်က မိုးမြင့်ကို ကျောင်းထွက်ဖို့ကိစ္စ လူကိုယ်တိုင် လက်မှတ်လိုက်ထိုးရမည်ဟု အကြောင်းပြကာ ခေါ်လာသည်။ မိုးမြင့်က ပထမတော့ အင်တင်တင် လုပ်နေသေး၏။

“မင်းပဲ ငါ့ကိုယ်စား ထိုးလိုက်ပေါ့ကွာ”

ဟုဆိုတော့ မြင့်နိုင်က . . .

“ဟ မင်း ရူးနေလား၊ ကျောင်းထွက်မှာက မင်းလေ၊ ငါမှ မဟုတ်တာ”

ဟု ပြောလိုက်မှ ပါလာသည်။ ကျောင်းရောက်တော့ မိုးမြင့်က ကျောင်းသားရေးရာကို တန်းသွားဖို့ လုပ်သည်။ မြင့်နိုင်က ‘ဆယ့်နာရီကျော်မှ လာခဲ့လို့ပြောတယ်’ ဆိုပြီး အီးမေဂျာကန်တင်ဘက်

[redacted]

www.burmeseclassic.com

www.burmeseclassic.com



သို့ ခေါ်ချလာသည်။ မိုးမြင့်လည်း မလိုက်ချင် လိုက်ချင်နှင့် ပါချလာ၏။ ကန်တင်းရောက်တော့ မြင့်နိုင်က . . .

'ခဏထိုင်ရအောင်ကွာ' ဆိုပြီး ဝင်ထိုင်လိုက်သည်။ မိုးမြင့်လည်း မနက်ကတည်းက ဘာမှမစားလာရသေး၍ ဗိုက်က ဆာလာ၏။ ထို့ကြောင့် မုန့်ဟင်းခါး တစ်ပွဲ မှာကာ စားလိုက်သည်။ မြင့်နိုင်ကတော့ မိုးမြင့် မသိအောင် နာရီ တကြည့်ကြည့်။ လေပြေတို့နဲ့ ချိန်းထားတဲ့ အချိန်ပင် ရောက်နေလေပြီ။ မကြာခင် လေပြေတို့ ရောက်လာတော့မည်ဆိုတာ မြင့်နိုင် ခန့်မှန်းမိ၏။ မိုးမြင့်ကတော့ ဘာမှမသိ၍ မုန့်ဟင်းခါးကိုသာ ဆာဆာနှင့် မဲတွယ်နေလေသည်။

ခဏကြာတော့ လေပြေတို့ ကန်တင်းထဲ ဝင်လာသည်။ မိုးမြင့်က မုန့်ဟင်းခါး ငုံ့စားနေ၍မတွေ့။ မြင့်နိုင်ကတော့ လှမ်းတွေ့သည်။ လေပြေက မြင့်နိုင်ကို တွေ့သွားတော့ 'ရှူး တိုးတိုး' ဆိုသည့် သဘော နှုတ်ခမ်းရှေ့မှာ လက်ညှိုးကလေး ထောင်ကာပြ၏။ မြင့်နိုင်က ပြုံး၍ ခေါင်းညိတ်ပြလိုက်ပြီး အသာငြိမ်နေလိုက်သည်။

လေပြေက အသာလေးလှမ်း၍ မိုးမြင့်ရှေ့က ခုံမှာ ဖျတ်ခနဲ ဝင်ထိုင်လိုက်ကာ မိုးမြင့်ကို ကြည့်၍ . . .

"မိုးမြင့်"

မိုးမြင့် ခေါင်းမော့ကာ ကြည့်၏။ လေပြေ့ကိုလည်း တွေ့သွားရော ရုတ်တရက် ကြောက်စိတ်က ငယ်ထိပ်သို့ ဆောင့်တက်သွားကာ ဟင်းရည် သီးသွား၍ ဖွီးခနဲ ဖြစ်သွားလေတော့သည်။ အဖြစ်အပျက်က မြန်ဆန်လွန်းသည်။ လေပြေ့မျက်နှာတွင် ဟင်းရည်တွေနှင့်အတူ





မုန့်ဟင်းခါးဖတ်တွေက ဟိုတစ်စ ဒီတစ်စ။

အားလုံး စက္ကန့်ပိုင်းမျှ ငြိမ်သွားကြသည်။ အားလုံး ကြောင်စီစီတွေ။ လေပြေလည်း မျက်လုံးလေး အဝိုင်းသားနှင့် သူ့မျက်ခွံပေါ် တွဲလောင်းကျနေသော မုန့်ဖတ်တစ်မျှင်နောက်မှ မိုးမြင့်ကို ကြည့်၏။ မိုးမြင့်လည်း ဇွန်းလေးကိုင်ကာ လေပြေ့ကို ကြောင်တောင်တောင်လေး ကြည့်နေမိသည်။

ပထမဆုံး သတိဝင်လာသူက လေပြေပင် ဖြစ်သည်။

လေပြေက ရုတ်တရက် ကန်တင်းထဲမှ ခပ်သုတ်သုတ် ထွက်သွား၏။ သူမ တစ်ကိုယ်လုံးလည်း ဟင်းရည်တွေနှင့်အတူ မုန့်ဖတ်တွေက မြင်မကောင်း။ မြင့်နိုင် ထိုအဖြစ်အပျက်ကို ခြေမကိုင်မိ၊ လက်မကိုင်မိ။

မိုးမြင့်ကတော့ လေပြေ ဘာလို့ရောက်လာတယ်ဆိုတာလည်း သူမသိ။ ဘာတွေဖြစ်ပျက်သွားတယ်ဆိုတာလည်း မှတ်မိပုံမရ။

သူသိတာ တစ်ခုပဲ ရှိသည်။ လေပြေ့မျက်နှာကို ရုတ်တရက် မြင်လိုက်ရချိန်တွင် လန့်ပြီး သီးသွားသောကြောင့် လေပြေ့မျက်နှာကို မုန့်ဟင်းရည်တွေနှင့် ထွေး ထည့်လိုက်သလို ဖြစ်သွားသည်။

မုန့်ဖတ်အပိုင်းအစများနှင့် မုန့်ဟင်းရည်တွေ ပေကျံနေသော လေပြေ့မျက်နှာကို မျက်စိထဲက မထွက်။

ငါးပါးတွေတော့ မှောက်ကုန်ပြီ ထင်ပါသည်။

* * *



www.burmeseclassic.com

www.burmeseclassic.com



"ဒါ မနက်ဖြန် မကွေးကိုပဲ တန်းပြန်တော့မယ်"

ဒီတစ်ခါ တစ်ဆင့်ပိုတက်သွားသည်။ ကျောင်းထွက်မည့်အဆင့်မှ မကွေးသို့ ပြန်ပြေးမည့်အဆင့်အထိ ရောက်ကာလာ၏။

မြင့်နိုင်က အရင်လို မဖျောင်းဖျတော့ပါ။ ဒီကောင့်အဆင့်က 'နှစ်သိမ့်ဆွေးနွေး ပညာပေး' အဆင့်ထက် ကျော်သွားပြီဆိုတာ နားလည်လိုက်သည်။ ထို့ကြောင့် . . .

"ပြန်တာက ပြန်လို့ရပါတယ်၊ ကျောင်းထွက်ဖို့ကိစ္စက ဘယ်လိုလုပ်မလဲ"

"မသိဘူးကွာ၊ လောလောဆယ် ဘာမှ မစဉ်းစားချင်ဘူး၊ အခုချိန်မှာ ငါဖြစ်ချင်တာ တစ်ခုပဲရှိတယ်၊ ဒီရန်ကုန်မြေမှာ ငါ လုံးဝ

[redacted]



မနေချင်တော့ဘူး"

မြင့်နိုင်က စိတ်ပျက်စွာ သက်ပြင်းကို ချသည်။ ထို့နောက် မိုးမြင့်ကို ထားခဲ့၍ အခန်းထဲမှ အပြင်သို့ ထွက်မလို့လုပ်၏။ မိုးမြင့်က မြင့်နိုင်ကို လှမ်းကြည့်လိုက်ကာ . . .

"မင်းက ဘယ်သွားမလို့လဲ"

"မင်းတစ်ယောက်တည်း အေးအေးဆေးဆေးနေပါစေဆိုပြီး စေတနာနဲ့ အပြင်ရှောင်ပေးမလို့ပါ"

"မလိုဘူး၊ ဒါနဲ့ အောင်ကိုနိုင်ရော"

"သူ့အခန်းထဲမှာ သူရှိမှာပေါ့"

"ဒါဆို သွားခေါ်ကွာ၊ ငါတို့ အရက်သွားသောက်ရအောင်"

"ဟာ စိတ်ညစ်နေတဲ့ဟာကို ကိုယ့်အခန်းထဲမှာပဲ ကိုယ့်ဘာသာကိုယ် နေစမ်းပါကွာ"

"စိတ်ညစ်လို့ အရက်သောက်မှာပေါ့ကွ၊ ဘာလဲ မင်းက မလိုက်ချင်တဲ့သဘောလား"

မြင့်နိုင် ခေါင်းကို ကုတ်လိုက်သည်။ ဘယ်လိုပြောပြော လက်ခံမှာမဟုတ်၍ အောင်ကိုနိုင့်ကို ခေါ်ရန် ဘေးအခန်းသို့ ထွက်လာခဲ့ပါတော့သည်။

မိုးမြင့်က တိုင်မှာ ချိတ်ထားသော အင်္ကျီကို ဖြုတ်၍ ယူဝတ်လိုက်တော့၏။

* * *

[redacted]

www.burmeseclassic.com

www.burmeseclassic.com



**အောင်**ကိုနိုင် နှစ်ခါ မခေါ်ရ၊ 'အရက်'ဆိုသော အသံ ကြားတာနဲ့ အကျီအဝတ်အစားက လဲပြီးနေပြီ။ သူတို့လမ်းထိပ်ဘက်က အရက်ဆိုင်ကို ထွက်လာခဲ့သည်။ ဆိုင်က သိပ်အကောင်းစားကြီးလည်း မဟုတ်သလို သိပ်အညံ့စားစာရင်းထဲမှာလည်း မပါပေ။ အရက်ဖြူလည်း ရသလို သိပ်ဈေးမကြီးသော နိုင်ငံခြားဖြစ် အရက်တချို့လည်း ရသည်။

သူတို့က High တစ်ပြား အရင်မှာ၍ သုံးယောက် စသောက်သည်။ အရက်ဝိုင်းတို့၏ ထုံးစံအတိုင်း စစချင်းမှာ ကိုယ့်အတွေးနှင့်ကိုယ်မျောပြီး ဘာစကားမှ မပြောဖြစ်ကြသေး။ အရက်ကိုပဲ တစ်ခွက်ပြီး တစ်ခွက် နှိပ်ဖြစ်ကြသည်။





နောက်တော့ အရှိန်လေး ရလာ၍ တစ်ယောက်က စကားစလိုက်တယ်ဆိုရင်ပဲ ဝိုင်းသည် စည်ကားစပြုလာလေသည်။ အောင်ကိုနိုင်က စကားဝိုင်းကို စတင်အကောင်အထည်ဖော်သူဖြစ်သည်။

"ဒီလိုမိုးအေးတဲ့ ညတွေမှာ အရက်ဆိုင် ထိုင်ရတာ ဖီလင်တစ်မျိုးကွ၊ တစ်ခါတစ်ရံ သွပ်ပြားကို မိုးရေစက်တွေ ရိုက်တဲ့အသံ နားထောင်ပြီး အရက်ကလေးကို ဖိမ်ဆွဲသောက်ရတာ ဘာနဲ့မှ မလဲနိုင်တဲ့ ခံစားချက်ပဲ"

မြင့်နိုင်က ခေါင်းညိတ်သည်။ မိုးမြင့်က ခွက်ထဲက လက်ကျန်အရက်ကို ခွပ်ခနဲ တစ်ချက်မော့လိုက်ပြီး အူလည်လည်နှင့် ကြည့်၏။ အောင်ကိုနိုင်က ပဲခြမ်းသုပ်ကို တစ်ချက် ယူမြည်းလိုက်ပြီး ထောင့်တစ်ထောင့်မှာ ခပ်ကုပ်ကုပ် ထိုင်နေသည့် ကောင်လေးတစ်ယောက်ကို လှမ်းခေါ်လိုက်ကာ . . .

"နောက်တစ်ပြားလုပ်ကွာ၊ ခရမ်းသီး တစ်ပွဲလောက်ပါ ထပ်ယူလာခဲ့ ညီလေး"

ကောင်လေးက ခေါင်းညိတ်ပြပြီး ထကာသွား၏။ မြင့်နိုင်က ပုလင်းပြားဆီ လက်လှမ်းလိုက်ကာ လက်ကျန်ကို သုံးခွက်မျှ၍ ထည့်လိုက်၏။ မိုးမြင့်က သူ့ရှေ့ရောက်လာသည့် အရက်ခွက်ကို ရေခဲနှစ်တုံးလောက် ထည့်ပြီး ရေရောလိုက်သည်။

ထို့နောက် တစ်ငုံ သောက်ပြီး အပြင်ဘက်သို့ ငေးကာ ကြည့်နေမိ၏။ အပြင်မှာ မိုးလေး ဖွဲဖွဲ ကျနေသည်။ မိုးရေစက်တွေကိုကြည့်၍ လေပြေနဲ့ နောက်ဆုံး တွေ့ဆုံခဲ့ရတာလေးကို သတိရမလာမိ၏။



www.burmeseclassic.com

www.burmeseclassic.com



"ဟေ့ကောင် ချလေကွာ၊ ဘာလုပ်နေတာလဲ"

မိုးမြင့်က သက်ပြင်းကို ချ၍ မြင့်နိုင်ကို . . .

"ချမှာပေါ့ကွာ၊ ရင်ထဲမှာ ဘယ်လိုဖြစ်နေမှန်း မသိလို့"

"ဘယ်လိုမှ မဖြစ်ဘူး၊ မင်းရင်ဘတ်ထဲမှာ ခံစားချက်တွေ နင်နေတာ၊ ချလိုက် ကောင်းသွားလိမ့်မယ်၊ ညီလေး . . ရေသန့်တစ်ဗူးလောက်"

အောင်ကိုနိုင်က ငါးခြောက်ဖုတ်ဆီဆမ်းလေးကို တစ်ဖတ် ပါးစပ်ထဲ ပစ်ထည့်လိုက်ပြီး . . .

"အဲ့ဒါ အချစ် . . အချစ်လို့ခေါ်တယ်ကွ၊ မင်းရင်ဘတ်ထဲမှာ အချစ်တွေ နင်နေတာ"

"အချစ် ဟုတ်လား"

"ဟုတ်တယ် အချစ်"

"မင်းက အချစ်လို့ တပ်အပ်ဘာလို့ပြောနိုင်တာလဲ"

"ငါက ကဗျာသမားပါကွာ၊ လူတွေရဲ့ ရင်ဘတ်ထဲမှာ ပန်းပွင့်တဲ့ရာသီနဲ့ မိုးခေါင်တဲ့ရာသီကို ငါ ခန့်မှန်းတတ်ပါတယ်"

စကားလုံးကတော့ လှတယ်ဟု မိုးမြင့် ခံစားမိ၏။ ဒါဆို သူ့ရင်ဘတ်ထဲမှာ ပန်းပွင့်နေတာလား၊ မိုးခေါင်နေတာလားဟု သူ တွေးမိ၏။ သေချာတာတစ်ခုတော့ ရှိသည်။ အခုလောလောဆယ် လေပြင်းမုန်တိုင်းတွေ တိုက်ခတ်နေသည်။

"ငါ့ရင်ဘတ်ထဲမှာ မင်းပြောသလို ပန်းပွင့်နေတာလည်း မဟုတ်ဘူး၊ မိုးခေါင်နေတာလည်း မဟုတ်ဘူးကွ၊ လေပြင်းတွေ တိုက်နေတာ၊ မုန်တိုင်းတွေ ထန်နေတာ"





စကားပြောလို့ ကောင်းလာသည်။ အရင်က ဒီလိုစကားမျိုးတွေ မပြောခဲ့ဖူးသော်လည်း အခုတော့ အရက်ရှိန်ကလေးနှင့် ခံစားချက်တို့ ပေါင်းစပ်ကာ စကားပြောလို့ တော်တော်ကောင်းလာ၏။

အောင်ကိုနိုင်က ခေါင်းတညိတ်ညိတ် လုပ်သည်။ ဘယ်ဆိုးလို့လဲ၊ တိုးတက်လာပြီဆိုတဲ့ အကြည့်မျိုးနဲ့လည်း ကြည့်၏။ မြင့်နိုင်ကတော့ စကားဝိုင်းထဲသို့ ဝင်မပါသေးဘဲ နားထောင်သူသက်သက် လုပ်သည်။

အောင်ကိုနိုင်က တစ်ခုခုပြောမလို့ လုပ်တုန်း ကောင်လေးက မှာထားတဲ့ အပြားနဲ့ တညင်းသီးပြုတ် လာချပေး၍ ခဏငြိမ်သွား၏။ ကောင်လေး ပြန်ထွက်သွားတော့မှ စကားကို ဆက်သည်။

"ဟုတ်တယ်၊ မုန်တိုင်း ထန်နေတာ၊ မင်းပြောတာ မှန်တယ်၊ ဒါပေမယ့် မုန်တိုင်းဆိုတာ အမြဲတမ်း ရှိနေတာ မဟုတ်ပါဘူးကွာ၊ အခု မင်းရင်ထဲမှာ ထန်နေတဲ့ မုန်တိုင်းတွေအားလုံး ပြီးဆုံးသွားရင် လေပြည်ရနံ့လေးတစ်ခု ကျန်ခဲ့လိမ့်မယ်၊ အဲ့ဒီ လေပြေရနံ့လေးကို မင်း ရှူရှူမူးမူးဖြစ်ပြီး တွယ်တာမိလိမ့်မယ်၊ မလွှတ်တမ်း ဆုပ်ကိုင်ထားမိလိမ့်မယ်၊ ဟုတ်တယ်မလား"

"မသိဘူးလေ"

"ဘာမသိရမှာလဲ၊ လူဆိုတာ ကိုယ့်ကိုကိုယ် အသိဆုံးကွ၊ မင်းက ကိုယ့်ကိုကိုယ် ညာနေတဲ့လူပဲ"

အောင်ကိုနိုင် နည်းနည်းတော့ စိတ်ဆိုးသွားသည်။ ခံစားချက်ချင်း ဂျက်ပင်ထိုး၍ ဆွဲခေါ်ရာသို့ ပါမလာသောကြောင့် မိုးမြင့်ကို

www.burmeseclassic.com

www.burmeseclassic.com



ဒေါသထွက်သွား၏။ စိတ်ထဲမှာလည်း 'တော့' ဟု ရေရွတ်လိုက်သည်။

ထိုအချိန်တွင် မြင့်နိုင် စကားဝိုင်းထဲသို့ ဝင်လာသည်။

"အောင်ကိုနိုင် ပြောတာကို မင်းက နားမလည်လို့ပါကွာ၊ အောင်ကိုနိုင် မင်းကလည်း ရှင်းရှင်းလင်းလင်း ပြောကွ၊ မင်း ကဗျာရေးနေတာ မဟုတ်ဘူးလေ၊ ဒဲ့ပဲ လွှတ်စမ်းပါ၊ ဒီလို မိုးမြင့်ရာ၊ ဒီကောင်ပြောတာက မင်း အခု လေပြေ့ကို ချစ်နေတယ်၊ ဒါပေမယ့် ကံကြမ္မာအရ လေပြေနဲ့ ပတ်သက်ပြီး မင်းမှာ ဒုက္ခတွေ အမျိုးမျိုး ကြုံနေရတယ် ဟုတ်တယ်မလား"

မိုးမြင့်က ခေါင်းကို ညိတ်ပြသည်။ မြင့်နိုင် အားတက်သွားသည်။

"အဲ့ဒီလို ကြုံနေရတဲ့ ဒုက္ခတွေကို ရင်ဆိုင်ပစ်လိုက်စမ်းပါလို့ ပြောတာ၊ အဲ့ဒီဒုက္ခတွေ လွန်သွားရင် မင်းအတွက် သုခတွေပဲ ကျန်ခဲ့မှာလို့ ပြောတာ၊ ဟုတ်တယ်မလား အောင်ကိုနိုင်"

အောင်ကိုနိုင် နည်းနည်းမူးနေပြီဟု ထင်ရသည်။ ခေါင်းကို ညာဘက်သို့ ငဲ့စောင်းထားရာမှ မျက်စိတစ်ချက် စွေကြည့်၍ . . .

"ဟုတ်ဒယ် ဟုတ်ဒယ်၊ အဲ့ဒါ . . အဲ့ဒါပဲကွ၊ ငါပြောတဲ့ဟာ အဲ့ဒါ . . ရင်ဘတ်ထဲမှာ မုန်တိုင်းတွေ ပြီးဆုံးသွားရင် လေပြည် လေညင်းလေးတွေ တသုန်သုန် တိုက်ခတ်ပြီး မင်းရဲ့ ခန္ဓာကိုယ်တစ်ခုလုံး လေပြည်ရနံ့တွေနဲ့ ခြုံလွှမ်းသွားမယ်ဆိုတာ၊ အဲ့ဒါ . . အဲ့ဒါ . . ကို ပြောတာ၊ အသိဉာဏ်တွေ လင်းပြလိုက်စမ်းပါ မိုးမြင့်ရာ၊ မင်းရဲ့ အသိစိတ်တွေကို ထွန်းလင်းခွင့် ပေးလိုက်စမ်းပါ၊ ဒီမှာ လူဖြစ်ရတဲ့ ဒုက္ခဆိုတာ မျိုးကျော့မြိုင်တစ်ယောက်တည်း သိတာ မဟုတ်ပါဘူးကွ၊

[redacted]



ငါတို့လည်း သိပါတယ်"

ရေချိန် နည်းနည်းလွန်နေပြီဆိုတာ သိသာသည်။ စကားပြောပြီးတော့ ရှေ့က ပုလင်းပြားကို လက်လှမ်းလိုက်၏။ မြင့်နိုင်က ပုလင်းကို ဆွဲယူလိုက်ပြီး . . .

"မှားမယ်၊ ခဏနားပြီးမှ သောက်ပါလား"

"ဒီမှာ ငါ့ဘဝမှာ မလုပ်နိုင်လို့ နားရတယ်ဆိုတာ မရှိဘူး၊ မရနိုင်လို့ လှည့်ပြန်ရတယ်ဆိုတာ မရှိဘူး၊ မသောက်နိုင်လို့ ချန်ထားရတယ်ဆိုတာ မရှိဘူးကွ၊ အဓိကက ဖွဲ့ရှိဖို့ လိုတယ် ဟုတ်တယ်မလား"

ဘဝဒဿနလား၊ အရက်ဒဿနလားတော့ မသိပေ။ ဒဿနတော့ ဒဿနပဲဖြစ်သည်။

မိုးမြင့်က အောင်ကိုနိုင်ကို တွေတွေကြီး စိုက်ကြည့်နေ၏။ သူ့စိတ်ထဲ တစ်ခုခု တွေးနေပုံလည်း ရသည်။ မြင့် နိုင်က သူ့လက်ထဲ ကိုင်ထားသော ပုလင်းပြားကို မိုးမြင့်ထဲသို့ တစ်ချက် ငဲ့ပေးလိုက်၏။ သူ့ထဲလည်း ထည့်သည်။ ထို့နောက် အောင်ကိုနိုင့်လက်ထဲသို့ ပုလင်းကို ထည့်ပေးလိုက်သည်။

"မမှားစေနဲ့နော်၊ အပြန် လမ်းမလျှောက်နိုင်ဘဲ နေဦးမယ်"

အောင်ကိုနိုင် ပုလင်းပြားကို ယူသည်။ မိုးမြင့်က အောင်ကိုနိုင်ကို ကြည့်ပြီး . . .

"မင်းပြောချင်တာ ဘာကိုဆိုလိုတာလဲ၊ ငါက ဖွဲ့မရှိဘူးလို့ ဆိုလိုတာလား"

"ဟုတ်ဒယ်၊ မင်း စိတ်ဆိုးချင်လည်းဆိုး မတတ်နိုင်ဘူး ငါတို့

[redacted]

www.burmeseclassic.com

www.burmeseclassic.com



ကဗျာသမားတွေဆိုတာ အနုအရွ အလှအပတွေကို ခံစားတတ်သလို ရင်ထဲကလာတဲ့စကားကိုလည်း ဒ့ပဲ ပြောတတ်တယ်"

"မင်းက ဘာကိုကြည့်ပြီး ပြောတာလဲ"

မြင့်နိုင်က မိုးမြင့်နဲ့ အောင်ကိုနိုင် ရန်ဖြစ်မှာစိုး၍ အခြေအနေကို အကဲခတ်သည်။ နှစ်ယောက်စလုံး၏ မျက်နှာပေါ်မှာ ရန်လိုဟန် မရှိကြ၍ သက်ပြင်းကို ချလိုက်၏။

အောင်ကိုနိုင်က . . .

"မင်းကိုကြည့်ပြီး ပြောတာပေါ့ကွ၊ မင်းက လေပြေဆိုတဲ့ ကောင်မလေးကို ချစ်နေပေမယ့် အခက်အခဲကိုကျတော့ ရင်မဆိုင်ရဲဘူး၊ အခက်အခဲလေးတွေ တွေ့လိုက်တာနဲ့ ရင်ဆိုင်ကျော်လွှားဖို့ မဆုံးဖြတ်ဘဲ လှည့်ပြန်ဖို့ တွေးနေတာကိုး၊ မင်းနဲ့ အက်ဒဝပ်မင်းသားနဲ့တော့ ကွာပါ့ကွာ၊ ဗင်ဂိုးနဲ့လည်း ကွာတယ်"

"ဘာလဲ သူတို့က ငါ့လိုပဲ ပုဆိုးကျွတ်ကျ၊ အီးထွက်ပြီး ချစ်သူမျက်နှာကို မုန့်ဟင်းခါးဟင်းရည်နဲ့ ထွေးခဲ့လို့လား"

အောင်ကိုနိုင် နည်းနည်း အမူးပြေသွားဟန်တူသည်။ မိုးမြင့်ကို ခေါင်းထောင်ကြည့်၍ . . .

"ခွီးပဲ ဒါလေးတောင် မသိဘူးလား"

"မသိဘူး"

"ဘယ်သိမလဲ၊ မင်းက ကဗျာဆရာမှ မဟုတ်တာ"

"ကဲပါကွာ၊ မင်းသိရင်လည်း ပြောပြလိုက်စမ်းပါ၊ ကဗျာဆရာ . . ကဗျာဆရာဆိုတဲ့ဟာကြီး ထည့်ထည့်မပြောစမ်းပါနဲ့၊ နားကြား





ပျင်းကပ်တယ်"

မြင့်နိုင်က ဝင်ပြောလိုက်တော့ အောင်ကိုနိုင် ငြိမ်သွား၏။ ညှင်းသီး တစ်ကိုက်၊ အရက် တစ်ငုံ သောက်ပြီးတော့မှ ခုနစကားကို ဆက်ရှင်းသည်။

"အက်ဒဝပ်မင်းသားဆိုတာက အင်္ဂလန်ပြည်ရဲ့ အိမ်ရှေ့မင်းသားတစ်ပါးပဲ"

"ဟင် အင်္ဂလန်ပြည်ရဲ့ အိမ်ရှေ့မင်းသားက ဒိုင်ယာနာရဲ့ ယောကျ်ား ချားစ်မင်းသား မဟုတ်ဘူးလား"

မိုးမြင့်က ဝင်ပြောတော့ အောင်ကိုနိုင်က ဒေါသဖြစ်စွာဖြင့် . .

"ခွီးပဲ၊ ဟိုးအရင်က အိမ်ရှေ့မင်းသားကို ပြောတာကွ၊ အခုဟာ မဟုတ်ဘူး"

"ထားပါတော့ကွာ၊ ပြောစမ်းပါဦး၊ အဲ့ဒီမင်းသားက ဘာဖြစ်လဲ"

"ထီးနန်းစွန့်တာ . . ထီးနန်းစွန့်တာ၊ အချစ်အတွက် ထီးနန်းစွန့်သွားတာ၊ သူချစ်တဲ့ကောင်မလေးက သာမန်လူတန်းစားထဲက ပေါက်ဖွားလာတဲ့ ကလေးအမေတစ်ယောက် ဖြစ်နေလို့ အဲ့ဒီမိန်းမကို ယူရင် ထီးနန်းစွန့်ရမယ်ဆိုတာနဲ့ စည်းစိမ်ကို မမက်ဘဲ အချစ်အတွက် ဒုက္ခတွေကို ရင်ဆိုင်ပြီး ထီးနန်းစွန့်သွားတာ"

မိုးမြင့်က သေချာအာရုံစိုက်နားထောင်နေသည်။ အောင်ကိုနိုင်က ဗင်ဂိုးအကြောင်း ဆက်ပြောသည်။

"ဗင်ဂိုးကိုတော့ မင်း ကြားဖူးမှာပေါ့"

"ကြားဖူးတယ် ပန်းချီဆရာကြီး ဗင်းဆင့်ဗန်ဂိုး"



www.burmeseclassic.com

www.burmeseclassic.com



"အေး သူကကျတော့ တစ်မျိုး၊ အချစ်အတွက် ဘာမဆို လုပ်ရဲတဲ့ လူ၊ သူချစ်တဲ့ ကောင်မလေးက သူ့နားရွက်လေး လှလိုက်တာပြောလို့ နားရွက်တစ်ဖက် ဖြတ်ပြီး ပေးခဲ့တယ်တဲ့"

"ဟင် ဟုတ်လား၊ တော်တော်နာမှာပဲ"

"ဒါပဲကွ၊ ငါတို့အနုပညာသမားတွေက ခံလည်း ခံစားတတ်သလို လုပ်လည်း လုပ်ရဲတယ်"

ငြိမ်နေရသည်။ ကိုယ်က ဘာမှမသိသောကြောင့် သူပြောတာ နားထောင်ပြီး ငြိမ်နေရ၏။ ဟုတ်သလား၊ မဟုတ်သလားဆိုတာလည်း မသိပေ။

"အဲ့ဒါပြောတာပေါ့ မင်းလည်း သူတို့လို လုပ်ရမယ်"

"ဟာ အဲ့ဒါတော့ မဖြစ်ဘူးထင်တယ်၊ ငါ့မှာ စွန့်စရာ ထီးနန်းမှ မရှိတာ"

"မင်းမှာ နားရွက်ရှိတယ်လေ"

"ဟင် အဲ့ဒါတော့ မဖြစ်ဘူးဟ့ကောင်၊ နားရွက်တစ်ဖက်တည်းနဲ့ ငါဘယ်လိုနေရမလဲ၊ ပြီးတော့ လေပြေကလည်း ငါ့နားရွက်ကို ဘာလုပ်လို့ရမှာလဲ"

"အဲ့ဒါတော့ ဟုတ်တယ် အောင်ကိုနိုင်ရဲ့၊ ဝက်နားရွက် ဖြတ်ပေးလိုက်တာမှ သုပ်စားလို့ ရလို့ ကျေးဇူးတင်ဦးမယ်၊ ဒီကောင့်နားရွက်က ဘာလုပ်လို့ရမှာလဲ၊ သုပ်စားလို့မရ၊ ပြီးတော့ ရေမှန်မှန် မချိုးတော့ ချေးတွေနဲ့"

မိုးမြင့်က မြင့်နိုင်လက်မောင်း ဆွဲထိုးလိုက်သည်။ ထို့နောက်

[redacted]



အားလုံးရယ်ဖြစ်လိုက်ကြ၏။ အရယ်ပြီးသွားတော့မှ အောင်ကိုနိုင်က

"အလကားစတာပါကွာ၊ မင်းကို သူတို့လိုလည်း မလုပ်ခိုင်းပါဘူး၊ ဒါပေမယ့် သူတို့လို အချစ်အတွက် စွန့်စားရဲဖို့လိုတယ်လို့ ငါက ပြောတာ၊ အခု မင်းကြုံနေရတဲ့ ပြဿနာတွေက သေးသေးလေးပါကွာ၊ နားရွက်ဖြတ်ပေးစရာလည်း မလိုသလို၊ ထီးနန်းစွန့်ပေးဖို့လည်း မလိုဘူး၊ ပုံမှန်အတိုင်း ကျောင်းဆက်တက်ပြီး လေပြေ့ကို ရအောင် ကြိုးစားဖို့ပဲ လိုတာ"

မိုးမြင့် သက်ပြင်းကို ချသည်။ ထို့နောက် အရက်ခွက်ကြီးကို ငေးကြောင်ကာ ကြည့်နေမိ၏။ မြင့်နိုင်က အင်္ဂလိပ်အခက်၊ ဗမာအချက်ဆိုသလို ရတဲ့အခွင့်အရေးလေးကို မလွှတ်တမ်း အသုံးချလိုက်၏။

"မင်း လေပြေ့ကို မချစ်ဘူးလား"

မိုးမြင့်က လေးတွဲတွဲအသံကြီးနှင့် . . .

"ချစ်တာပေါ့ကွ"

"ချစ်ရင် ဘာလို့ ဝေးသထက်ဝေးအောင် ထွက်ပြေးရမှာလဲကွာ၊ နီးသထက်နီးအောင် ကြိုးစားရမှာပေါ့ ဟုတ်ဘူးလား"

"ငါ ကြောက်တယ်ကွ"

"ဘာကိုလဲ"

"လေပြေ့ကို၊ သူနဲ့တွေ့လိုက်ရင် တစ်ခုမဟုတ် တစ်ခု ဖြစ်နေတော့"

"အဲ့ဒါတွေက အသုံးချတတ်ရင် အင်အားတွေပါကွာ"

"အင်အားတွေ ဟုတ်လား"

မြင့်နိုင်က ခေါင်းညိတ်ပြ၍ . . .

[redacted]

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် အသုံးချတတ်ဖို့ပဲလိုတာ"

"ငါက ဘယ်လိုအသုံးချရမှာလဲ"

"လွယ်လွယ်လေးပါကွာ၊ နောက်ဆုံး ကဲန်တင်းမှာ ဖြစ်ပျက်ခဲ့တဲ့ အဖြစ်အပျက်အတွက် မင်း လေပြေ့ကို သွားတောင်းပန်လိုက်ပေါ့၊ မင်းကို သူက ခွင့်လွှတ်မှာပါ။ ပြီးတော့ အဲ့ဒီနေ့ကလည်း မင်းကို သူက အရင်ကိစ္စတွေ စိတ်ထဲမှာ ဘာမှမရှိဘူးဆိုတာ လာပြောတာကွ"

"ဘယ်လို"

မိုးမြင့် အံ့သြသောမျက်နှာနဲ့ ဆို၏။ မြင့်နိုင်က အဲ့ဒီတော့မှ လေပြေနဲ့ သူ သွားတွေ့တဲ့ ကိစ္စမှစ၍ အကြောင်းစုံ ရှင်းကာပြ၏။ ရှင်းပြပြီးတော့ မိုးမြင့်က မကျေမနပ် ဖြစ်သွားကာ . . .

"ဘာလို့ အခုမှ ငါ့ကို ဒီအကြောင်းတွေ လာပြောရတာလဲ"

"အဲ့ဒီအချိန်တုန်းက မင်းကိုပြောရင် လက်ခံမှာမှ မဟုတ်တာ၊ ဒါ့ကြောင့် ငါက လေပြေတို့နဲ့ တိုင်ပင်ပြီး စီစဉ်လိုက်ရတာပါ၊ မင်းအတွက် စေတနာနဲ့ လုပ်တာပါကွာ၊ စိတ်မဆိုးပါနဲ့"

မိုးမြင့် ခွက်ထဲက လက်ကျန်ကို မော့လိုက်သည်။ ဘာမှဆက်မပြောတော့။ အောင်ကိုနိုင်ကတော့ မှောက်သွားလေပြီ။ စားပွဲပေါ်မှာ ဝမ်းလျားမှောက်ကြီးဖြစ်ပြီး အိပ်ပျော်နေလေ၏။ မိုးမြင့်က ကြည့်၍

"ပြောတော့ စကားကြီး စကားကျယ်နဲ့ ငါတို့လောက်တောင် မသောက်နိုင်ဘူး"

မြင့်နိုင်က ပြုံးလိုက်ကာ ပုလင်းထဲက လက်ကျန်ကို နှစ်ယောက်မျှထည့်၍ ဖြတ်လိုက်၏။ ထို့နောက် ဘီလ်တောင်းလိုက်သည်။ ကျသင့်

[redacted]



ငွေကို မိုးမြင့်က ရှင်း၍ ပြန်မလို့လုပ်သည်။ အောင်ကိုနိုင်ကိုကြည့်၍

"ဒီကောင့်ကို ဘယ်လိုလုပ်မလဲ"

မြင့်နိုင်က . . .

"ထမ်းပြီး ခေါ်သွားကြတာပေါ့"

"ဟာ ဒီခန္ဓာကိုယ်ကြီး ထမ်းရတာ လွယ်ပါ့မလား၊ နှိုးလိုက်ရင် ကောင်းမယ်ထင်တယ်"

"မလုပ်ပါနဲ့ကွာ၊ နိုးလာလို့ ငါတို့အနုပညာသမားတွေက တစ်ရေးနိုးလည်း ထပ်သောက်တယ်ဆိုပြီး အရက်ထပ်မှာနေရင် ဒုက္ခ"

မိုးမြင့်က . . .

"ဟုတ်သားပဲ" ဟု ပြောကာ အောင်ကိုနိုင်ကို ကျိုင်းမှ ကောက်မလိုက်သည်။ မြင့်နိုင်ကလည်း တစ်ဖက်မှ ဆွဲထူကာ တစ်ယောက်တစ်ဖက် ပခုံးနဲ့ ထမ်းရင်း ထွက်လာခဲ့လိုက်တော့၏။

အပြင်မှာ မိုးတိတ်သွားပြီဖြစ်သည်။ ညလေအေးအေးက သူတို့ကို ကျီစယ်နေ၏။ ကောင်းကင်မှာတော့ လမင်းကြီးကို တိမ်ညိုတိမ်မည်းတွေကြား ခပ်ရေးရေးသာ မြင်နေရ၏။

မိုးမြင့် ရင်ထဲမှာ လေပြေ့မျက်နှာလေးကို သတိရစွာ တမ်းတမိလိုက်ပါတော့သည်။

ချစ်တယ် လေပြေရယ် . . .

ရင်ထဲမှာ ရေရွတ်လျက် . . .

* * *

[redacted]

www.burmeseclassic.com

www.burmeseclassic.com



# အခန်း (၃)

[redacted]



"ကံကြမ္မာ
မိုးတွေက ရွာ
ချမ်းလိုက်တာ
ချစ်သူ့ဒေါ်လို့လာ ...
အိမ်ရှေ့ကိုရောက်
တံခါးခေါက်
မြေမွှေးထလို့ပေါက် ...။"

"ဟင် ဘာကြီးလဲ"

"ကဗျာလေ"

"ကဗျာတော့ သိတာပေါ့ကွ၊ ဘယ်လိုကဗျာကြီးလဲဗျို့"

[redacted]

www.burmeseclassic.com

www.burmeseclassic.com



"မင်းတို့ ဟိုတစ်ခါ မှတ်မိသေးလား၊ ငါတို့ ကဗျာစာအုပ်တွေ လိုက်ရောင်းတုန်းကလေ"

"မှတ်မိတာပေါ့ကွ၊ ဒီကောင် ပုဆိုးကျွတ်ကျသွားတဲ့နေ့"

"မှတ်မိတယ်ဆို ပြီးရောပေါ့ကွာ၊ ဒီကိစ္စ ထည့်မပြောစမ်းပါနဲ့"

မြင့်နိုင်က မိုးမြင့်ကို ပြုံးကျဲကျဲနဲ့ ကြည့်သည်။ အောင်ကိုနိုင်က သူ ရေးထားတဲ့ ကဗျာလေးကို ကြည့်၍ စကားကိုဆက်၏။

"အဲ့ဒီတုန်းက ကျောင်းသူတစ်ယောက် ပြောသွားတဲ့စကားကို အမှတ်ရပြီး ဒီကဗျာလေးကို စပ်ထားတာကွ"

"ဩော် သိပြီ၊ ကဗျာတွေက ရယ်ရလားဆိုတာမလား"

အောင်ကိုနိုင်က ခေါင်းညိတ်ပြသည်။ ထို့နောက် . . .

"ငါတို့ အနုပညာသမားတွေဆိုတာ ဆေးစက်ကျရာ အရုပ်ထင်ရတယ်ကွ၊ ဘယ်လိုအခြေအနေမျိုးကိုဖြစ်ဖြစ် ကဗျာအမြင်နဲ့ ကြည့်ပြီး ခံစားတတ်ရတယ်၊ တကယ်တော့ အနုပညာသမားဆိုတာ"

"အောင်ကိုနိုင်"

"ဘာလဲ"

"ငါတို့ ကျောင်းသွားရဦးမှာနော်၊ မင်းရဲ့ အနုပညာခံစားချက်တွေ နောက်မှ တင်ပြရင် တင်ပြ၊ လောလောဆယ် ကျောင်းကို စောရောက်ဖို့ အရေးကြီးတယ်၊ ဒီကောင့်ကိစ္စကလည်း ရှိသေးတယ်"

မြင့်နိုင်က ခပ်ဆတ်ဆတ်လေး ပြောလိုက်တော့မှ အောင်ကိုနိုင် အဝတ်အစားထလဲသည်။ ထို့နောက် သူတို့ ကျောင်းသို့ ထွက်လာခဲ့လိုက်တော့၏။

[redacted]



ကျောင်းရောက်တော့ နည်းနည်းစောနေသေးသည်။ ထို့ကြောင့် စာသင်ခန်းတွေဘက် မသွားတော့ဘဲ ကန်တင်းဘက်သို့ ထွက်လာလိုက်၏။ သူတို့က Physics မေဂျာသို့ လာခြင်းဖြစ်၏။ မိုးမြင့်က လေပြေ့ကို ဟိုတစ်နေ့ကကိစ္စ တောင်းပန်ဖို့။

မိုးမြင့် အားတင်း၍ လာသော်လည်း ကန်တင်းရောက်တော့ တင်းလာတဲ့အားက တစ်ဝက်ပဲ ကျန်တော့သည်။ ကန်တင်းထိုင်ပြီး ခဏကြာတော့ သုံးပုံ တစ်ပုံတောင် မရှိချင်တော့။ စကားပြောရင် အသံက အဖျားခတ် တုန်ချင်လာပြီ။

"ဖြစ် ဖြစ် . . ဖြစ်ပါ့မလားကွာ"

"မင်းက အရေးအကြောင်းဆို ဖြစ်လာပြီ၊ ဘာကြောက်စရာရှိလို့လဲ၊ သူက မင်းကို ကိုက်စားမှာမို့လို့လား"

"ဟုတ်ဘူးလေကွာ၊ ငါ . . ငါ ငါက သူ . . သူကို အမျိုးမျိုး စိတ်ဒုက္ခပေး . . ပေး . ."

"တော်စမ်း၊ မင်း အဲ့ဒီလိုလုပ်မှ ပိုရှုပ်ကုန်မယ်၊ ငါတို့ ဒီကိုမလာခင်ကတည်းက ဘာတွေပြောထားလဲ၊ မင်းပဲ ရတယ်ဆို"

"အခု . . အခု ငါ့ရင်တွေ အရမ်းခုန်နေတယ်ကွ"

"ကဲ . . ကဲ အားလုံး အသင့်ပြင်၊ ဟိုမှာ လေပြေတို့ လာနေပြီ၊ မိုးမြင့် ဣန္ဒြေမပျက်စေနဲ့"

အောင်ကိုနိုင့်အသံကြားတော့ သူတို့ကန်တင်းအပြင်သို့ လှမ်းကြည့်လိုက်ကြသည်။ လေပြေ၊ သီရိနှင့် ခင်မေဦးတို့ လမ်းလျှောက်လာတာ တွေ့ရ၏။ သူတို့ကိုတော့ မြင်ပုံမရသေး။

[redacted]

www.burmeseclassic.com

www.burmeseclassic.com



ခဏကြာတော့ သုံးယောက်လုံး ကန်တင်းထဲ လှမ်းဝင်လာကြလေသည်။

သူတို့ဝင်လာတာလည်း တွေ့ရော မိုးမြင့်က ထရပ်၍ . . .

“ငါ . . ငါ ရှူး . . ရှူးပေါက်ချင်လို့ ခဏ”

ဆိုပြီး လစ်မလို့လုပ်သည်။ မြင့်နိုင်က မိုးမြင့် လွယ်အိတ်စကို ဖမ်းဆွဲ၍ . . .

“မင်း ဘာဖြစ်နေတာလဲ မိုးမြင့်၊ ယောကျ်ားမဟုတ်ဘူးလား”

“မဟုတ်ဘူးကွာ၊ ထင်ချင်သလိုထင်တော့ ငါလန့်လာပြီ”

ထိုအချိန်တွင် အောင်ကိုနိုင်က လေပြေတို့ကို လှမ်းပြီး လက်ပြလိုက်၏။ အောင်ကိုနိုင် လက်ပြတာမြင်တော့ သုံးယောက်လုံး ဝိုင်းသို့ လှမ်းလာလိုက်ပြီး . . .

“အစောကြီးပါလား၊ ဘယ်လာကြတာလဲ”

“ဒီကိုပဲ တမင်ဝင်လာတာ၊ ဒီမှာလေ”

မြင့်နိုင်က လေပြေ့ကို လှမ်းပြောရင်း မိုးမြင့်ကို မျက်စပစ်ပြလိုက်သည်။ မိုးမြင့်လည်း မတတ်နိုင်တော့။ ဒူးတုန်တုန် ရင်တုန်တုန်နှင့် ထိုင်ခုံမှာ ပြန်ထိုင်လိုက်ရပါတော့သည်။

အောင်ကိုနိုင်က ခုံတွေ ဆွဲ၍ လေပြေတို့အတွက် နေရာလုပ်ပေးသည်။ သူမတို့ သုံးယောက်လုံး ဝင်ထိုင်ပြီးတော့ မြင့်နိုင်က စကားကို စ၏။

“မိုးမြင့်က လေပြေ့ကို တောင်းပန်ချင်လို့တဲ့၊ အဲ့ဒါ နားပူနားဆာလုပ်နေတာနဲ့ ခေါ်လာခဲ့ရတာ”

[redacted]



လေပြေက ပြုံးရင်း မိုးမြင့်ကို ဖျပ်ခနဲ လှမ်းကြည့်လိုက်သည်။ လေပြေ့အကြည့်ကြောင့် မိုးမြင့် တုန်ခနဲ ဖြစ်သွားပြီး . . .

“ဟုတ် ဟုတ် . . ဟုတ်ပါတယ်၊ လေ . . လေပြေက တောင်းပန်မယ်ဆိုလို့ လာတာပါ”

“ရှင်”

“ဟာ ဟေ့ကောင် ဘာတွေလျှောက်ပြောနေတာလဲ၊ လေပြေက တောင်းပန်မှာ မဟုတ်ဘူး၊ မင်းက တောင်းပန်ရမှာလေ”

“ဟာ . . ဟိုဟာ ဟုတ်တယ် ဆောရီး၊ ကျွန်တော်က လေပြေ့ကို တောင်းပန်မယ်ဆိုပြီး လာတာပါ၊ စကား . . စကား မှားသွားလို့”

မြင့်နိုင် သက်ပြင်းကို ချသည်။ အောင်ကိုနိုင်လည်း မျက်လုံးပြူးသွားရာမှ ပုံမှန်ပြန်ဖြစ်သွား၏။

လေပြေက ရယ်ပြုံးတစ်ချက် ပြုံးလိုက်ရင်း . . .

“မိုးမြင့်က ဘယ်ကိစ္စအတွက် လေပြေ့ကို တောင်းပန်ချင်တာလဲ”

“ဟို . . ဟိုတစ်နေ့က ကိစ္စပါ၊ အဲ့ဒါ လေပြေ့ကို ရုတ်တရက် တွေ့သွားတော့ ကျွန်တော် လန့်သွားပြီး ဟင်းရည် သီးသွားလို့ပါ၊ လေပြေ့ကို လူလည်ကောင်မှာ အရှက်ရစေခဲ့ရင် ကျွန်တော် တောင်းပန်ပါတယ်နော်”

မိုးမြင့်ပုံစံက ဆရာမရှေ့မှာ အပြစ်ကျူးလွန်ထားသော ကျောင်းသားလေးတစ်ယောက်ပုံစံ ပေါက်နေ၏။ တစ်ချက်တစ်ချက် လေပြေနဲ့ စကားပြောရင်း လက်ကလေး နှစ်ဖက် ပိုက်ပိုက်သွား၏။

မိုးမြင့်ကို ကြည့်ပြီး လေပြေ ရယ်ချင်သွားသည်။ တစ်စုံတစ်ခု

[redacted]

www.burmeseclassic.com

www.burmeseclassic.com



စချင်စိတ်က ရင်ထဲ ဝင်လာ၏။ ထို့ကြောင့် ရုပ်ကို တည်ပစ်လိုက်ကာ

"ဒီကိစ္စကို ဒီလိုတောင်းပန်လို့ ဘယ်ရမလဲ၊ လေပြေကတော့ လုံးဝခွင့်မလွှတ်ဘူး"

"ဗျာ"

"ဟင်"

မိုးမြင့်ဆီက အာမေဋိတ်သံ ထွက်သွားသည်။ မြင့်နိုင်နဲ့ အောင်ကိုနိုင်ပါ ကြောင်တောင်တောင်တွေ ဖြစ်သွားကြ၏။ သီရိနဲ့ ခင်မေဦးက လေပြေကို အသာကဲခတ်နေသည်။

လေပြေက သူ့ရှေ့တွင် တစ်ကိုယ်လုံး တုန်ခါစပြုနေသော မိုးမြင့်ကို ကြည့်၍ . . .

"ဒီနေ့ လေပြေတို့ စားတာတွေအားလုံး ရှင်းပေးမှ ကျေနပ်နိုင်မယ်လို့ပြောတာ၊ ဘယ်လိုလဲ"

အားလုံးကြောင်နေရာမှ အပြုံးရိပ်တွေ သန်းသွားကြလေသည်။ မြင့်နိုင်က တဟားဟား ထရယ်၍ . . .

"လေပြေ မင်းသမီးလုပ်ဖို့ကောင်းတယ် သိလား၊ ကျွန်တော်တို့တောင် တော်တော်ကြောင်သွားတယ်၊ ဟုတ်တယ် . . ဟုတ်တယ် လေပြေ ဆုံးဖြတ်တာမှန်တယ်၊ ကဲ ညီလေးရေ မှာစရာရှိလို့ လာပါဦး"

အားလုံးလည်း အခုမှ ပေါ့ပေါ့ပါးပါးတွေ ဖြစ်သွားကြ၏။ စားပွဲထိုးကောင်လေး ရောက်လာတော့ တစ်ယောက်တစ်မျိုး ဝိုင်းမှာကြသည်။ မြင့်နိုင်က အသံခပ်ကျယ်ကျယ်လေး လုပ်၍ . . .

"ပေါက်စီတစ်ပွဲပါ ယူလာခဲ့ကွာ"





သီရိက မြင့်နိုင်ကို တစ်ချက်လှမ်းကြည့်သည်။ မြင့်နိုင်က ခပ်တည်တည်နှင့် မျက်စိမှိတ်ပြလိုက်၏။ သီရိက နှုတ်ခမ်းလေးကို ကိုက်၍ လက်ဝါးထောင်ပြသည်။ မြင့်နိုင် အသည်းယားသွား၏။

ထိုအချိန်တွင် အောင်ကိုနိုင်က . . .

"ကဲ အခုတော့ ဘယ်လိုအကြောင်းအရာတွေနဲ့ ဆုံတွေ့ခဲ့ ဆုံတွေ့ခဲ့ ငါတို့အားလုံး ဘော်ဒါတွေ ဖြစ်သွားကြပြီနော် ဟုတ်တယ်မလား"

"ဟုတ်တယ်"

"မဟုတ်ပါဘူး"

"ဟုတ်ပါတယ်ဘူး"

တစ်ယောက်တစ်မျိုး ထအော်ကြ၏။ အားလုံးမျက်နှာမှာ ပျော်ရွှင်နေကြတာ သိသာသည်။ အောင်ကိုနိုင်က အားလုံးကို ဝေ့ကြည့်၍

"အခုလို သူငယ်ချင်းဖြစ်သွားပြီဆိုတော့ တစ်ယောက်က အကူအညီလိုရင် တစ်ယောက်က ပေးရတော့မယ်နော်၊ ဥပမာ ငါတို့ဘက်က ပိုက်ဆံလိုရင် နင်တို့ဘက်က ချေးရသလို၊ ငါတို့ဘက်က အကူအညီလိုရင်လည်း နင်တို့ကပဲ ပေးပေါ့"

"ဟူး . . ."

အားလုံးက ထအော်ကြသည်။ ထိုအချိန်တွင် မှာထားတာတွေ ရောက်လာ၍ စားလိုက်ကြ၏။

ပထမအတန်းချိန် ပြီးဆုံးသည်အထိ သူတို့ကန်တင်းမှာ ထိုင်ရင်း တစ်ယောက်အကြောင်း တစ်ယောက် ပြောဖြစ်ကြသည်။ တစ်ယောက်နဲ့တစ်ယောက် အရင်ကအကြောင်းတွေ စားမြုံ့ပြန်ရင်း



www.burmeseclassic.com

www.burmeseclassic.com



ရယ်ကြမောကြ၏။ စရင်းနောက်ရင်းနှင့် ရင်းနှီးမှုတွေ ရယူကြ၏။

ပထမတစ်ချိန်ပြီးဆုံးချိန်လောက်တွင် သူတို့ လမ်းခွဲခဲ့ပါသည်။

မိုးမြင့်ကတော့ ခြေထောက်နဲ့ မြေကြီး ထိတယ်မထင်တော့။ အီးမေဂျာဘက်သို့ သွားရာလမ်းတစ်လျှောက်တွင် လူက မြောက်ကြွမြောက်ကြွဖြစ်ကာနေ၏။

မြင့်နိုင်လည်း သီရိနဲ့ ရင်းနှီးခွင့်ရသွားလို့ ပျော်နေသည်။ အောင်ကိုနိုင်တစ်ယောက်သာ ပျော်သလိုလို မပျော်သလိုလို ဖြစ်ကာနေ၏။ သူက ဘယ်ကောင်မလေးနဲ့မှလည်း ပတ်သက်ထားမှု မရှိသောကြောင့် ဟိုကောင်တွေလောက်တော့ သိပ်ပျော်ခွင့်မရသလို ဖြစ်နေသည်။ ရုပ်ရှင်သဘောနဲ့ပြောမယ်ဆိုရင် သူက ဒီဇာတ်လမ်းမှာ အနောက်က ထောက်ပံ့ရုံသက်သက် ဇာတ်ပို့တစ်ယောက်သာဖြစ်နေ၏။

ထိုသဘောကိုသိ၍ မြင့်နိုင်က အောင်ကိုနိုင့်ကို ကြည့်၍ . . .

"အောင်ကိုနိုင်"

"ဘာလဲ"

"ခင်မေဦးလေး မချောဘူးလား"

"သိဘူးလေ"

"မင်းက ကဗျာဆရာဆိုတော့ ကဗျာမျက်လုံးနဲ့ ကြည့်ကြည့်စမ်းပါ၊ ခင်မေဦးလေးက ပါးဖောင်းဖောင်းလေးနဲ့ ဖူးငုံစ နှင်းဆီဖူးလေးနဲ့ မတူဘူးလား"

အောင်ကိုနိုင် တစ်ချက်စဉ်းစားသွားသည်။ သူ့ကို ကဗျာဆရာတစ်ယောက်လို မြင့်နိုင်က ဆက်ဆံလိုက်၍ နည်းနည်းမြောက်ကာ





သွား၏။ ထို့နောက် ခေါင်းတညိတ်ညိတ် လုပ်ကာ . . .

"အမှန်တကယ်သာ ခင်မေဦးလေးက နှင်းဆီဖူးလေးဖြစ်ခဲ့ရင် ငါက ခင်မေဦးလေး ပွင့်လန်းလာဖို့ ကျောပခုံးနဲ့ ထမ်းတင်ပေးမယ့် မြေဆီလွှာလေးတစ်ချပ်ပါကွာ"

မြင့်နိုင်မျက်နှာ တစ်ချက်ရှုံ့မဲ့သွားသည်။ စိတ်ထဲမှာလည်း . . .

"သေချင်းဆိုး မြောက်ပေးလို့ကို မရဘူး"

ဟု ရေရွတ်လိုက်ပါတော့၏။

* * *



www.burmeseclassic.com

www.burmeseclassic.com



သူတို့အဖွဲ့သည် သူငယ်ချင်း ခြောက်ယောက်ဖြစ်သွားလေပြီ။ ယောကျ်ားလေးသုံးယောက်၊ မိန်းကလေးသုံးယောက်၊ ရုပ်ရှင်တွေ ဗီဒီယိုတွေထဲမှာဆိုရင်တော့ ဒီလောက်ဆိုပရိသတ်သဘောပေါက်လောက်ပြီ။ တစ်ခန်း နှစ်ခန်းလောက် ဆက်ပြပြီးရင် ကိုယ်စီကိုယ်စီ စုံတွဲတွေ ဖြစ်သွားကြလေ၏။ အပြင်လောကမှာလည်း ထိုသို့ပင် ဖြစ်လာရန် ယောကျ်ားလေးတွေဘက်က ကြိုးစားကြ၏။ သို့သော် ရုပ်ရှင်တွေထဲမှာလိုတော့ တစ်ခါ နှစ်ခါတွဲသွားရုံနှင့် ရည်းစားတန်းဖြစ်လို့ မရသေး။ ကိုယ်က ကြိုးစားရဦးမည်ဖြစ်လေသည်။

မြင့်နိုင်သည် သီရိကို ရရန် ကြိုးစားသည်။ မိုးမြင့်လည်း လေပြေ့

[redacted]



ကိုရရန် ကြိုးစား၏။ အောင်ကိုနိုင်တစ်ယောက်ကတော့ ယောင်ချာချာ။ ကြိုးစားတယ်ဆိုတာ သူတို့ရင်ထဲက ကြိုးစားနေခြင်းဖြစ်၏။ အပြင်မှာတော့ သူငယ်ချင်းအဆင့်က မပိုသေး။

မိုးမြင့်တို့က အတန်းချိန်အားရင် လေပြေတို့ဘက်သွားကြသည်။ နေ့လယ်ပိုင်းဆို ကဲန်တင်းမှာ ထမင်းအတူတူ စားကြ၏။ လေပြေတို့ကလည်း တစ်ခါတစ်ရံ မိုးမြင့်တို့ အီးမေဂျာဘက်သို့ လာလည်ကြ၏။ သို့သော် မိုးမြင့်တို့ကသာ သူမတို့ဘက်သို့ အရောက်အပေါက် များလေသည်။

ဤသို့ဖြင့် အချိန်တွေ ကြာလာသည်နှင့်အမျှ တစ်ယောက်နဲ့တစ်ယောက် ရင်းနှီးမှုတွေ ပိုလာကြကာ တကယ့်ငယ်ပေါင်းကြီးဖော် သူငယ်ချင်းတွေလို ဖြစ်လာကြလေသည်။ ထိုအခါ သံယောဇဉ်တွေ ပိုမိုရစ်နှောင်လာ၍ အရင်ကထက်ပိုပြီး ရောဂါသည်းလာကြ၏။ မိန်းကလေးတွေကို မဆိုလို။ ယောကျ်ားလေးတွေကိုသာ ဆိုလိုခြင်းဖြစ်သည်။

မြင့်နိုင်က သူ့ရောဂါဒဏ်ကို သူ မခံနိုင်၍ တစ်ရက်မှာ သီရိကို ဖွင့်ပြောလိုက်သည်။ သီရိက ပထမတော့ စိတ်ဆိုးသေးသည်။ ခင်မင်မှုကို အခွင့်ကောင်းယူတာလား ဘာလားဆိုပြီး ကောလွှတ်လိုက်၏။ မြင့်နိုင်တစ်ယောက် ခြေမကိုင်မိ လက်မကိုင်မိဖြစ်ပြီး သူငယ်ချင်းတွေကို အကူအညီတောင်းတော့မှ အဆင်ပြေသွားသည်။

သီရိဆီက စဉ်းစားပါဦးမည်ဆိုသော အဖြေကို ရ၏။ မိုးမြင့်ကတော့ နဂိုကတည်းက မြင့်နိုင်လို သတ္တိမရှိ၍ ယခုအထိ အခြေအနေ

[redacted]

www.burmeseclassic.com

www.burmeseclassic.com



မတိုးတက်သေး။ မြင့်နိုင်တို့က ဝိုင်းမြှောက်ပေးသော်လည်း . . .

"မလုပ်ပါနဲ့ကွာ၊ အခွင့်အရေးယူတယ်ထင်ပြီး မုန်းသွားပါဦးမယ်"

ဆိုတဲ့စကားတစ်ခွန်းနဲ့သာ ခုခံနေ၏။

"အေး မင်းဒီလိုလုပ်နေ၊ သူများနောက် ပါသွားဦးမယ်"

ဟု ပြောတော့ . . .

"ငါလည်း ကြိုးစားနေပါတယ်ကွ" ဟု ဆို၏။

"မင်းကြိုးစားတာက စိတ်ထဲမှာ ကြိုးစားနေတာပဲကွ၊ လက်တွေ့မှ မဟုတ်တာ"

ဟု မြင့်နိုင်ကပြောတော့ အောင်ကိုနိုင့်ကို ဆွဲထည့်သည်။

"အောင်ကိုနိုင်လည်း ခင်မေဦးကို ကြိုက်နေတာပဲ၊ သူတောင် ဖွင့်မပြောသေးတာ ငါလည်း ဘယ်ပြောရဲဦးမလဲ"

"ဒါဆို ငါကျတော့ ဘာလို့ သီရိကို ဖွင့်ပြောလိုက်လဲ"

"မင်းက တဏှာရူးပဲကွ၊ အချိန်အခါ ဘယ်နားလည်မလဲ"

"သေလိုက်ပါလား၊ အဲ့ဒါတဏှာရူးတာ မဟုတ်ပါဘူးကွ၊ ချစ်တာ . . ချစ်တာ၊ ကိုယ်ချစ်တဲ့လူကို တစ်ပါးသူ ဦးသွားမှာစိုးလို့ ဦးဦးဖျားဖျား ဖွင့်ပြောတာ"

မြင့်နိုင်ကို မနိုင်တော့ အောင်ကိုနိုင့်ဘက် လှည့်သွားသည်။

"အောင်ကိုနိုင်"

"ဘာလဲ"

"မင်းကရော ဘာလို့ ခင်မေဦးကို ဖွင့်မပြောသေးတာလဲ"





"ဟင် ဘာဆိုင်လို့လဲ၊ ငါက ခင်မေဦးကို ချစ်နေပါတယ်လို့ မင်းကို ဘယ်သူပြောလဲ"

"ဘယ်သူမှ မပြောဘူး၊ ငါကိုယ်တိုင် လက်တွေ့မြင်တာ"

"မင်းက ဘာမြင်လို့လဲ"

"မင်း ဟိုတစ်နေ့က ကဲန်တင်းထိုင်နေတုန်း နောက်သလို ပြောင်သလိုနဲ့ ခင်မေဦးရဲ့ ပိုက်ဆံအိတ်ကို ယူပြေးပြီး အထဲက ပတ်စပို့တ် ဓာတ်ပုံတစ်ပုံ ခိုးလာတယ်ဆိုတာ ငါသိတယ်"

အောင်ကိုနိုင် မျက်လုံးကြီး ပြူးထွက်သွားပြီး . . .

"မင်း . . မင်း ဘယ်လိုသိတာလဲ"

"သိတာပေါ့ကွ၊ အဲ့ဒီဓာတ်ပုံကို မင်း ညတိုင်း ခိုးခိုးနမ်းနေတာ ငါ မြင်တာပဲ"

အောင်ကိုနိုင် ပြူးရာမှ ပြာသွားသည်။ မြင့်နိုင်လည်း ဒီကိစ္စကို အခုမှ သိသွား၏။ ထို့ကြောင့် အောင်ကိုနိုင့်ကို စိုက်ကြည့်လိုက်ကာ

"ဩော် လက်စသတ်တော့ မင်းက ကြိတ်ပုန်းခုတ်နေတာကိုး ဟုတ်လား"

"မဟုတ် . . မဟုတ်ရပါဘူးကွာ ငါ . . ငါ . ."

"အေး မင်းမဟုတ်ဘူးလို့ ပြောတယ်နော်၊ ရတယ် . . ငါတို့ နောက်နေ့ကျရင် ခင်မေဦးကို ဒီကိစ္စ ဖွင့်ပြောလိုက်ရုံပဲ"

အောင်ကိုနိုင် ငိုတော့မလို ဖြစ်သွားသည်။ ထို့နောက် လက်အုပ်ကလေးချီ၍ နှစ်ယောက်စလုံးကို မျက်နှာငယ်လေးနှင့် ကြည့်ကာ

"ပြော . . ပြောတော့ မပြောလိုက်ကြပါနဲ့ကွာ၊ ငါ . . ငါ



www.burmeseclassic.com

www.burmeseclassic.com



ရှိကြီးခိုးပါတယ်"

"ဒါဆို ခင်မေဦးကို မင်းကြိုက်နေတယ်ဆိုတာ ဝန်ခံပြီပေါ့"

အောင်ကိုနိုင်က ခေါင်းလေးညိတ်ပြ၍ . . .

"ခင်မေဦးကို ငါကြိုက်နေတာ ကြာပါပြီကွာ"

"ဒါဆို မင်းက ဘာလို့မဟုတ်သလိုနေနေလဲ"

"ဒါက ဒီလိုရှိပါတယ်ကွာ၊ ငါတို့အနုပညာသမားတွေဆိုတာ. ."

"တော်တော့"

နှစ်ကောင်စလုံး ဝိုင်းအော်လိုက်၍ အောင်ကိုနိုင် တိတ်ကာသွား၏။

ထို့နောက် ကိစ္စက ပြီးသွားလေပြီ။ အောင်ကိုနိုင်နဲ့ မိုးမြင့်သာ သူတို့ရည်ရွယ်သူတွေကို ဖွင့်ပြောဖို့ ကျန်တော့၏။ အောင်ကိုနိုင်က လည်း ခင်မေဦးကို ဖွင့်ပြောဖို့ ကတိခံသည်။ မိုးမြင့်ကလည်း ထိုနည်းလည်းကောင်းပင်။

ဘာပဲဖြစ်ဖြစ် မြင့်နိုင်ကတော့ သူတို့ထဲမှာ ဆရာကြီးဖြစ်သွားလေပြီ။ သူက အရင်ဆုံး ဖွင့်ပြောခဲ့သူဆိုတော့ အရှုံးချင်းတူရင်တောင် တစ်မူး ပိုသာကာသွား၏။

* * *





ဆောင်းဦးပေါက် နှင်းစက်များသည် ကမ္ဘာမြေပေါ်သို့ တိတ်တခိုး ခုန်ချရန် သွပ်ပြား ထောင့်စွန်းများတွင်သော်လည်းကောင်း၊ စိမ်းမြရောင် သစ်ရွက်ဖားဖားများပေါ်တွင်သော်လည်းကောင်း ယိုးလေးခိုနေကြသည်။ ထွန်းလင်းစနေရောင်ခြည်က ငွေစင်ရောင် နှင်းအလွှာထုကို ထိုးဖောက်၍ လောကကို အနွေးဓာတ်ပေးနေ၏။ တက္ကသိုလ်ပတ်ဝန်းကျင်တွင် ကိုယ့်အထာနဲ့ကိုယ် သွားလာနေကြသော သူတို့ကလည်း ပုံစံအမျိုးမျိုး . . .။

တချို့က နွေရာသီတုန်းက ဈေးချိုတုန်း ဝယ်ယူသိမ်းထားကြသည့် အနွေးထည်တွေ ကိုယ်မှာ တင်လာကြသည်။ တချို့က ဒီ



www.burmeseclassic.com

www.burmeseclassic.com



အအေးဒဏ်လောက်ကို ကော်ဖီပူပူတစ်ခွက်နှင့် ခုခံဖို့ ကဲန်တင်းထဲမှာ နေရာယူကြ၏။ တချို့ကတော့ ရာသီဥတုကို ခေါင်းထဲမှာ သိပ်ရှိပုံမရ။ ပုံမှန်အတိုင်းပင် ဖြတ်သန်းကြ၏။

လေပြေက ဒီမနက် နည်းနည်းအေးတယ်ထင်၍ ဆွယ်တာပါးပါးလေးတစ်ထည် ဝတ်လာသည်။ ကားကို ပုံမှန်အတိုင်း ရပ်နေကျ နေရာတွင် ရပ်၍ အခန်းထဲသို့ သွားလိုက်၏။ အခန်းထဲမှာ လူမစုံသေး။ ကျောင်းသား တစ်ယောက်စ နှစ်ယောက်စလောက်သာ ရှိသေးသည်။ လေပြေ့ကိုတွေ့တော့ ထိုကျောင်းသားတွေက လက်ခါပြသည်။ သီရိတို့ မရောက်သေးဘူးဆိုတဲ့သဘော။

လေပြေ အခန်းရှေ့မှ လှည့်ထွက်ခဲ့၍ သီရိထံ ဖုန်းခေါ်လိုက်သည်။ 'လူကြီးမင်း' နဲ့ တွေ့နေ၍ နောက်တစ်ခေါက် ထပ်ခေါ်တော့လည်း ဒီအတိုင်းပင်။ ထို့ကြောင့် ကဲန်တင်းဘက်သို့သာ ထွက်လာလိုက်လေသည်။

"ခဏနေပါဦး လေပြေ"

သူ့မနာမည်ကို ခေါ်သံကြား၍ လေပြေ တစ်ချက်လှည့်ကြည့်လိုက်၏။ သူ့ဘေးနားရောက်လာသူကို တွေ့လိုက်တော့ နှာခေါင်းတစ်ချက် ရှုံ့သွား၏။ ဗညားက ဘယ်အချိန်ကတည်းက ကင်းပုန်းဝပ်ပြီး စောင့်နေလည်း မသိပေ။

ခလေပြေ့ဘေးနားရောက်လာတော့ နဖူးကို တစ်ချက် သပ်လိုက်ကာ . . .

"လေပြေ့ကို အဆောင်ထဲ ဝင်သွားကတည်းက ကိုယ်တွေ့လိုက်





တာ၊ လှမ်းခေါ်မလို့ လုပ်သေးတယ်၊ ပြန်ထွက်လာမှာပဲဆိုပြီး စောင့်နေတာ"

"ဘာကိစ္စလဲ"

"စိမ်းကားလှချည်လား လေပြေရယ်၊ ကိစ္စရှိမှ လေပြေ့ဆီကို ကိုယ်က လာခွင့်ရှိမှာလား"

"လုံးဝမလာလေ ကောင်းလေပဲ"

ဗညားဆိုတဲ့ကောင်က သိတဲ့အတိုင်း ခပ်ပြုံးပြုံးပဲ။

"လေပြေ ဘယ်လိုပဲပြောပြောပါ၊ ကိုယ်က လေပြေ့မျက်နှာလေးကို မြင်နေရရင် ပြီးပြည့်စုံနေမယ့် လူစားမျိုးပါ"

လေပြေ စုတ်ဘစ်ချက် သပ်လိုက်သည်။ မနက်တိုင်း နောက်ကျတတ်သည့် သီရိတို့ကိုလည်း အပြစ်တင်နေမိ၏။ သူတို့သာရှိရင် ဒီလိုဖြစ်မှာမဟုတ်။ ဗညားဆိုတဲ့ကောင်က လူလည်။ သူက လေပြေတစ်ယောက်တည်းရှိတဲ့ အချိန်ကို ရွေး၍ ရောက်လာတတ်၏။ အခုလည်း လေပြေတစ်ယောက်တည်းရှိနေတာ မြင်ရ၍ ချောင်းမြောင်းနေရာမှ လူလုံးထွက်ပြခြင်းပင်။

လေပြေက ကဲန်တင်းရှေ့ရောက်တော့ အထဲကို ဝင်ဖို့လုပ်သည်။ ဗညားက လေပြေရှေ့မှ မသိမသာ ပိတ်ရပ်လိုက်၍ . . .

"ခဏနေပါဦး လေပြေရယ်. . ကိုယ် လေပြေ့ကို ပေးစရာလေး ရှိလို့ပါ"

"ငါ့ရှေ့က ဖယ်နော်၊ နင် ရှုတ်ရှုတ် ရှုတ်ရှုတ် မလုပ်နဲ့"

"မလုပ်ပါဘူး လေပြေရယ်၊ ကိုယ် လေပြေနဲ့ ပတ်သက်ပြီး ဘယ်



www.burmeseclassic.com

www.burmeseclassic.com



လောက်ထိ ခံစားနေရတယ်ဆိုတာ လေပြေ မသိဘူးလား၊ ဘာလို့ အခုလောက်ထိ ကိုယ့်အပေါ် ခါးခါးသီးသီး ဖြစ်နေရတာလဲဟင်"

"နင် ရူးနေလား ဗညား၊ နင့်ကို ငါ ဟိုတစ်ခါကတည်းက ပြော ပြီးပြီလေ၊ ငါ့မှာ ချစ်သူရှိတယ်လို့"

"ဟား ဟား ဟား ဟား"

ဗညားက အားရပါးရ ထရယ်လေသည်။ သူရယ်တဲ့ပုံစံက အလွန်ရယ်ရသော ဟာသတစ်ပုဒ်ကို ကြားလိုက်ရ၍ ရယ်တဲ့ပုံစံမျိုး။ လေပြေက ဗညားကို ကြောင်တောင်တောင်နဲ့ ကြည့်၏။

ဗညားက အားရပါးရ ရယ်ပြီးသွားမှ လေပြေ့ကို ကြည့်၍ . . .

"တခြားလူကို သွားလိမ်ပါ လေပြေရယ်၊ ဗညားဆိုတဲ့ လူကို လာလိမ်လို့ မရပါဘူး၊ အဲ့ဒီကောင်က လေပြေနဲ့ ဘာမှမဆိုင်ဘူးဆို တာ ကိုယ်သိပြီးသားပါ၊ ပြီးတော့ အဲ့ဒီကောင်တွေအဖွဲ့နဲ့ လေပြေတို့ အဖွဲ့ကလည်း သိပ်မကြာသေးခင်ကမှ သူငယ်ချင်းတွေ ဖြစ်သွားကြ တယ်ဆိုတာလည်း ကိုယ်သိတယ်၊ အားလုံး ကိုယ် စုံစမ်းပြီးသွားပြီ"

လေပြေ စိတ်ညစ်သွားသည်။ တစ်ခါတစ်ရံ ကိုယ့်ဆီမှာ တောက် တဲ့လို တွယ်ကပ်နေတဲ့ ယောကျ်ားမျိုးကို ကင်းကွာအောင် လုပ်ဖို့ဆိုတာ တော်တော်မလွယ်တဲ့ အလုပ်ဟု လေပြေ ထင်မိ၏။ တောက်တဲ့ကမှ ကြက်သွန်နီနဲ့ တို့ရင် ပြေးသေးသည်ဟု ကြားဖူးသည်။ ဗညားဆိုတဲ့ ကောင်ကတော့ အနံ့မြှုပ်းကို စနက်တံ ဖြုတ်ပြီး ခြိမ်းခြောက်ရင် တောင် နည်းနည်းမှ ကြောက်မယ့်ပုံ မပေါ်။

လေပြေ ဗညားကို ကျော်၍ ဆိုင်ထဲသို့ ဝင်မလို့လုပ်၏။ ထိုအချိန်





တွင် ဗညားက လေပြေ့လက်ကို ရုတ်တရက် လှမ်းဆွဲလိုက်သည်။

လေပြေ့ခန္ဓာကိုယ်က တစ်ချက် တုန်ခါသွားပြီး ဗညားကို ချာ ခနဲ လှည့်ကြည့်လိုက်သည်။ ထိုအချိန် စက္ကန့်ပိုင်းလေးအတွင်းမှာပဲ သူမ မသိစိတ်ထဲက ဒေါသက အသိစိတ်ထဲသို့ အရှိန်ပြင်းစွာ တိုးဝင် လာ၏။

"နင် . . နင်ဘာလုပ်တာလဲ"

"ကိုယ် လေပြေ့ကို ချစ်တယ်၊ အဆုံးရှုံး မခံနိုင်ဘူး"

"ငါ့လက်ကို လွှတ်နော်"

"ကြိုက်သလိုပြော၊ မကျေနပ်လို့ ပါချုပ်နဲ့ တိုင်မယ်ဆိုရင်တောင် လိုက်ခဲ့ဖို့ အဆင်သင့်ပဲ"

"ကဲ ဟယ်"

"ဖြန်း"

ဗညားမျက်နှာ ချာခနဲ လည်ထွက်ကာသွား၏။ ကန်တင်းထိပ် တည့်တည့်ဆိုတော့ လူတွေက ဝိုင်းကြည့်နေကြသည်။ ဗညားက ပြန် လှည့်ကြည့်လိုက်စဉ် သူ့ရှေ့က လေပြေ လှည့်ထွက်သွားတာကို တွေ့ လိုက်သည်။ ပတ်ဝန်းကျင်ကို အကဲခတ်၍ အရှက်တရားသည် ဗညား တစ်ကိုယ်လုံး ပျံ့နှံ့ကာသွားလေသည်။

ဗညား နာကြည်းစွာ တောက်တစ်ချက် ခေါက်လိုက်၏။ ထို့ နောက် လေပြေ့နောက်ကျောကို စူးရဲစွာ တစ်ချက်စိုက်ကြည့်၍ ထိုနေ ရာမှ ထွက်သွားပါတော့သည်။

အရာရာသည် ပုံမှန်ပြန်ဖြစ်သွားသည်။ ကန်တင်းထဲ ထိုင်နေကြ



www.burmeseclassic.com

www.burmeseclassic.com



သူတွေလည်း ခုနအဖြစ်အပျက်ကို တစ်ယောက်တစ်ပေါက် ဝေဖန်ကြရင်း ကြာတော့ မေ့သွားကြမည်သာ ဖြစ်ပါတော့သည်။

ဗညားလည်း မရှိတော့။

လေပြေလည်း ကျောင်းတက်ချင်စိတ် မရှိတော့၍ အိမ်ကို တန်းပြန်သွားလေတော့သည်။

* * *

[redacted]



ဖွင့် ပြောဖို့ အချိန်တန်ပြီ' ဟု မြင့်နိုင်က သတိပေးသလိုလိုနှင့် အသိပေးသည်။ 'ကြာရင် သူများနောက် ပါသွားဦးမယ်' ဟု ခြိမ်းခြောက်သလိုလိုလည်း ပြောသည်။ သူကတော့ ကြောက်နေသေးသည်။ လေပြေ့အပေါ် မရိုးသားသည့်စိတ် ရင်ထဲမှာ ထားထားတာတောင် သူမနဲ့တွေ့ရင် ကိုယ့်ဘာသာကိုယ် မလုံမလဲ ဖြစ်၍ မနေတတ် မထိုင်တတ်အောင် ဖြစ်နေရသေးသည်။ တကယ် လက်တွေ့ ဖွင့်ပြောဖို့ဆိုတာတော့ မတွေးဝံ့သေး။ ထိုအကြောင်းကို ပြောပြတော့ မြင့်နိုင်က . . .

"ဒါဆို စာပေးကွာ"

"အဲ့ဒါလည်း မလုပ်ရဲဘူးကွ၊ တော်ကြာ ဖြစ်ပစ်ရင် ဘယ်လိုလုပ်

[redacted]

www.burmeseclassic.com

www.burmeseclassic.com



ရမလဲ"

"မင်းဟာကလည်း ဟိုဟာလည်း မလုပ်ရဲ ဒီဟာလည်း မလုပ်ရဲနဲ့ လေပြေက မင်းကိုလာပြီး ဖွင့်ပြောရလိုတောင် ဖြစ်နေပြီ"

မိုးမြင့်တစ်ချက် စဉ်းစားလိုက်ပြီး . . .

"ဒီလိုလုပ်ပါလား၊ သူ့အိမ်လိပ်စာ စုံစမ်းပြီးတော့ စာတိုက်က တစ်ဆင့် ပို့ရင်ကော"

"ခွီးပဲ ရူးနေလား၊ ရည်းစားစာကို စာတိုက်က ပို့ရတယ်လို့ကွာ၊ မတော်လို့ သူ့အိမ်က ဖောက်ဖတ်လိုက်ရင် ဘယ်လိုလုပ်မလဲ"

"ဒါဆို သီရိတို့ကတစ်ဆင့် ပေးခိုင်းရင်ကောကွာ"

"အဲ့ဒါလည်း သတ္တိနည်းရာကျတယ်၊ အေးလေ မင်းကလည်း အရင်ကတည်းက သတ္တိရှိတဲ့ကောင်မှ မဟုတ်တာ"

"ဒါဆို ငါ ဘယ်လိုလုပ်ရမလဲ ဟင်"

"လဲသေလိုက်"

"ဟင်"

"လဲသေလိုက်လို့ ပြောတာ"

မိုးမြင့် ငူငိုင်ငိုင်ကြီးဖြစ်သွားသည်။

မြင့်နိုင်က မိုးမြင့်ကို ကြည့်၍ . . .

"သိပ်လည်း စဉ်းစားပြီး တွေးကြောက်မနေပါနဲ့ကွာ၊ ငါတို့လည်း ရှိပါတယ်၊ အခုဟာက မင်းနဲ့သူနဲ့ သူစိမ်းတွေမှ မဟုတ်ကြတော့တာ၊ သူငယ်ချင်းသံယောဇဉ်ဆိုတာ သူ့မှာ ရှိပါတယ်၊ ခါးခါးသီးသီး ငြင်းပစ်လိုက်မယ်လို့တော့ ငါ မထင်ပါဘူး"





မိုးမြင့်က သက်ပြင်းကို ချသည်။ ဘာလုပ်လို့ လုပ်ရမှန်းမသိ၍ ချသော သက်ပြင်းဖြစ်၏။

မြင့်နိုင်က မိုးမြင့် ပခုံးကို ပုတ်လိုက်၍ . . .

"အောင်ကိုနိုင်တောင် ခင်မေဦးကို ဒီရက်ပိုင်းအတွင်း ဖွင့်ပြောတော့မယ်တဲ့၊ ဟိုတစ်နေ့က ငါ့ကိုပြောတယ်၊ မင်းလည်း လှုပ်ရှားမယ်ဆို ဒီရက်ပိုင်းအတွင်း လှုပ်ရှားတော့"

မိုးမြင့်က ခေါင်းကို ကုတ်လိုက်၍ . . .

"ငါ သူ့ကို စကားတော့ လိုက်မပြောရဲဘူးကွာ၊ စာပေးဆိုရင်တော့ ရှိသမျှသတ္တိတွေ အကုန်မွေးပြီး လိုက်ပေးရမှာပဲ၊ ဒါနဲ့ ရည်းစားစာကို ဘယ်လိုရေးရမလဲဟင်"

"ငတုံး မင်းရင်ထဲမှာ ရှိတာတွေ ချရေးပေါ့ကွ၊ အဓိကက မင်း သူ့ကို ချစ်တဲ့အကြောင်းတွေ ရေးပေါ့"

မိုးမြင့်က ခေါင်းညိတ်ပြသည်။

"ဒါဆိုလည်း ပြီးရောကွာ ချမယ်"

"ဒါမှပေါ့ကွ၊ ဒီလိုလုပ်စမ်းပါ"

မိုးမြင့်က မြင့်နိုင်ကို ရယ်ပြလိုက်လေသည်။ မြင့်နိုင် လက်မ ထောင်ကာပြလိုက်၏။

အောင်ကိုနိုင်သည် နောက်သုံးရက်လောက်ကြာပြီးနောက် ခင်မေဦးကို ဖွင့်ပြောလိုက်လေ၏။ ခင်မေဦးကလည်း အောင်ကိုနိုင် သူ့ကို ဖွင့်ပြောလာမည်ဆိုတာ ကြိုတင်တွက်ထားပြီးဖြစ်၏။ ထို့ကြောင့် အထူးတလည် အံ့သြခြင်းမရှိတော့။ ထုံးစံအတိုင်း စဉ်းစား



www.burmeseclassic.com

www.burmeseclassic.com

ပါဦးမည်ဆိုသည့် စကားနှင့် အခြေအနေကို ထိန်းထားလိုက်၏။

အခုဆို အောင်ကိုနိုင်လည်း မြင့်နိုင်လို စောင့်ဆိုင်းကာလသလို့ ဆိုက်ရောက်သွားလေပြီ။ ထို့ကြောင့် မိုးမြင့်ကို ယခင်ကထက် ဖိအားများများ ပေးလာကြတော့၏။

မိုးမြင့်ကလည်း စာပေးဖို့ ဆုံးဖြတ်ထားပြီးဖြစ်သောကြောင့် အောင်ကိုနိုင်တို့ ဖိအားအောက်တွင် လုံ့လဝီရိယကို ထည့်ရတော့သည်။

ထို့ကြောင့် ဒီနေ့ည ရည်းစားစာ ရေးဖို့ ဆုံးဖြတ်ရတော့၏။ ရည်းစားစာကို ဟိုကောင်တွေ အိပ်နေတဲ့အချိန် ညဘက်ထရေးဖို့ ဆုံးဖြတ်ထား၏။ ဒါမျိုးက တစ်ယောက်တည်း အေးအေးဆေးဆေး စဉ်းစားပြီးမှ ရေးရတဲ့ကိစ္စမျိုး။ ဒီကောင်တွေရှိရင် ဟိုဟာလုပ်လိုက်ပါလား၊ ဒါလေး ထည့်လိုက်ပါလားနှင့် ပြီးမှာမဟုတ်တော့။ ထို့ကြောင့် ညဘက် လူခြေတိတ်ချိန်တွင် ထရေးရန် ဆုံးဖြတ်လိုက်ပါတော့သည်။

ညအတွက် ကြိုတင်ရင်ခုန်နေမိ၏။ ဒါမျိုးလည်း တစ်ခါမှ မလုပ်ဖူး၍ ရင်ခုန်သံက ဘာနဲ့မှမတူ။ ဆယ်တန်းစာမေးပွဲ အောင်စာရင်းထွက်တုန်းက ရင်ခုန်သံကို မှတ်မိနေသည်။ ယခု ခုန်တဲ့ရင်က ထိုတုန်းက ရင်ခုန်သံနဲ့ ခပ်ဆင်ဆင် တူသည်ဟု ထင်ရ၏။ သို့သော် ကွဲပြားခြားနားတာတွေ ရှိသည်။

အောင်စာရင်း ထွက်တုန်းက ခုန်တဲ့ရင်က အောင်မှ အောင်ပါ့မလား။ ဂုဏ်ထူး ဘယ်နှဘာသာ ပါမလဲ။ မှန်းထားတဲ့အတိုင်း ဖြစ်ပါ့မလား စသည်ဖြင့် အကြောက်တရားကြောင့် ဖြစ်ပေါ်လာတဲ့

[redacted]



ရင်ခုန်မှု။

အခုဟာက ထိုသို့မဟုတ်။

ပျော်ရွှင်မှုလည်း ပါသည်။ ကြည်နူးမှုလည်း ပါ၏။ ကြောက်စိတ်နှင့် ရှက်ရွံ့မှုလည်း စွက်၏။ ဘာအရောင်အဆင်း တပ်ရမှန်း မသိသော ရင်ခုန်သံမျိုး။

လူရယ်လို့ ဖြစ်လာရင် ဒီလိုရင်ခုန်သံမျိုး တစ်ခါလောက်တော့ ခံစားဖူးကြလိမ့်မည်ဟု သူ ထင်မိလေသည်။

* * *

[redacted]

www.burmeseclassic.com

www.burmeseclassic.com



တကယ်တမ်း ရေးရပြီဆိုတော့ ဘယ်ကစရေးရမှန်း မသိ။ အမှန်တော့ ရည်းစားစာဆိုတာ ချစ်တဲ့အကြောင်းပါရင် ပွဲပြီးသည်။ ရည်းစားစာပေးတယ်ဆိုမှ ကိုယ့်ကို ဘာရည်ရွယ်ချက်နဲ့ပေးတယ်ဆိုတာ လူတိုင်းသိပြီးသားဖြစ်၏။ ထိုအထဲမှာ ရေးထားသော အချစ်ဆိုသည့်အရာ၏ အဓိပ္ပာယ်အောက်၌ စာကြောင်းများက ချဲ့ရင်ချဲ့သလို စကားလုံး အနည်းအများက ကွာခြားသွားသည်သာ။

မိုးမြင့်သည် စာရွက်ကြီးကို ကြည့်၍ တစ်ချက် ငေါင်နေမိသည်။ အချိန်တိုင်း စည်းချက်မှန်မှန် ကြားနေရသော ခုတင်ပေါ်က မြင့်နိုင်၏ ဟောက်သံအောက်တွင် သူ့စကားလုံးများကို ခြွေချမရအောင်





ဖြစ်နေသည်။ ဖတ်ခဲ့ဖူးသည့် ဝတ္ထုတွေထဲက စကားလုံးများကို အားယူပြီး စဉ်းစားကြည့်သည်။ အခုလတ်တလော အချိန်ကာလအတွင်း ဖတ်ခဲ့ဖူးသည့် ဝတ္ထုတွေကလည်း အချစ်ဝတ္ထုမပါ။ အရင်က ဖတ်ခဲ့ဖူးသည့် ဝတ္ထုတွေကိုလည်း မမှတ်မိတော့။ မနေ့က ဖတ်ခဲ့ဖူးသည့် ဝတ္ထုကလည်း ဆရာကြီး မင်းသိခ်၏ ဆားပုလင်းနှင်းမောင် ဝတ္ထုဖြစ်နေသည်။

“ကျွန်ုပ်သည် အိုင်အေစီနီယာတန်း အောင်မြင်ပြီးသည်နှင့် တစ်ပြိုင်နက် ဆပ်ကျောင်းကို တက်ရောက်ကာ ပုလိပ်ဘက်သို့ ဝင်ရောက်လုပ်ကိုင်ခဲ့လေသည်။

ဘာမှမဆိုင်။ ထို့ကြောင့် ခေါင်းထဲက ဖယ်ထုတ်ပစ်လိုက်ကာ ‘သို့’ ဆိုသည့် စကားလုံးတစ်လုံးကို ရေးချလိုက်သည်။ ထို့နောက် ခေါင်းထဲရှိတာတွေ ချရေးကြည့်လိုက်၏။

သို့ . . လေပြေ

ကျွန်တော် သတိရစွာ စာရေးလိုက်ပါတယ်၊ လေပြေ နေထိုင်ကောင်းမယ်လို့လည်း မျှော်လင့်မိပါတယ်၊ လေပြေရော ကျွန်တော့်ကို သတိရနေမှလား . . .။

မဖြစ်သေး။ ရပ်ဝေးက အသိမိတ်ဆွေတစ်ယောက်ထံ ရေးတဲ့ စာမျိုးဖြစ်နေသည်။ ဒါမှမဟုတ် ကွဲကွာသွားတာ ကြာပြီဖြစ်သော အမျိုးအဆွေတွေထံ ပေးတဲ့စာမျိုးဖြစ်နေသည်။

နောက်တစ်မျိုး ပြောင်းရေးကြည့်သည်။

သို့ . . . လေပြေ



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် ဤစာကို ကြောက်ကြောက်လန့်လန့်နဲ့ ရေးလိုက်ရတာပါ။ ဒီစာကို လေပြေ ဖတ်နေတဲ့အချိန်မှာ ကျွန်တော့်ကို စိတ်ဆိုးနေမှာပဲလို့ ကျွန်တော် တွေးပြီး ကြောက်လန့်မိပါတယ်။ အမှန်တော့ လေပြေ့ကို ကျွန်တော် စတွေ့ကတည်းက ကြောက်တာပါ။ အခုလည်း ကြောက်သလို နောင်လည်း ကြောက်နေဦးမှာပါ။ အဲ့ဒီတော့ အကြောက်တရားဟာ ကျွန်တော့်ရင်ထဲမှာ . . .

စာကို ရပ်ပစ်လိုက်သည်။ မဖြစ်သေး။ ခုနရေးတဲ့ အခြေအနေ ထက်တောင် ပိုဆိုးသွားသည်ဟု ထင်မိ၏။ ရည်းစားစာပါဆိုမှ အချစ်နဲ့ ပတ်သက်တဲ့ စကားလုံးတွေနဲ့သာ ခြယ်မှုန်းနေရမည်။ အခုတော့ အချစ်အကြောင်း တစ်လုံးမှ မပါသည့်အပြင် အကြောက်တရားများနှင့်သာ ပြည့်နှက်နေ၏။ အလကားနေ အလကား လေပြေ့ကို ထိုင်ကြောက်ပြနေသလိုဖြစ်နေ၏။ တော်ကြာ လေပြေက သူ့ကို ဘီလူးသူရဲလို သဘောထားနေတယ် ထင်သွားရင် ခက်ပေမည်။

ထို့ကြောင့် နောက်တစ်မျိုး . . .

သို့

**လေပြေ့ကို ကျွန်တော်ချစ်တယ်။**

ထိုနေရာမှာတင်ရပ်ပြီး ဘာဆက်ရေးရမှန်း မသိတော့။ တော်တော်လေးကြာအောင်အထိ အချိန်ယူပြီး စဉ်းစားကြည့်သည်။ ဘာစကားလုံးမှ ခေါင်းထဲက ထွက်မလာတော့။ အမှန်တကယ် ရည်းစားစာဆိုတာ ဒီလောက်နဲ့တင် လုံလောက်သလား သူမသိပေ။ စာ ဘယ်နှကြောင်းနှင့် ကဗျာ ဘယ်နှပုဒ်ပါမှ ရည်းစားစာအဖြစ် စာလား



မြောက်သည်ဆိုတာလည်း သူ မသိပေ။

သူကတော့ ဒီထက်ပိုပြီး မရေးတတ်တော့။ ထို့ကြောင့် နောက်တစ်ကြောင်း ဆက်ရေး၍ စာကို ခေါက်လိုက်ကာ စာအိတ်ထဲ ထည့်လိုက်ပါတော့သည်။

သူ့စာက . . .

သို့

လေပြေ့ကို ကျွန်တော် ချစ်တယ်။

ကျွန်တော့်အချစ်ကို လက်ခံစဉ်းစားပေးပါလို့ ခွင့်ပန်ပါတယ်ဗျာ။

မိုးမြင့်

ညသည် နာရီပြန် နှစ်ချက်တီးသွားလေပြီ။

* * *

www.burmeseclassic.com

www.burmeseclassic.com



ပထမတော့ ကျောင်းမှာ ပေးဖို့ ဆုံးဖြတ်ထားသည်။ သို့သော် နောက်တော့ အစီအစဉ်ပြောင်းသွား၏။ လေပြေ့ကား ပျက်နေ၍ ဝပ်ရှော့ထိုးထားတာ တစ်ပတ်လောက် ကြာမယ်ဟု သိရသည်။ ထို့ကြောင့် ဤရက်ပိုင်းအတွင်း ကျောင်းကားနဲ့ပင် လာဖို့ လုပ်ထားသည်ဟု သတင်းရသည်။ လေပြေက ကျောင်းကားကို သူတို့ လမ်းထိပ်မှာတင် ထွက်စီးဖို့ လုပ်ထား၏။

ထို့ကြောင့် မိုးမြင့်က လေပြေ ကျောင်းသို့အလာ သူမတို့ လမ်းထိပ်က သွားစောင့်၍ စာကိုပေးဖို့ ကြံသည်။ ထိုသို့လုပ်ရခြင်းမှာလည်း အကြောင်းရှိသည်။ ကျောင်းမှာဆို တခြားသူတွေပါ တွဲလျက်ရှိနေ၍ သူ့အတွက် လေပြေတစ်ယောက်တည်း ရှိနေတဲ့အချိန်ကို စောင့်ဆိုင်း

[redacted]



ရဦးမည်။ နောက်တစ်ချက်က ကျောင်းမှာ စာလိုက်ပေးလို့ လေပြေက မကျေနပ်ရင် သူ့ကို ကောလွှတ်နိုင်၏။ ထိုအခါ ပတ်ဝန်းကျင်မှာ လူတွေရှိနေ၍ ပြဿနာတက်ရင် ရှက်ဖို့ကောင်း၏။ အခန့်မသင့်လျှင် ပါချုပ်ရုံးခန်းတောင် ရောက်သွားနိုင်သည်ဟု တွေး၏။ အစကတည်းက တွေးကြောက်သူဆိုတော့ ဒီလောက်တော့ ရှိလိမ့်မည်။

ထို့ကြောင့် . . .။ လေပြေတစ်ယောက်တည်းလည်း ရှိ၊ လူလည်း ရှင်းသည့် မနက်ခင်းမှ လေပြေတို့ လမ်းထိပ်ကပင် စောင့်၍ စာကိုပေးဖို့ ဆုံးဖြတ်လိုက်ခြင်းဖြစ်သည်။

လိပ်စာအရ လေပြေတို့နေတဲ့ အိမ်ရာရှေ့သို့ သူ ရောက်၏။ ခြံကြီးဝန်းကျယ်များနှင့် အရိပ်အာဝါသကောင်းသော သစ်ပင်ကြီးတွေနှင့် ပြည့်နှက်နေသော ပတ်ဝန်းကျင်ကို မိုးမြင့် သဘောကျသွားသည်။

မနက်ခင်း လူရှင်းနေသည့်အချိန်မို့ အိမ်ရာပတ်ဝန်းကျင်က အေးချမ်းတိတ်ဆိတ်ကာနေ၏။ ဆိတ်ငြိမ်ရပ်ကွက်တို့၏ ထုံးစံအတိုင်း နေ့ခင်းနေ့လယ်တောင် လူသွားလူလာက မများလှပေ။ မိုးမြင့်က သစ်ပင်ကြီးတွေကြား ဝေနေသော မြူနှင်းလေးတွေကို လှမ်းကြည့်ပြီး အိတ်ထဲက စာအိတ်လေးကို စမ်းလိုက်၏။ ဘယ်ဘက်အိတ်ကပ်၏ နှလုံးသားနှင့် အနီးဆုံးနေရာတွင် စာအိတ်ကလေးရှိသည်။ သူ့ရင်ခုန်သံ လတ်လတ်ဆတ်ဆတ်ကလေးကို နားထောင်ရင်း စာအိတ်လေးက ငြိမ်သက်နေ၏။ လေပြေ့ကို သူ ချစ်သည်။ ဘာအရောင်အဆင်းမှ ဆိုးမထားသော အချစ်အဖြူရောင် ပိတ်ကားပေါ်မှာ ဘယ်ဘာသာ စကားနဲ့မဆို ရဲရဲဝံ့ဝံ့ သူ ကမ္ဗည်းတင်ရဲ၏။

[redacted]

www.burmeseclassic.com

www.burmeseclassic.com



လူငယ်တစ်ယောက်၏ ပထမဆုံး မွေးဖွားလာသော လတ်ဆတ် သန့်ရှင်းသည့် အချစ်နှင့် ရဲရဲဝံ့ဝံ့ ချစ်ခဲ့သော ကောင်မလေးတစ်ယောက်ကို ချစ်ခွင့်ပန်မည့် မနက်ခင်းလေးကိုလည်း သူ ချစ်သည်။

ထိုမနက်ခင်းလေးသည် ယခုလို နှင်းတွေနဲ့ ဝေနေတာကိုလည်း သူ အရမ်းသဘောကျသွား၏။ အက်ဒဝပ်မင်းသား ထီးနန်းစွန့်ခဲ့တာ ဒီလိုမနက်ခင်းမျိုးပဲ ဖြစ်လိမ့်မည်။ ဗင်းဆင့်ဗန်ဂိုးသည် ဒီလို မနက်ခင်းကြောင့်ပင် နားရွက်တစ်ဖက် ပြတ်သွားသည်ဟု သူထင်၏။

သူလည်း ဒီလို မနက်ခင်းလေးမှာပင် သူ့ရင်ထဲက လင်းလင်း ပွင့်ပွင့် ချစ်ခဲ့ရသော လေပြေဆိုသည့် ကောင်မလေးကြောင့် သူ့ခံစားချက်တွေ အရုပ်ကြိုးပြတ် ပြုတ်ထွက်သွားခဲ့ရ၏။

'လေပြေ' လာရာလမ်းကလေးကို သူ မျှော်ကြည့်လိုက်၏။ သန့်ရှင်းလတ်ဆတ်သော ကွန်ကရစ်လမ်း ဖြူဖြူလေးက ချစ်သူလာရာ ခြေနင်းအောက်မှာ ဖြန့်ခင်းပေးဖို့ မြူတွေကြားမှာ အားယူရင်း အသင့်ဖြစ်နေရှာပြီ။

ခဏနေတော့ နှလုံးသားထဲက ပုံရိပ်လေးတစ်ခု လမ်းကလေးပေါ်မှာ စတင်လှုပ်ရှားလာလေသည်။ ဟော .. ချစ်သူလာပြီဆိုသော အသိက ဦးနှောက်မှတဆင့် နှလုံးသားကို ဖြတ်ကာ တစ်ကိုယ်လုံးအနှံ့ ပျံ့တော့ ရင်ထဲမှာ လှုပ်ခနဲ။

သူ့ခန္ဓာကိုယ်က အုတ်နံရံအကွယ်လေးနောက်သို့ အလိုလိုရောက်သွား၏။ ထိုအုတ်နံရံအကွယ်လေးနောက်မှာပင် ချစ်သူကို သူ ချောင်းကြည့်နေမိသည်။

[redacted]



လှလိုက်တာ ချစ်သူရယ် . . .။

ဆံနွယ်တွေ လေမှာလွင့်လို့ နှင်းမှုန်တွေ တဝုန်းဝုန်း ကြွေကျလိုက်တာများ ဘယ်ပန်းချီကားမှ ရေးလို့ မီမယ်မထင်ပါဘူး။ ထိုစိတ်ကူးနဲ့ ရင်ထဲမှာ ရေရွတ်မိတော့ အောင်ကိုနိုင်ပြောတဲ့ စကားတစ်ခွန်းကို သွားသတိရမိ၏။

"အချစ်နဲ့တွေ့ရင် လူတိုင်းက ကဗျာဆန်သွားတတ်ကြတယ်တဲ့၊ အဲ့ဒါ ပလေတိုက ပြောတာ"

ထိုတုန်းကတော့ အူကြောင်ကြောင်နဲ့သာ သူ နားထောင်နေမိ၏။ အခုလို အခြေအနေမျိုးနဲ့ကြုံမှ အဲ့ဒီပလေတိုဆိုတဲ့ ရှေးပညာရှိကြီးလည်း ဒီလိုမနက်ခင်းမျိုးမှာ ချစ်သူကို မျှော်ခဲ့ဖူးမှာပဲလို့ တွေးလာမိ၏။

ရုတ်တရက် ကားတစ်စီး အရှိန်ပြင်းစွာ မောင်းလာရင်း ချစ်သူဘေးမှာ ထိုးဆိုက်သွားသည်။

သူလည်း ကြောင်တောင်တောင်နှင့် ဘာရယ်မဟုတ် ကြည့်နေရာမှ ကားပေါ်က်မှ လူနှစ်ယောက် ရုတ်တရက် ဆင်းလာ၍ ချစ်သူ၏ လက်နှစ်ဖက်ကို တစ်ယောက်တစ်ဖက် ဆွဲကိုင်လိုက်တာ တွေ့လိုက်ရ၏။ ထို့နောက် ချက်ချင်းပင် ကားပေါ်သို့ ဆွဲတင်နေတာ တွေ့လိုက်ရတော့ သူ ကြောင်တောင်တောင်ဖြစ်ကာသွား၏။ ချစ်သူက ရုန်းသည်။ ထိုလူနှစ်ယောက်က အတင်းဆွဲရင်း ကားပေါ်သို့ တင်နေ၏။

သူ့ရင်ထဲမှာ တစ်ခုခု သဘောပေါက်ကာသွား၏။ ဒီလိုမြင်ကွင်းမျိုး ရုပ်ရှင်တွေထဲမှာ တွေ့ဖူးသည်။ တစ်စုံတစ်ခုတော့ဖြစ်ပြီဆို

[redacted]

www.burmeseclassic.com

www.burmeseclassic.com



တာ သူ နားလည်လိုက်၏။ မနက်ခင်းသည် လှပနေရာမှ စိုးရိမ်စရာအဖြစ်သို့ ချက်ချင်းပြောင်းလဲသွားလေသည်။

သူ့ရင်ထဲမှာ ပလေတိုလည်း မရှိတော့။ အက်ဒဝပ်မင်းသားနှင့် ဗင်းဆင့်ဗန်ဂိုးလည်း ပျောက်ကာသွားလေပြီ။

သူ ကားဆီသို့ တဟုန်ထိုး ပြေးသည်။ ချစ်သူက အော်ဟာစ်ရုန်းကန်ရင်း ကားတံခါးဘောင်သို့ ခြေကန်၍ ထိုလူနှစ်ယောက်လက်မှ လွတ်ဖို့ ကြိုးစားနေသည်။ ထိုလူနှစ်ယောက်အနက်ကမှ ဗလကောင်းကောင်းနဲ့ လူက ချစ်သူ ပါးစပ်ကို ပိတ်၍ ကားပေါ်သို့ အတင်းတွန်းတင်လိုက်ပါတော့သည်။

သူ့ရင်ထဲမှာ စိုးရိမ်စိတ်နဲ့အတူ ချစ်သူအတွက် ကယ်တင်ချင်စိတ်ပါ စုပေါင်းကာ ခန္ဓာကိုယ်က လေထဲမှာ တစ်ချက် မြောက်တက်သွားပြီး ဖွင့်ထားသော ကားမပိတ်ခင် ကားထဲသို့ ဒိုင်ဗင်ပစ်၍ ဝင်သွားပါတော့၏။ ကားက တောင်းဖွေအမျိုးအစား တိုယိုတာကား။

"မောင်း .. မောင်း ရပြီ မောင်းတော့"

"ဟော့ကောင် သေချာကိုင်ထား၊ လွတ်သွားဦးမယ်"

"ဝုန်း"

"ဒုန်း"

"ကျွိ .. ကျွိ .. ဝူး"

အချိန်ခဏလေးအတွင်းမှာတင် အဖြစ်အပျက်တွေက ရှုပ်ထွေးသွားလေ၏။ ကားထဲမှာ ဘာတွေမှန်းမသိ လုံးထွေးကာနေ၏။ ကားသည် အိမ်ရာထဲမှ လမ်းမပေါ်သို့ အရှိန်ပြင်းစွာ မောင်းထွက်သွား၏။

[redacted]



သူလည်း လဲကျနေရာမှ ငုတ်တုတ်ထထိုင်၍ ကားထဲက လူတွေ ကြည့်လိုက်တော့ ဗလကောင်းကောင်း နှုတ်ခမ်းမွှေးစစနှင့် လူနှစ်ယောက်၊ ထိပ်ပြောင်ပြောင်၊ အသားဖြူကျဲကျဲနှင့် ဗိုက်ပူပူ လူတစ်ယောက်၊ ပြီးတော့ ဟိုလူနှစ်ယောက်ကြားမှာ အသားညှပ် ပေါင်မုန့်တစ်ခုထဲက အသားစလေးတစ်ဖတ်လို လှုပ်လို့မရအောင် ညပ်နေသည့် လေပြေ။

ကားထဲက လူတွေက သူ့ကို အူကြောင်ကြောင်နဲ့ ကြည့်သည်။ ခုနက အခြေအနေတွေ ရှုပ်ထွေးနေသောကြောင့် သူ ပါလာတာကို အခုမှ သတိထားမိပုံရ၏။

"ဒီ .. ဒီကောင်ကြီးက ဘယ်သူလဲ"

"သိဘူးလေ၊ ဒီကောင် ဘယ်က ပါလာတာလဲ"

လေပြေကလည်း သူ့ကိုကြည့်၍ ...

"မိုးမြင့် .. မိုးမြင့် လုပ်ပါဦး၊ လေပြေ့ကို လုပ်ပါဦး၊ ဗညား နင်. . နင် တော်တော်မိုက်ရိုင်းပါလား၊ နင်. . နင် ငါ့ကို ဘာလုပ်တာလဲ"

ဗညားလို့ အခေါ်ခံလိုက်ရတဲ့ ဗိုက်ပူပူနဲ့ လူက ခလုပ်ဓားတစ်ချောင်းကို ဖျောင်းခနဲ ထုတ်လိုက်ပြီး သူ့လည်ပင်းကို ထောက်လိုက်ကာ

"အော်မယ် မကြံနဲ့ လေပြေ၊ မင်းအော်လိုက်တာနဲ့ မင်းနောက်က လိုက်လာတဲ့ သူ့ရဲကောင်းကြီး ဘာဖြစ်သွားမယ်ထင်လဲ"

လေပြေ ငြိမ်သက်သွားသည်။ မီးဝင်းဝင်းထအောင် တောက်ပနေသည့် မျက်ဝန်းတစ်စုံနှင့် ဗညားကို ကြည့်၏။ ဗညားက မဲ့ပြုံးတစ်ချက် ပြုံးပြီး ...

[redacted]

www.burmeseclassic.com

www.burmeseclassic.com



"နင် ငါ့ကို လူလယ်ကောင်မှာ အရှက်ကွဲအောင် လုပ်ခဲ့တာ ငါ တစ်သက်မမေ့ဘူး သိလား၊ နင့်ကို ငါ ချစ်တယ်ပြောတာ အပြစ်ရှိလား၊ နောက်ပြီး နင် ငါ့ကို အဲ့ဒီလောက်ထိ ဆက်ဆံစရာကော အကြောင်းရှိလား၊ အခုတော့ နင်အားကိုးတဲ့ နင့်အကောင်ပါ အဆစ်ရလိုက်တော့ ငါ့အတွက် ခဲတစ်လုံးနဲ့ ငှက်နှစ်ကောင် ရလိုက်တာပေါ့ ဟား ဟား ဟား"

လေပြေက မိုးမြင့်ကို ကြည့်ကာ ဗညားဘက်ပြန်လှည့်၍ . . .

"သူနဲ့ ဘာဆိုင်လို့လဲ၊ နင်နဲ့ငါနဲ့ ဖြစ်တာ၊ နင်နဲ့ ငါနဲ့ ရှင်းပေါ့၊ မဆိုင်တဲ့လူကို ဘာလို့ဆွဲထည့်ရတာလဲ၊ နင် ယောကျ်ားမဟုတ်ဘူးလား"

"ဒါကတော့ သူ့ထိုက်နဲ့ သူ့ကံပဲလေ၊ အခုချိန်မှတော့ ငါ သူ့ကို ပြန်လွှတ်လို့ ဘယ်ရမလဲ၊ ဘာလဲ နင်က နင့်ကောင်ဘက်က နာနေတယ်ပေါ့ ဟုတ်လား၊ ကဲ နာချင်ဦးဟာ . . နာဦး"

ဗညားက လေပြေ့ကို ကျန်လက်တစ်ဖက်ဖြင့် သူ့ဘက်သို့ ဆောင့်ဆွဲကာ ပွေ့ဖက်လိုက်သည်။

မိုးမြင့် ထိုမြင်ကွင်းကို မြင်လိုက်ရချိန်တွင် ရင်ထဲမှာ ဘာဖြစ်သွားမှန်းမသိ။ ဒေါသ ထောင်းခနဲ ဖြစ်သွားကာ မျက်စိနှစ်ဖက်ပါ ပြာခနဲဖြစ်သွားသည်။

သူ့လည်ပင်းကို ထောက်ထားသော ဓားလည်း စိတ်ထဲမှာ မရှိတော့။ သူ့စိတ်ထဲ အခု လောလောဆယ် ဝင်လာတာက ဗညားဆိုတဲ့ ဗိုက်ပူပူကောင်ကို တစ်စစီ ဆွဲဖြဲပစ်လိုက်ချင်သည်။

မိုးမြင့်က ဓားကိုင်ထားသော ဗညားလက်ကို ဖျောင်းခနဲ တစ်ချက် ဆွဲရိုက်ပစ်လိုက်၍ ရုတ်တရက် ခန်ထလိုက်ကာ ဗညားမျက်နှာကို အားရပါးရ ဆွဲထိုးပစ်လိုက်၏။





ရုတ်တရက်ဆိုတော့ အငိုက်မိသွားကာ ဗညားခန္ဓာကိုယ်က ချာခနဲ တစ်ဖက်သို့ လည်ကာ ကျသွားလေသည်။

ဗလကောင်းကောင်းနဲ့ ငတိနှစ်ကောင်ကလည်း ရုတ်တရက် ကြောင်ကြည့်နေရမှ မိုးမြင့်မျက်နှာကို ဖြတ်ရိုက်ပစ်လိုက်၏။ မိုးမြင့် ပါးရိုးတစ်ဖက် ပူခနဲဖြစ်သွားပြီး ဦးခေါင်းက တစ်ဖက်သို့ လည်ကျသွားသည်။

လေပြေက ဗညားကို သူ့လက်သည်းရှည်များနဲ့ ကုတ်ဆွဲသည်။ မိုးမြင့်က ဟိုလူနှစ်ယောက်နဲ့ လုံးထွေးနေ၏။

ကားသည် ကတ္တရာလမ်းမပေါ် အရှိန်နဲ့ ပြေးကာနေသည်။ ကားခေါင်းခန်းမှ မောင်းတဲ့သူက စိတ်မချသလို အနောက်ဘက်သို့ လှည့်ကြည့် လှည့်ကြည့်နှင့် ကားကို မောင်းနေသည်။ အနောက်ခန်းမှ တော်တော်လေး အခြေအနေတွေ ရှုပ်ထွေးကုန်သည်။ လူ ငါးယောက် လုံးရင်း ထွေးရင်းနှင့် သတ်ပုတ်နေကြ၏။

မိုးမြင့်က ဟိုလူနှစ်ယောက်ထဲက တစ်ယောက်ကို လက်သီးနဲ့ အားကုန်ဆွဲထိုးပစ်လိုက်သည်။ ထိုလူ ချက်ကောင်း ထိသွားသောကြောင့် ခေါင်းခန်းဘက်သို့ ခုံနှစ်လုံးကြားထဲမှာ အားလွန်ကျသွား၍ မောင်းတဲ့လူကို အားနဲ့ ပြေးတိုက်လိုက်သလို ဖြစ်သွားသည်။

ကားမောင်းတဲ့လူ ယိုင်ထွက်သွား၍ ကားသည် အရှိန်နဲ့ တစ်ချက် လူးလိမ့်သွားကာ လမ်းဘေးပလက်ဖောင်းကို ကျော်တက်သွား၍



www.burmeseclassic.com

www.burmeseclassic.com



ကုတ္တိုလ်ပင်ကြီးတစ်ပင်ကို အားနဲ့ပြေးဆောင့်လိုက်ပါတော့သည်။

"အုန်း"

မိုးကြိုးပစ်သံလို အသံကြီးတစ်ခု မြည်ဟီးကာ ထွက်သွားပါတော့သည်။ တိုက်လိုက်သောအရှိန်ကြောင့် ကားဘေးတံခါးက ပွင့်ထွက်သွားကာ လူတွေက လေးခွမှ ပစ်လိုက်သော လောက်စာလုံးလေးတွေလို အပြင်သို့ အရှိန်နှင့် ထိုးထွက်သွားပါတော့၏။

မိုးမြင့် ဦးခေါင်း တစ်ခုလုံး သွေးတွေနှင့် ရွှဲနစ်ကာနေသည်။ ဘာနဲ့ပြေးရိုက်လိုက်မှန်း မသိ။ သူဦးခေါင်းသည် တစ်ခုခုကို အရှိန်နှင့် ပြေးရိုက်လိုက်တာတော့ သေချာသည်။

မိုးမြင့် သတိကို မလွှတ်အောင် ထိန်း၍ မျက်စိကို အားယူကာ ဖွင့်ထား၏။ စေးထန်းထန်း အရည်များ သူ့မျက်စိထဲ စီးဝင်နေသည်။ ပတ်ဝန်းကျင်သည် သူ့အာရုံထဲတွင် အနီရောင်တွေ လွှမ်းခြုံကာနေသည်။

သူ လေပြေ့ကို အငမ်းမရ ရှာဖွေနေမိ၏။ အခုချိန်မှာ သူ့အသိအာရုံကို လွှမ်းမိုးထားတာ လေပြေ။

ခပ်လှမ်းလှမ်းတွင် အရိပ်ကလေး တစ်ခု သွေးအိုင်ထဲတွင် ခွေခွေကလေး လဲပြိုနေတာ တွေ့လိုက်ရ၏။

ဘုရား . . ဘုရား လေပြေ . . လေပြေ ဘာမှမဖြစ်ပါစေနဲ့။

သူ့ဝိညာဉ်သည် လေပြေ့ဆီသို့ ဦးစွာ ရောက်သွားသည်။ သူ့ခန္ဓာကိုယ်ကတော့ အစိတ်အပိုင်းတွေ ဘာမှ အလုပ်မလုပ်တော့ဟု ထင်နေရ၏။

[redacted]



သူ . . သူ ဖြည်းဖြည်းချင်း တွားသွားလိုက်သည်။ ခြေထောက်နှစ်ချောင်းသည် သူ့ခန္ဓာနှင့် တွဲဆက်မနေတော့ဟု ထင်ရလောက်အောင် လှုပ်လို့မရတော့။

လက်နှစ်ဖက်ကို အားယူ၍ တံတောင်နှင့် ထောက်ကာ လေပြေ့ထံသို့ သူ တွားသွားနေ၏။ လေပြေ့ဆီရောက်တော့ မှောက်ရက်အနေအထားနဲ့ပင် လေပြေ့လက်ကလေးကို ဆုပ်ကိုင်လိုက်ကာ . . .

"လေပြေ . . လေပြေ . . လေပြေ . . . ထပါဦး လေပြေရယ် ထပါဦး"

သူ့အသံသည် အလွန်တရာမှ တိုးဖျော့နေပါသည်။ သို့သော် နှလုံးသားထဲမှာတော့ ကျယ်လောင်စွာ ပဲ့တင်ထပ်ကာနေ၏။

လေပြေ တစ်ချက်လှုပ်လာသည် ထင်ရသည်။ သူ လေပြေနှင့် မျက်နှာချင်းဆိုင်လောက်သည့် အနေအထားထိ အားယူကာ တွားသွားလိုက်၏။

ဟုတ်တယ် . . လေပြေ . . လေပြေ လှုပ်လာတာ . . လေပြေ့နှုတ်ခမ်းလေးတွေ လှုပ်လာတာ၊ လေပြေ ဘာမှမဖြစ်ပါစေနဲ့ . . လေပြေ ဘာမှမဖြစ်ပါဘူးနော် . .။

သူ့မျက်ဝန်းမှာ မျက်ရည်တွေ။ သူ လေပြေ့လက်ကလေးကို တင်းတင်းကြပ်ကြပ် ဆုပ်ကိုင်လိုက်တော့ လေပြေ့နှုတ်ခမ်းလေးတွေ တစ်ချက် လူးလွန့်သွားပြီး . . .

"လေပြေ . . လေပြေ အရမ်းမူးတယ် မိုးမြင့်ရယ်၊ လေပြေ ခေါင်းထဲမှာ ပြာလာပြီ သိလား၊ မိုးမြင့် . . မိုးမြင့်ကောဟင်"

[redacted]

www.burmeseclassic.com

www.burmeseclassic.com



အသံကလေးက တိုးလွန်းလှပါသည်။ သို့သော် မိုးမြင့် နှလုံးသားနဲ့ ကြားနေရ၏။

“မိုးမြင့် . . မိုးမြင့်၊ လေပြေ . . လေပြေလေ သိလား . . လေပြေ . . လေ . . ပြေ”

လေပြေ ခေါင်းတစ်ချက် စိုက်သွားတာကို မြင်လိုက်ရ၏။ သွေးတွေက မြင်မကောင်းအောင် ဦးခေါင်းအောက်မှ စီးထွက်လာသည်။ ထိုသွေးစီးကြောင်းလေးက မိုးမြင့် ပါးပြင်အောက်သို့ စီးဝင်သွား၏။ မိုးမြင့် မျက်ရည်တစ်ပေါက် ပါးပြင်ပေါ် ဖြတ်ကာ သွေးအိုင်ထဲသို့ ပြုတ်ကျသွားသည်။

“လေပြေ”

မိုးမြင့် အော်ခေါ်နေသည်။ သို့သော် အသံ ထွက်မလာတော့။ ခေါ်သံက ရင်ထဲမှာသာ ပဲ့တင်ထပ်နေလေသည်။

“လေပြေ”

လေပြေ မထူးနိုင်တော့ပေ။

ဒီဘဝအတွက်တော့ သူ့ခေါ်သံကို လေပြေ ပြန်ထူးနိုင်မှာ မဟုတ်တော့။ သူ ချစ်သော ကမ္ဘာမြေနှင့် သူချစ်သော နှင်းပွင့်လေးတွေ၊ သူ ချစ်သော ကျောင်းတော်ကြီးနှင့် သူချစ်သော သူများအားလုံး၊ သူ မချစ်သော သူများအားလုံး၊ သူ မုန်းသောသူများ အားလုံးကို လေပြေ စွန့်ခွာသွားပြီဖြစ်သည်။

“လေပြေရယ် . . .”

မိုးမြင့် ဆက်ငိုလို့မရတော့။ သူ ခန္ဓာမှာ မျက်ရည်မြစ်တို့ ခန်း

[redacted]



ခြောက်သွားပြီ။ သူ ဘယ်ဘက်ရင်အုံမှာ လင်းခဲ့တဲ့ တိမ်တိုက်ကလေးကတော့ သူ့သခင်မဆီ မရောက်လိုက်ခင်မှာပဲ သွေးတွေ စိုစွတ်ခဲ့ပြီဖြစ်သည်။

မိုးမြင့် လေပြေ့မျက်နှာလေးကို ကြည့်ရင်း တတွတ်တွတ် ခေါ်နေမိ၏။ သူ့အမြင် အာရုံသည်လည်း တဖြည်းဖြည်း မှုန်ဝါးစပြုလာလေပြီ။ လူသံ၊ ကားသံများနှင့် ဆေးရုံကား ဥဩဆွဲသံတို့ ကြားလာရ၏။

နောက်တော့ အရာအားလုံး ဝေး၍ သွားသလို သူ့ကို နှုတ်ဆက်၍ ခွဲခွာသွားခဲ့ပါတော့သည်။

သူ့ခန္ဓာနှင့် အာရုံက တဖြည်းဖြည်းနှင့် အမှောင်အတိ။

ခဏကြာတော့ အမှောင်ထုထဲမှာ ကြယ်လေးတစ်စင်း ထွန်းလင်းလာသည်။

ဘယ်သူ ရှိရမှာလဲ။

အဲ့ဒါ . . .

လေပြေပေါ့ . . .။

* * *

[redacted]

www.burmeseclassic.com

www.burmeseclassic.com



## တစ်နှစ်ခန့်ကြာသော . . .





BURMESE CLASSIC .com

နှင်း စက်ကလေးတွေ မှုန်ဝါးဝါးကျနေပါသည်။

ဒဂုံတက္ကသိုလ်ဆိုတဲ့ ဆိုင်းဘုတ်ကြီးက နှင်းစက်လေးတွေအောက်မှာ တစ်ညတာ အိပ်စက်နားနေရာမှ တိုးတိုးကလေး ထကာလာ၏။

ကားတစ်စီးဘေးတွင် လူတစ်ယောက် ဝိုးခဲ့လ်ပေါ်တွင် ထိုင်လျက် နှင်းစက်နှင်းမှုန်တွေအောက်မှာ တက္ကသိုလ်ဝင်းကြီးကို ငေးစိုက်ကာ ကြည့်နေ၏။

ထိုသူ၏ဘေးတွင် ယောကျ်ားလေး နှစ်ယောက်နှင့် ကောင်မလေး နှစ်ယောက်ရှိသည်။

တစ်ချိန်က (အတိအကျ ပြောရရင် လွန်ခဲ့သော တစ်နှစ်ခန့်က)



www.burmeseclassic.com

www.burmeseclassic.com



သူတို့ဆီမှာ ချစ်စရာကောင်းသော တက္ကသိုလ်အလွဲအမှားလေးတွေနှင့် စတင်သိတွေ့ရင်း ခင်မင်ခဲ့ကြသော သူငယ်ချင်း ခြောက်ယောက်ပိုင်ဆိုင်ခဲ့ဖူးသည်။

ဒီကျောင်းတော်ကြီးမှာပဲ သူတို့တွေ ပြဿနာ တက်ခဲ့ကြဖူး၏။ ပျော်ရွှင်ခဲ့ကြဖူးသည်။

အခုတော့ ငါးယောက်တည်း။

နှင်းမှုန်တွေ မနှစ်ကလိုပဲ ကျနေဆဲ။

နောင်နှစ်ပေါင်းများစွာလည်း ကျနေဦးမည်ဖြစ်သည်။

ကျောင်းသား၊ ကျောင်းသူတွေ ဇာတ်လမ်းပေါင်းများစွာနဲ့ ဤနယ်မြေကြီးမှာ ရှိနေဆဲ။ နောင်နှစ်ပေါင်းများစွာလည်း ရှိနေဦးမည်ဖြစ်သည်။

ဆရာ၊ ဆရာမတွေလည်း ဤကျောင်းတော်ကြီးမှာ စာသင်ပြနေဆဲ။ နောင်နှစ်ပေါင်းများစွာလည်း ရှိနေဦးမည်ဖြစ်သည်။

ဗိုးချဲထိုင်ခုံပေါ် ထိုင်နေသူ၏ နှလုံးသားထဲမှာလည်း တိတ်တိတ်ကလေး ဝင်ရောက်လာ၍ တိတ်တိတ်ကလေး ပြန်ထွက်သွားကာ ဘယ်သောအခါမှ ဖျောက်ဖျက်မရတဲ့ အရာလေးတစ်ခုလည်း ရှိနေဆဲပါ။

"လေပြေရယ် . . ."

တိုးတိုးလေး တစ်ချက် ရေရွတ်လိုက်မိသည်ထင်သည်။ မျက်ရည်တစ်ပေါက်က မထင်မှတ်ဘဲ လိမ့်ဆင်းကာလာ၏။

ထို့နောက် ပါးပြင် တစ်လျှောက် တလိမ့်လိမ့် စီးဆင်းလာ၍





ထိုကောင်လေး ကိုင်ထားသော စာအိတ်ကလေးပေါ် ပြုတ်ကျသည်။

စာအိတ်ကလေးကတော့ ယခင်က အရောင်တစ်မျိုးမျိုး ဖြစ်ခဲ့ပုံရသည်။ အခုတော့ မူလအရောင် မရှိတော့ဘဲ သွေးရောင်၊ သွေးကွက်တွေ ဟိုတစ်စ၊ ဒီတစ်စ။

စီးဆင်းကျလာသော မျက်ရည်တစ်ပွင့်က စာအိတ်ပေါ်မှာ အတိုင်းအတာတစ်ခုအထိ ပျံ့နှံ့ကာသွား၏။ သွေးရောင်တို့ စိုကာတက်လာသည်။

"ပြန်ရအောင် သူငယ်ချင်းရာ၊ တော်ကြာ ကျောင်းတက်တော့မှာဆိုတော့ လူတွေ များလာတော့မှာ"

"မပြန်ချင်ဘူးကွာ၊ ငါ လေပြေ ကျောင်းအလာကို စောင့်ချင်သေးတယ်၊ ပြီးတော့ သူ့အတွက် ရည်ရွယ်ထားတဲ့ ဒီစာလေး ပေးချင်လို့ပါကွာ"

သက်ပြင်းချသံတွေ အသီးသီး ပေါ်ထွက်လာသည်။

ထို့နောက် . . .

"လေပြေ ငါတို့ကို ခွဲသွားပြီဆိုတာ မင်းလည်း သိတာပဲ သူငယ်ချင်းရာ၊ စိတ်ကို ထိန်းပါ"

ကောင်လေးက ဘာမှမပြော။ ဝေနေသော နှင်းတွေကိုသာ ငေးကြည့်နေသည်။

နောက်တော့မှ . . .

"မနှစ်က ဒီအချိန်၊ ဒီလိုနှင်းတွေပဲ ဝေနေခဲ့တာပေါ့ကွာ၊ လေပြေ ဒီကိုလာမှာ ကျိန်းသေပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



အချင်းချင်း တစ်ယောက်နဲ့တစ်ယောက်ကြည့်၍ စိတ်မကောင်းစွာ မျက်ရိပ်ပြလိုက်ကြ၏။ ထို့နောက် ဗိုးချဲလေးကို မ၍ ကားပေါ်တင်လိုက်ကြသည်။

ထို့နောက် သူတို့စီးလာသော ဟိုက်အေ့ကားလေးက ထိုနေရာမှ ဖြည်းဖြည်းချင်း ထွက်သွားပါတော့သည်။

နှင်းတွေက ဝေနေဆဲ။

ဆောင်းရနံ့ကို သယ်ဆောင်လာသည့် လေပြည်လေညင်းတွေကလည်း တဝေ့တဝဲ တိုက်ခတ်နေဆဲ။

ထိုလေပြည်ထဲမှာ လေပြေရနံ့တစ်ခုကတော့ မိုးမြင့်ဆိုတဲ့ ကောင်လေးတစ်ယောက်အတွက် ကမ္ဘာတည်သရွေ့ သင်းပျံ့နေမှာ ဖြစ်ပါတော့သည်။

ကြိုးစားလျက်

**မိုးဆက်လင်းထက်**

BURMESE CLASSIC .com

www.burmeseclassic.com